အပ္ပမာဒစာစဉ်

# ဒိဗ္ဗာနုဂတိကထာ

## အရှင် ဝိဇ္ဇာနန္ဒ

(မဟာဝိဟာရ)

က စုစည်းဖော်ပြသည်

2010.GRAPHIC DESIGN : KYAW MINN MOUNG

အပ္ပမာဒေါ အမတံ ပဒံ

ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်းသည်
သေခြင်းကင်းရာ နိဗ္ဗာန်၏အကြောင်းဖြစ်သည်။

# အပ္ပမာဒ စာစဉ်


အမှတ်(၁၀၉)၊ ရွှေဝါထွန်း(၂)လမ်း။ (၃၃)ရပ်ကွက်
ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်။
ဖုန်း-၅၀၄၇၃၀

# ဒိဋ္ဌာနုဂတိကထာ

ပထမအကြိမ် ၊ အုပ်ရေ (၅၀၀) ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ

စာမူခွင့်ပြုချက်အမှတ် - ၆၀၀၆၀၁၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၆၅၃၁၂၁၀

မျက်နှာဖုံးပန်းချီ - ပန်းချီကျော်မင်းမောင်

ထုတ်ဝေသူ - ဦးမြသန်းစံ (မြ-၀၃၈၈၂)
အပ္ပမာဒစာစဉ်
အမှတ်(၁၈၉)၊ ရွှေဝါထွန်း(၂)လမ်း၊(၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၅၈၄၇၃၈

အဖုံးနှင့်အတွင်းပုံနှိပ် - ရွှေနိုင်ငံပုံနှိပ်တိုက်
ဦးမောင်မောင်လှ၊ (မြ-၀၅၇၄၅)
အမှတ်၊၉၀(စီ)၊ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

ဖြန့်ချိရေး - ဦးမြသန်းစံ (မြ-၀၃၈၈၂)
အပ္ပမာဒစာစဉ်
အမှတ်(၁၈၉)၊ ရွှေဝါထွန်း(၂)လမ်း၊(၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၅၈၄၇၃၈

တန်ဖိုး

အရှင်ဝိဇ္ဇာနန္ဒ(မဟာဝိဟာရ) ၂၉၄.၃
ဒိဋ္ဌာနုဂတိကထာ / အရှင်ဝိဇ္ဇာနန္ဒ(မဟာဝိဟာရ) ။ - ရန်ကုန် ၊
အပ္ပမာဒစာစဉ်၊ ၂၀၁၀ ။
၅၀၄ စာ၊ ၂၄ × ၁၈ စင်တီ။
ဒိဋ္ဌာနုဂတိကထာ

## ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

မြတ်စွာဘုရားကို အားကိုးရာဟူ၍

ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

## ဓမ္မံ သရဏံ ဂစ္ဆာမိ

မြတ်စွာဘုရား၏ တရားတော်ကို အားကိုးရာဟူ၍

ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

## သံဃံ သရဏံ ဂစ္ဆာမိ

မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်အပေါင်းကို

အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည်
အမြတ်ဆုံးဖြစ်၏

# ဒိဋ္ဌာနုဂတိကထာ

အရှင်ဝိဇ္ဇာနန္ဒ (မဟာဝိဟာရ)

စုစည်းဖော်ပြသည်။

# မာတိကာ

ꩩꩩ◯ꩩ

## အပိုင်း (၁)


နိဒါန်း ၁
၁။ ကောင်းတာမှန်ရင် အတုယူ ၄
၂။ ကမ္မဋ္ဌာန်းဆရာ ၅
၃။ ကျေနပ်စွာနေလိုက်ပါ ၆
၄။ ကျောက်သွေးသမား ၇
၅။ ခမ်းခမ်းနားနားစီစဉ်မှုကို မကြိုက်တဲ့ဆရာတော် ၈
၆။ ဗနစ်ဟောင်းဘုန်းကြီးကျောင်းပညာရေး ၉
၇။ ဆရာတော်ဦးဖုမ် ၁၀
၈။ ဆရာတော်ဦးရာဇ၏ ဩဝါဒများ ၁၈
၉။ ဆက်လက်တည်တံ့ပါစေသော် ၂၁
၁၀။ ဆိတ်ငြိမ်မှုကို လိုလားပါမှ ၂၁
၁၁။ ညောင်လွန့်တောရဆရာတော်၏ ပစ္ဆိမဩဝါဒ ၂၂
၁၂။ တောရဆောက်တည်ခြင်း၏ ဂုဏ်ကျေးဇူးများ ၂၃
၁၃။ တောင်းရောင်းသူနှင့် စိန်ရောင်းသူ ၂၇
၁၄။ တစ်ကိုယ်ကောင်းသမားမဟုတ်သော ဘုရား ၂၈
၁၅။ ဒုဋ္ဌဂါမဏိမင်း (သို့) သာသနာ့သူရဲကောင်း ၂၉
၁၆။ နောင်လာနောက်သားတို့အတွက် စံနမူနာ ၃၀
၁၇။ ပဋိသန္ဓေနေခြင်းနှင့်အတူ ၃၃
၁၈။ ပထမရွှေကျင်ဆရာတော်ကြီး ၃၄
၁၉။ ဘဒ္ဒန္တကုမာရမဟာထေရ်၏ ဩဝါဒ ၃၉
၂၀။ ဘုရားစွန့်မလား အသက်စွန့်မလား ၄၃
၂၁။ ဘုန်းကြီးပဲ စားရပြီးတာပဲ ၄၄

၂၂။ ဘုန်းတော်ကြီး ဦးသီလ ၄၅

၂၃။ မဟာနာမ်မင်း၏ စိတ်နေသဘောထား ၅၀

၂၄။ မအူဆရာတော် အရှင်နာရဒမထေရ် ၅၁

၂၅။ မည်သူ့နှင့်မျှ မငြင်းခုံသောဆရာတော် ၅၃

၂၆။ မြောင်းမြဆရာတော်ကြီး၏ နောက်ဆုံးဩဝါဒ ၅၄

၂၇။ မြောင်းမြ/ပခုက္ကူဆရာတော်များ၏ တပည့်အုပ်ချုပ်ပုံ ၅၅

၂၈။ ရာဟုလာရဲ့ ရှင်ပြုပွဲ ၅၆

၂၉။ ရေစကြိုဆရာတော်ဘုရားကြီး ဘဒ္ဒန္တဂန္ဓသာရ ၅၇

၃၀။ ရွေးဆရာတော်များ ဆရာကို သိပ်လေးစားကြတယ်(၁) ၆၀

၃၁။ ရွေးဆရာတော်များ ဆရာကို သိပ်လေးစားကြတယ် (၂) ၆၃

၃၂။ လေ့ကျင့်ယူလျှင် ရစမြဲ ၆၅

၃၃။ လယ်တီဆရာတော် ၆၆

၃၄။ ဝိနည်းအရေး အလေးပေးတဲ့ပုဂ္ဂိုလ်ကျော် ၇၃

၃၅။ သာသနာရေး အသက်ပေး ၇၅

၃၆။ သားသမီးကောင်း လိုချင်ရင် ၇၆

၃၇။ သားသမီးချင်းမတူ ၇၇

၃၈။ သူတော်ကောင်းဘုံ အာရုံဆိတ် ၇၈

၃၉။ သူတော်ကောင်းဖြစ်သော သင်တို့သည် အောင်နိုင်အပ်ပါပေပြီတဲ့ ၇၉

၄၀။ သေစာတွေ ၈၂

၄၁။ သုဒ္ဓသုဒ္ဓပရိဝါရပုဂ္ဂိုလ် ၈၃

၄၂။ အဘယာရာမဆရာတော် ၈၄

၄၃။ အရှင်မဟာကဿပ၏ ဩဝါဒ ၈၇

၄၄။ အရှင်ဥပါလိထေရ်ကဲ့သို့ အမိဋ္ဌာန်ပြုကြစို့ ၈၈

၄၅။ အသေးအဖွဲ့ကို သတိပြု ၈၉

၄၆။ အင်းဝဆရာတော်ဘုရားကြီးများ ၉၀

၄၇။ အင်းဝခေတ်ရေး မှတ်တမ်းလက်ကားများ ၉၅

၄၈။ အုဂ်ဖိုရ်ဆရာတော် ၁၀၀

## အပိုင်း (၂)


၁။ ဒိဋ္ဌာနုဂတိကထာ ၁၀၆

၂။ ဝိနည်းမိုရ်ဖတေဒဂ်ရအရှင်ဥပါလိမထေရ်မြတ် ၁၁၇

၃။ ဝိနည်းဆောင် ရေးသူတော်ကောင်းကြီးများအကြောင်း ၁၄၈

၄။ တို့ပြည် တို့ရွာ တို့သာသနာ ၁၅၈

၅။ သီဟိုဠ်သာသနာနှင့် မြန်မာသာသနာ ၁၆၂

၆။ ရှင်နှစ်ဆူ လူတစ်ယောက် ၁၆၇

၇။ အနာဂတေ လဋ္ဌိ ရက္ခိသဿတိ ၁၇၂

## နိဒါန်း

# ဒိဋ္ဌာနုဂတိကထာ

မြတ်ဗုဒ္ဓ၏ စကားတော်များ စုဝေးတည်ရှိရာ 'ပိဋကတ်'၌ ဒိဋ္ဌာနုဂတိအကြောင်း ဟောတော်မူချက်များ များစွာပါရှိပါသည်။ ဒိဋ္ဌာနုဂတိဆိုသည်မှာ အတုလိုက်ခြင်း၊ အတုလိုက်၍ကျင့်ခြင်း၊ ရှေးလူကို နောက်လူက အတုယူခြင်း၊ စံနမူနာထားခြင်းပင် ဖြစ်ပါသည်။

အရှင်မဟာကဿပသည် နောင်လာနောက်သားတို့ အတုလိုက်၍ ကျင့်ဖွယ်ဒိဋ္ဌာနုဂတိအကျိုးကို အဓိကရည်ရွယ်တော်မူ၍ (စံနမူနာကောင်း ပြသည့်အနေဖြင့်) ယာဝဇီဝံ အသက်ထက်ဆုံး တောရဓုတင် အကျင့်ပဋိပတ်ဖြင့် နေထိုင်သွားခဲ့ပါသည်။ တောမှာပင် ခေါင်းချတော်မူခြင်းဖြင့် ဓုတင်အကျင့်မြတ်အတွက် နောင်လာ နောင်သားတို့အား စံနမူနာပြတော်မူခဲ့ပါသည်။ အရှင်သာရိပုတ္တရာ၏ 'မစားအပ်သော ဤပါယာသ နို့ဃနာဘတ်ကို(အသက်ဟူသော အကြောင်းကြောင့်လည်း)ငါမစား'ဟု စွန့်သွန်ပစ်လိုက်သော အထင်ကရဖြစ်ရပ်သည်လည်း သီလသာသနာအတွက်(နောင်လာနောက်သားတို့အဖို့) စံနမူနာတစ်ခု ထားရစ်ခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

မြတ်ဗုဒ္ဓသည် (၁၂)ဝါမြောက်တွင် ဝေရဉ္ဇာမြို့၌ ဝါကပ်တော်

မှုစဉ်ကာလ၊ ဘုရားနှင့်သံဃာတို့ ဆွမ်းကိစ္စအတွက် အခက်ကြုံခဲ့ရပါသည်။ မြင်းစာဂျုံကြမ်းများကို ထောင်းထု၍ ရေနှင့်နှူးကာ ဘုဉ်းပေးတော်မူလျက် ကျေနပ်ရောင့်ရဲတော်မူကြသော ရဟန်းငါးရာတို့အား မြတ်ဗုဒ္ဓကိုယ်တော်တိုင် နှုတ်မြွက်၍ ချီးကျူးတော်မူရဖူးပါသည်။

ချီးကျူးတော်မူပုံမှာ –

"အာနန္ဒ – အာနန္ဒာ၊တုမှေဟိ သပ္ပုရိသေဟိ – သူတော်ကောင်း ဖြစ်ကြကုန်သော သင်တို့သည်–ဝိဇိတံ–အောင်အပ်ပါပေပြီ။"

(အစာရှားတဲ့ ဘေးကို၊ လောဘကို၊ အလိုဆိုးကို အောင်အပ်ပေပြီဟု ဆိုလိုပါသည်။)

အထက်ဖော်ပြပါ ဝေရဉ္ဇာမြို့မှ ရဟန်းတို့၏ မြင်ကွင်းသည်လည်း နှောင်းခေတ်ရဟန်းတော်တို့အတွက် စံနမူနာကောင်း တစ်ခုပင်။ ပိဋကတ်တော်လာ အခြားသော မထေရ်မြတ်ကြီးများစွာတို့သည်လည်းကောင်း၊သာသနာ၀င်တစ်လျှောက် သာသနာစောင့် သာသနာပြုမထေရ်ကြီး ထောင်ပေါင်းများစွာတို့သည်လည်းကောင်း၊ စံပြသာသနာပြုမင်းတရားများ၊စံပြသာသနာပြု ဒါယကာ၊ ဒါယိကာမများတို့သည်လည်းကောင်း၊ နှောင်းခေတ်သားတို့အတွက် စံပြုဖွယ်များစွာ ချန်ထားရစ်ခဲ့ကြောင်း သာဓကများစွာ ရှိခဲ့ပါသည်။ မှတ်တမ်းပေါင်းများစွာ ရှိခဲ့ပါသည်။ ထိုသာဓက၊ ထိုမှတ်တမ်းတို့၏ ကျေးဇူးကြောင့်ပင် ယနေ့တိုင်အောင် ဤလောက၀ယ် သူတော်ကောင်းတရား ရှင်သန်နေရခြင်း ဖြစ်ပါသည်။ သူတော်ကောင်းတရားကို သူတော်ကောင်းမျိုးဆက်အဆက်ဆက်၊ ဆရာတပည့်အဆက်ဆက် (မိဘ၊သားသမီး အဆက်ဆက်)တို့ ပခုံးပြောင်း စောင့်ရှောက်ခဲ့၊ စောင့်ရှောက်ဆဲ၊ နောင်လည်း စောင့်ရှောက်တော်မူကြရပါလိမ့်မည်။

( ဤသို့ဆိုခြင်းဖြင့် လောကသာသနာ နှစ်ဖြာစလုံး၌ ဒိဋ္ဌာ

နုဂတိ အရေးကြီးပုံ၊ပြဋ္ဌာန်းပုံကို အထူးရှင်းဖွယ်ပင် မလိုတော့ချေ။)

ယနေ့အချိန်သည် သာသနာတော်နောက်ပိုင်း ခေတ်ကာလ ဖြစ်သည့်အားလျော်စွာ ယနေ့ခေတ် သာသနာစောင့်ရှောက်ရေးတွင် (ဝါ)အမျိုးဘာသာ သာသနာရေးတွင် ဒိဋ္ဌာနုဂတိ၏ အခန်းကဏ္ဍသည် ပို၍ပို၍ အရေးကြီးလာနေပြီဟု ယူဆပါသည်။ အကယ်၍ ဤဓမ္မ ဝိနယနိုင်ငံတော်ကြီးတွင် (သာသနာ့ဘောင်၊ လူ့ဘောင်နှစ်ရပ်လုံး၌) စံပြုလောက်သော ဝိနယဂရုက၊ သာသနမာမက လဇ္ဇီသူတော် ကောင်းကြီးများ၊ လူသူတော်ကောင်းကြီးများ တရွေ့ရွေ့ တရွေ့ရွေ့၊ တဖြည်းဖြည်း တဖြည်းဖြည်း. . နည်းပါး နည်းပါးလာနေပြီဆိုပါ လျှင် သူတော်ကောင်းတရားတည်းဟူသော သာသနာတော် အရှည်ခိုင် တည်တံ့ရေးအတွက် စိုးရိမ်ဖွယ်အခြေသို့ ဆိုက်ရောက်ရပါလိမ့်မည်။ သတိရှိတော်မူကြပါကုန်။

ဤစာစုသည် မိမိလက်လှမ်းတမီ ဖတ်မှတ်ဖူးသရွေ့ကို 'ဒိဋ္ဌာ နုဂတိ' အမည်ဖြင့် စုစည်းစီစဉ်ထားခြင်း ဖြစ်ပါသည်။ ဤစာစုသည် စာဖတ်သူတို့အတွက် သာသနာတော်ကို နှစ်နှစ်ကာကာ ကြည်ညို တတ်ရန်နှင့် သာသနာပြုတတ်ရန်၊ ပြုနိုင်ရန် အတိုင်းအတာတစ်ခု အထိ အထောက်အပံ့ဖြစ်တန်ရာ၏ဟု မျှော်လင့်ပါသည်။

**ဤလောက၌ သူတော်ကောင်းတရား သန့်ရှင်းစွာ တည်ထွန်းပါစေသတည်း။**

**အရှင်ဝိဇ္ဇာနန္ဒ (မဟာဝိဟာရ)**

**၁၃၆၃ ၊ နတ်တော်လဆုတ် (၁၁) ရက်၊**

**၂၀၀၂ ၊ ဇန်နဝါရီလ (၁၀) ရက်။**

# ၁။ ထောင်းတာမှန်ရင် အတုယူ

ကောင်းတဲ့အမူအရာ၊ စိတ်နေစိတ်ထားနဲ့ အကျင့်အကြံတွေ သာ ဖြစ်မယ်ဆိုရင် ဘယ်ဂိုဏ်းကရရ ယူရမှာပဲ။ ကောင်းတာမှန်သမျှ ယူရမယ်၊ စိတ်ကောင်း နှလုံးကောင်းထားရမယ်။

သုဓမ္မာနဲ့ ဒွါရဆရာတော်ကြီးတွေရဲ့ စိတ်နေစိတ်ထား မြင့်မြတ်ပုံတွေ၊အဂတိမလိုက်စားပုံတွေ၊ သီလ၊သမာဓိ ရင့်ကျက်ပုံ တွေ၊ မေတ္တာ၊ ကရုဏာပြည့်ဝပုံတွေဟာ အတုယူဖို့ အထူးကောင်းတဲ့ အချက်တွေပဲ။

*အရှင်ဇနကာဘိဝံသ၏ ဘဝလမ်းညွှန် လက်ဆောင်မွန် - စာ-၉၇၊*
*အရှင်အာစာရလင်္ကာရ (စစ်ကိုင်းရွှေဟသ်ာ)။*

## ၂။ ကမ္မဋ္ဌာန်းဆရာ

ကမ္မဋ္ဌာန်းဆရာဆိုတာ ဝိနည်းလည်း လေးစားရမယ်၊ ဗုဒ္ဓစာပေကိုလည်း တတ်ထားပြီး မှန်မှန်လေ့လာရတယ်၊ ကိုယ်တိုင်လည်း နေ့တိုင်းမှန်မှန် တရားထိုင်ရတယ်။

*ရွှေတောင်ကုန်းဆရာတော်၊*
*ရွှေတောင်ကုန်းဆရာတော်၏ အဆိုအမိန့်များမှ။*

## ၃။ ဧကျနပ်စွာ နေလိုက်ပါ

သာသနာတော်မှာတော့ 'ရှင်ပြုတယ်ဆိုတာဟာ သာသနာ အတွင်း ပဋိသန္ဓေ စတင်ယူလိုက်တာ'ပါပဲ။ ဒါကြောင့် သာမဏေ ကလေးတွေဖြစ်အောင် ပြုပေးတဲ့ ဥပဇ္ဈာယ်ဆရာတွေဟာ အဖေ၊ အမေနဲ့တူတယ်၊ လက်ဦးဆရာတွေပါပဲ။

ဥပဇ္ဈာယ်ဆရာတွေရဲ့ သင်ပြမှုနောက်ပိုင်း စာချဆရာတွေရဲ့ သင်ပြမှုနဲ့ ကြီးပြင်းခွင့်ရမှ ဘဝတစ်လျှောက်မှာ ကံကောင်းနိုင်ကြ မယ်။ ကိုယ့်ဘက်က ကျေကျေနပ်နပ် လိုက်နာဖို့ပဲလိုတယ်။

*အရှင်ဇနကာဘိဝံသ၏ ဘဝလမ်းညွှန်လက်ဆောင်မွန် စာ-၂၇၊*
*အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း၊ ရွှေဟင်္သာ)။*

## ၄။ ကျောက်သွေးသမား

နည်းလမ်းညွှန်ပြတဲ့ ဆရာသမားဟာ အင်မတန် အရေးကြီးတယ်။ မကောင်းတဲ့ ဆရာမျိုးကို ရှောင်ခွာပြီး ကောင်းတဲ့ဆရာမျိုးကို ဆည်းကပ်ဖို့ လိုပါတယ်။ ဒီတော့ မိမိကိုယ်၌က ဒီဆရာဟာ ကောင်းတဲ့ ဆရာလား၊ ညံ့တဲ့ ဆရာလားဆိုတာ ခွဲခြားတတ်ရမယ်။ ဆရာက ညံ့နေရင် တပည့်ပါ ညံ့လာတတ်တယ်။ ကျောက်ကလေးဟာ နဂိုက အရောင်အသွေးကောင်းပေမယ့် သွေးတဲ့လူ မဟာန်ရတာနဲ့ တန်ဖိုးရှိတဲ့ ကျောက်ကောင်း ဖြစ်မလာသလိုပဲပေါ့။

*ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော် (၁၂၅၀ - ၁၃၃၇)၊*
*မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ - စာ-၃၁၂။*

## ၅။ ခမ်းခမ်းနားနားစီစဉ်မှုကို မကြိုက်တဲ့ ဆရာတော်

ယခုခေတ်မှာ ဒါယကာ ဒါယိကာမ အသိုက်အဝန်းပြုပြီး လှူပြိန်းတွေ အထင်ကြီးအောင် ဟန်ဆောင်နေတဲ့ပုဂ္ဂိုလ်တွေ အတော်များနေပြီ။ သူတို့ ရောက်တဲ့နေရာတိုင်းမှာ အကြိုအဆိုတွေ မများများအောင် ကိုယ်တိုင်ရော၊ အတွင်းလူများကရော အလွန်ကြိုးစားနေကြပါတယ်။ အဲဒီအသိုက်အဝန်း ကြီးကျယ်မှုကြောင့် ပညာနည်းတဲ့ လူတစ်စုကလည်း ရောယောင်လိုက်ပါကုန်ကြရော၊ ဘုန်းကြီးကိုယ်တိုင် အဲဒီပုဂ္ဂိုလ်မျိုးဖြစ်သွားရင် နောင်လာနောက်သားတချို့က ဘုန်းကြီးရဲ့လုပ်ဟန်ကို အတုလိုက်ပြီး ဒီလိုပဲ အသိုက်အဝန်းများအောင် လုပ်ရစ်ကြပါလိမ့်မယ်။ အဲဒီနောင်လာနောက်သားတို့ အတုလိုက်မှာစိုးလို့ ယခုလို ခမ်းခမ်းနားနားစီစဉ်မှုကို ဘုန်းကြီး မလိုက်လျောရပါစေနဲ့။

*တောင်မြို့ မဟာဂန္ဓာရုံဆရာတော်၊ တစ်ဘဝသာသနာ စာ-၄၁၂။*

## ၆။ စနစ်တောင်းဘုန်းကြီးကျောင်းပညာရေး

ဘုန်းကြီးကျောင်းများတွင် မည်သည့်စာပေကို သင်သင် တပည့်များအား ရှေးဦးစွာ ကိုယ်ကျင့်တရားကောင်းစေရန် အဓိက ထား၏။ နောက် နာမ်နှင့်ရုပ် ကွဲစေရန် သင်ကြားပေး၏။ နောက် အကြောင်းနှင့်အကျိုးကို သိမ်းဆည်းနိုင်ရန် သင်ကြားပေး၏။ အရှင် နာဂသိန်နှင့် အရှင်ဗုဒ္ဓဃောသလောင်းလျာတို့အား သူတို့ဆရာများက သင်ကြားပေးခဲ့သောစနစ်သည် ယနေ့တိုင်အောင်ပင် မြန်မာနိုင်ငံ၌ ဘုန်းကြီးကျောင်း စာပေသင်ကြားနည်းစနစ်အဖြစ် ဆက်လက်တည်ရှိ ဆဲဖြစ်၏။ ပါဠိဝေါဟာရအားဖြင့် မကောင်းမှုကို မလုပ်မိအောင် ရှောင်နိုင်ခြင်းသည် 'သီလဝိသုဒ္ဓိ'ဖြစ်၏။ 'သဗ္ဗပါပဿ အကာရဏံ' ဟူ၍ဆို၏။ ကောင်းမှုကို လုပ်ဖြစ်အောင်လုပ်ခြင်းသည် 'စိတ္တ ဝိသုဒ္ဓိ'ဖြစ်၏။ 'ကုသလဿ ဥပသမ္ပဒါ' ဟူ၍ ဆို၏။ မိမိ၏စိတ်ကို ဖြူစင်အောင်ထိန်းသိမ်းခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏။ 'သစိတ္တ ပရိယော ဒပနံ'ဟူ၍ဆို၏။ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်သောအခါ နာမ်နှင့် ရုပ်ကိုပိုင်းခြား၍ သိ၏။ ထိုအသိကို 'နာမရူပပရိစ္ဆေဒဉာဏ်'ဟူ၍ ဆို၏။ ထိုအဆင့်တွင် ဒိဋ္ဌိသည် အကြမ်းဖျင်းကွာလေပြီ။ နောက်အကြောင်းနှင့်အကျိုးကို သိမ်းဆည်းနိုင်သောအသိကိုရ၏။ ထိုအသိကို 'ပစ္စယပရိဂ္ဂဟဉာဏ်' ဟူ၍ဆို၏။ ထိုအဆင့်တွင် ဝိစိကိစ္ဆာသည် အကြမ်းဖျင်းကွာလေပြီ။ ဘုန်းတော်ကြီးကျောင်း စာပေသင်ကြားနည်းစနစ်သည် တပည့်များ အား သိက္ခာသုံးပါး လမ်းမကြီးပေါ်၌ တင်ပေးလိုက်၏။

*ဆရာကြီးဦးရွှေအောင်၏ သိဒ္ဓကျော်မှဒီနိဿယနိဂုံးမှ။*

## ၇။ ဆရာတော်ဦးဗုဓ် (၁၀၄၉ – ၁၂၀၄)

ဆရာတော်ကြီးသည် မြန်မာသာသနာဝင်၌ အလွန်ကျေးဇူးပြုခဲ့သော ပုဂ္ဂိုလ်ကျော်ပင်ဖြစ်ပါသည်။ ဘဝတစ်ခုလုံးကို ပုံအော၍ ဓမ္မဝိနယသာသနာတော်ကို ချီးမြှောက်ခဲ့ပါသည်။ ထို့ကြောင့် 'ကုန်းဘောင်သာသနာ၏ ပိဋကတ်တိုက်ကြီး' ဟူ၍လည်းကောင်း၊ အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသနှင့် တန်းတူပြု၍ 'ဗုဓ် အဆုံး' ဟူ၍လည်းကောင်း ဆရာစဉ်ဆက် ချီးကျူးတော်မူခဲ့ကြရပါသည်။

### (က)ဆရာတော်၏ စိတ်နေသဘောထား

**၇း၁ မင်းဆရာလုပ်ရတာ စာကြည့်ပျက်တယ် ။ ။** ၁၁၉၁–ခုနှစ်တွင် ဆရာတော်အား (ဆရာတော်၏ဇာတိ ညောင်ကန်ရွာမှ) အင်းဝနေပြည်တော်၊ မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်သို့ပင့်ရန် စီစဉ်ကြသည်။ ဖလ်နန်းရှင် မင်းတရားကြီးနှင့် နန်းမတော် မယ်နုတို့က ဆရာတော်ကို အထူးကြည်ညိုသဒ္ဓါပွားလျက် ရှိနေကြသည်။ သို့ရာတွင် ဆရာတော်က နေပြည်တော်သို့တက်၍ ရာဇဂုရုလုပ်ရမည်ကို ဝန်လေးနေသည်။ ''မင်းဆရာလုပ်ရတာ စာကြည့်ပျက်တယ်၊ ကိစ္စများတယ်၊ မနေလိုဘူး'' ဟုဆိုကာ လက်မခံဘဲ နေလေသည်။ သီတင်းသုံးဖော် ဆရာတော်များက ကြောင်းကျိုးပြောပြ နားချတော့မှ လက်ခံလေသည်။

**၇း၂ အလကားအချိန်ဖြုန်းနေကြတယ် ။ ။**

သီတင်းဝါလကျွတ်၍ စာဝါနားချိန် အင်းဝမှ စာသင်သား

တစ်စု လူငယ်ဘာဝ ဗဟုသုတရှာ လေ့လာရေးသဘောဖြင့် ဆရာတော့်အုတ်ကျောင်းသို့ ရောက်သွားကြသည်။ ဦးချပြီး အနားမှာ ငြိမ်ငြိမ်လေးထိုင်နေကြသည်။ အတန်ကြာတော့မှ ဆရာတော်ဦးဗုဓ်က စာကြည့်နေရင်းမှ မျက်လုံးလှန်၍ကြည့်ကာ ''ဘာကိစ္စကြွလာကြသလဲ''၊ ''တပည့်တော်များ မရောက်ဖူးလို့ လာလည်ကြပါသည် ဘုရား''၊ ''ကိုယ်တော်တို့ မရောက်ဘူးရင် မြင်းမိုရ်တောင်ထိပ်ထိအောင် သွားကြပါလား၊ အလကားအချိန်ကုန်အောင် ဖြုန်းနေကြတယ်'' ဟု မာန်မဲလိုက်လေသည်တဲ့။

**ရး၃ ကိုယ်စွမ်းလို့ကိုယ်ဖြစ်တာ** ။ ၊ ။ အခါတစ်ပါး၌ သာသနာပိုင် ဆရာတော်ဦးဥေယျသည် ဆရာတော်ဦးဗုဓ်ထံသို့ ကြွလာ၏။ ဆရာတော် ဦးဗုဓ်က စာချနေသည်။ သာသနာပိုင်ကြွလာသည်ကို ဦးပဥ္စင်းတွေက မြင်၍ သင်ဖြူးဖျာခင်းကြသည်။ ဆရာတော်ဦးဗုဓ်က ''ဘာလုပ်ကြတာတုန်း''ဟု မေး၏။ ''သာသနာပိုင် ဆရာတော်ကြွလာလို့ နေရာခင်းကြတာပါဘုရား'' ဟုလျှောက်၏။ ထိုအချိန်၌ သာသနာပိုင်ဆရာတော်လည်း ကျောင်းလှေခါးရင်းသို့ ရောက်နေလေပြီ။ ဆရာတော်ဦးဗုဓ်က ''သာသနာပိုင်က ကိုယ့်နေရာကိုယ်နေတာမဟုတ်ဘူး''ဟု ရေရွတ်၏။ ထိုအသံကို ကြားသောကြောင့် သာသနာပိုင်ဆရာတော်သည် လှေခါးရင်းကပဲ ပြန်ကြွလေ၏။

အကင်းပါးလှသော သာသနာပိုင်ဆရာတော်သည် ကျောင်းသို့ ပြန်ရောက်သည်နှင့် ဆရာတော်ဦးဗုဓ်ထံသို့ 'လျှောက်ထားရန်ရှိပါသဖြင့် ကျောင်းသို့ကြွလာစေလိုပါကြောင်း' စာရေး၍ လူလွှတ်လိုက်၏။ ဆရာတော်ဦးဗုဓ်လည်း စာရသည်နှင့် သာသနာပိုင်ကျောင်းသို့ ကြွလေ၏။

**ဆရာတော်ဖုဓ်** ။ ။ ကိုဥဿယျ၊ ကျုပ်ကို ဘာကိစ္စခေါ်တုံးဗျ။
**သာသနာပိုင်** ။ ။ တပည့်တော်မှာ လူငယ်ဖြစ်လျက် သာသနာပြုလုပ်ငန်းကို ထမ်းဆောင်နေရသောကြောင့် ချွတ်ချော်တိမ်းပါး အမှားများတွေ့လျှင် ဆိုဆုံးမစေချင်လို့ ပင့်တာပါ။

**ဆရာတော်ဖုဓ်** ။ ။ ကိုယ်စွမ်းလို့ကိုယ်ဖြစ်တာ ပြောစရာမလိုပါဘူးဟု ဆိုပြီး သာသနာပိုင်ကျောင်းမှ ပြန်ကြွလာခဲ့၏။

ရး၄ **ရှင်သူငယ်နှင့်ဆရာတော်ဦးဖုဓ်** ။ ။ တစ်နေ့သ၌ ဂူကြီးတိုက်မှ သာမဏေငယ်တစ်ပါး ဆရာတော်ဦးဖုဓ်ထံ ရောက်လာ၏။ သာမဏေငယ်သည် ဝတ်ချပြီး လက်အုပ်ချီလျက် စောင့်နေ၏။ ဆရာတော်ဦးဖုဓ်ကတော့ မိမိထုံးစံအတိုင်း ပေနှင့်မျက်နှာ မခွာစတမ်း။

**သာမဏေငယ်** ။ ။ (ရဲဝံ့တည်ကြည်စွာဖြင့်) ''ဆရာတော်ဦးဖုဓ်၊ ဆရာတော်ဦးဖုဓ်ဟာ ကျမ်းဂန်တတ်အရာ တစ်ဖက်ကမ်းခတ်တယ် ဆိုတာ ကျော်လွန်းလို့ ခြေတော်ရင်းလာခဲ့ပါတယ်။ အာဂန္တုကဝတ် မကျေသည်ကိုမြင်မှ အနေခက်လိုက်လေဘုရား'' (ဟုလျှောက်၏)။
**ဆရာတော်ဖုဓ်** ။ ။ဟေ ....ဟုတ်ပေသားပဲ၊ ကိုင်းကိုင်း... သည်ဖျာပေါ်ကြွဗျား။ ဘာကိစ္စရှိပါသလဲ။

**သာမဏေငယ်** ။ ။ စာပြန်လို၍ လာပါသည်ဘုရား။
**ဆရာတော်ဖုဓ်** ။ ။ ဘယ်စာကို ပြန်လိုပါသလဲ။

**သာမဏေငယ်** ။ ။ ဆရာတော်ဘုရား ရေးသားစီရင်တဲ့ ဓမ္မစကြာ ပါဠိအနက်ကို ပြန်ဆိုလိုပါသည်ဘုရား။

**ဆရာတော်ဗုဓ်** ။ ။ သည့်နီသီဒိုင်ပေါ်ကြွပြီး ပြန်ဆိုတော်မူပါ၊ ကြားနာပါရစေ။ (တောင်းပန်စကားပြောပြီး ကျုံ့ကျုံ့ထိုင်လျှက် ရှိသေစွာနာယူလေ၏။)

သာမဏေငယ်သည် ရှေးဦးစွာ ဓမ္မစကြာပါဠိတော်ကို ပြန်ဆို ပြီးနောက် ဆရာတော်ရေးသော နိဿယကို ကြည်လင်ပြတ်သား စွာ ပြန်ဆို၏။

**ဆရာတော်ဗုဓ်** ။ ။ ''သာဓု၊ သာဓု ဝမ်းမြောက်ရပေသည်''

(ပြောပြီး သင်္ကန်းတစ်စုံကို မောင်းထောင်ခွက်မှာ ထည့်၍) ဤသင်္ကန်းကို ဝတ်ရုံပါ။ တရားတော်ကို ကြည်ညိုလေးမြတ်သော အားဖြင့် တရားတော်ဆောင်သော ပုဂ္ဂိုလ်ဖြစ်၍ ပူဇော်ချီးမြှောက် ပါသည်။

**၅း၅ အဝီစိနှင့်သာ ဆိုင်သည်တဲ့** ။ ။ မင်းမိဖုရား နှစ်ပါးက ဝမ်းမြောက်ဝမ်းသာစကားတွေ ပြောဆိုလျှောက်ထားပြီး ''တပည့်တော်များကို သနားသောအားဖြင့် ဆုံးမဩဝါဒပေးတော်မူ ပါ'' ဟုလျှောက်ကြသည်။ ထိုအခါ ဆရာတော်ဗုဓ်က ''မင်းနှင့်တူ အောင်ကျင့်က ငါတို့ ဆုံးမဩဝါဒပေးရန် မလို၊ မင်းနှင့်တူအောင် မကျင့်က ငါတို့နှင့်မဆိုင်၊အဝီစိနှင့်သာ ဆိုင်သည်'ဟု မိန့်တော်မူသတဲ့။

**၅း၆ ငါက အာဂန္တုကဝတ်ပြုရဦးမှာလား** ။ ။တစ်နေ့ သ၌ ဆရာတော်ဗုဓ်သည် ကျောင်းဝင်းအတွင်း တံမြက်စည်းလှည်း နေ၏။ ထိုအခါခိုက် မင်းနှင့်မိဖုရားတို့ ဆရာတော်ဗုဓ်ထံ အဖူးအမြော် လာကြ၏။ ရှေ့ပြေးမင်းချင်းက ''မင်းနှင့်မိဖုရား ဆရာတော်ကို အဖူးရောက်လာပါတယ်ဘုရား''ဟု လာ၍လျှောက်ထားသည်။ ဆရာ တော်ဗုဓ်က''နင်တို့ရှင်ဘုရင်လာတာ ငါက အာဂန္တုကဝတ်ပြုရဦး မှာလား'' ဟု မိန့်ကာ တံမြက်လှည်းမြဲ လှည်းနေ၏။ မင်းနှင့်မိဖုရား

တို့လည်း (ဆရာတော်၏ စိတ်နေသဘောထားကို သိကြသည့် အတိုင်း) ခပ်လှမ်းလှမ်းကပဲ ဖူးမြော်ကြည်ညို၍ ပြန်ကြရသည်။

**၇း၇ မိဖုရားသာသနာမှာ နေမှာလားတဲ့** ။ ။ မင်းနှင့် မိဖုရားတို့က မဟာအောင်မြေဘုံစံအုတ်ကျောင်းကြီးမှာ ရောမကထိန် ပွဲကြီး ကျင်းပကြ၏။ ဆရာတော် ဦးပုဗ်သည် (သံဃာ့အလယ်မှာ) သက်နီးရှားပါး၍ နွမ်းရိသောသင်္ကန်းကို ဝတ်ရုံထားသည့် ရဟန်းငယ် တစ်ပါးကို ''ကထိန်အလှူကို ကိုယ်တော်လေး လက်ခံပါ''ဟုမိန့်၍ မိဖုရားကြီးလှူသော ဥတ်မကြီးကို ပေးတော်မူ၏။ ရင်းနှီးသော ဆရာ တော်တို့က ''နန်းမတော်မိဖုရားသည် ကိုယ်တော့်ကို ရည်စူး၍ အဖိုးတန်ပစ္စည်းများနှင့် ခင်းကျင်းထားသည့်အရာမှာ သာမန် ရဟန်း ငယ်လေးကို ကထိန်ခံယူစေလျှင် မိဖုရားကြီးစိတ်ထဲ ကောင်းနိုင်ပါဦး မလား'' ဟု မနှစ်သက်စကား ဆိုကြ၏။ ဆရာတော်ဦးပုဗ်က ဤသို့ ချေပလေ၏။ ''ကိုယ်တော်တို့ဟာ ဘုရားသာသနာမှာ နေမှာလား၊ မိဖုရားသာသနာမှာ နေမှာလား''တဲ့။

**၇း၈ ဆရာတော်၏ ကညစ်ခြေရာ ကျမ်းရွှေစာများ**။။ ဆရာတော့်လက်ရာများအနက် အချို့မှာ ယနေ့တိုင် တောက်ပြောင် ဆဲ၊ နုသစ်ဆဲ၊ သာသနာ့ဝန်ကို ဆရာတော့်ကိုယ်စား ထမ်းဆောင်ဆဲ ပင် ဖြစ်ပါသည်။ ဆရာတော်ရေးခဲ့သော ကျမ်းစာများမှာ–

(၁) သမ္ဗန္ဓစိန္တာနိဿယနံကျယ်၊
(၂) နယမုခဒီပနီပါဠိနိဿယ၊
(၃) သံဝဏ္ဏနာ ဒီပနီပါဠိနိဿယ၊
(၄) ပိဋကဘေဒထောမနာပါဠိနိဿယ၊
(၅) နိရုတ္တိဘေဒသင်္ဂဟပါဠိနိဿယ၊
(၆) ပရိတ်တော်ကြီးနိဿယသစ်၊
(၇) လက္ခဏာဘေဒနီပါဠိနိဿယသစ်၊

(၈) ရူပဘေဒပကာသနီပါဠ်နိဿယ၊
(၉) ပဒစေတီယဝဏ္ဏနာပါဠ်နိဿယ၊
(၁၀) ပစ္စယတ္ထပကာသနီပါဠ်နိဿယ၊
(၁၁) ပစ္စယဃဋနပကာသနီပါဠ်နိဿယ၊
(၁၂) ဝိထိစိတ္တပကာသနီပါဠ်နိဿယ၊
(၁၃) ရူပသိဒ္ဓိနိဿယ၊
(၁၄) အနမတဂ္ဂသံယုတ်ပါဠိတော်နိဿယ၊
(၁၅) ရူပသိဒ္ဓိဋီကာနိဿယ၊
(၁၆) ဂိဟိဝိနယသင်္ဂဟာနီတိပါဠ်နိဿယလင်္ကာ၊
(၁၇) ဆန်းနိဿယသစ်၊
(၁၈) နေတ္တိဟာရဒီပနီကျမ်း၊
(၁၉) ဓမ္မစကြာပါဠိတော်နိဿယ၊
(၂၀) သဒ္ဒနီတိပဒမာလာနိဿယ၊
(၂၁) ကာယဝိစ္ဆန္ဒနိယသုတ် ပါဠိတော်နိဿယ၊
(၂၂) သတိပဋ္ဌာန်သုတ် ပါဠိတော်နိဿယ၊
(၂၃) သဒ္ဒနီတိ ဓာတုမာလာနိဿယသစ်၊
(၂၄) လောကနီတိနိဿယ၊
(၂၅) မဟာရဟနီတိနိဿယ၊
(၂၆) ဘိက္ခုပါတိမောက်နိဿယသစ်၊
(၂၇) ဘိက္ခုနီပါတိမောက်နိဿယသစ်၊
(၂၈) မဟာဇေယဂါထာ (၅၆)နိဿယ၊
(၂၉) ဥပ္ပါတသန္တိနိဿယသစ်၊
(၃၀) မဟာသမယသုတ် ပါဠိတော်နိဿယ၊
(၃၁) ခုဒ္ဒသိက္ခာနိဿယသစ်၊
(၃၂) သဒ္ဒနီတိသုတ္တမာလာ နိဿယသစ်၊

(၃၃) ထေရာပဒါန် ပါဠိတော်နိဿယ၊
(၃၄) ထေရီအပဒါန် ပါဠိတော်နိဿယ၊
(၃၅) သစ္စသံခိပ်အဋ္ဌကထာနိဿယသစ်၊
(၃၆) ကဗျာသင်္ဂဟကျမ်း၊
(၃၇) ကဗျာသာရတ္ထသင်္ဂဟသတ်ပုံ၊
(၃၈) အနတ္တလက္ခဏသုတ်ပါဠိတော်နိဿယ၊
(၃၉) အာဒိတ္တပရိယာယသုတ်ပါဠိတော်နိဿယ၊
(၄၀) ဖြဟ္မဇာလသုတဝဏ္ဏနာ ဂါထာပါဌ်နိဿယ၊
(၄၁) သီဟိုဠ်ရာဇဝင်ချုပ်ပါဌ်နိဿယသံပေါက်၊
(၄၂) ရှင်မထိသိမ်မော်ကွန်း၊
(၄၃) ပစ္စယာကာရဒီပနီကျမ်း၊
(၄၄) စူဠာမဏိပူဇာဂါထာနိဿယ၊
(၄၅) ဝါဆိုစဉ်ဂါထာပါဌ်နိဿယ၊
(၄၆) အပြင်အောင်ခြင်းရှစ်ပါးနိဿယ၊
(၄၇) သတ္တဋ္ဌာနဂါထာပါဌ်နိဿယ၊
(၄၈) ဓာတ်တော်ရှိခိုးဂါထာ၊
(၄၉) စေတီတော်ရှိခိုးဂါထာ၊
(၅၀) ပကိဏ္ဏကဝိသဇ္ဇနီကျမ်း၊
(၅၁) ဒါနဖလပုပ္ဖတ္တိကျမ်း၊
(၅၂) ပါရာဇိကဏ် ပါဠိတော်နိဿယ၊
(၅၃) ဓမ္မပဒ ပါဠိတော်နိဿယ၊
(၅၄) သမ္မောဟဝိနောဒနီအဋ္ဌကထာနိဿယ တို့ ဖြစ်ကြပါသည်။

ယင်းကျမ်းများအနက် ခုဒ္ဒသိက္ခာအဋ္ဌကထာနိဿယသည် ဆရာတော်ဦးပုဓ်၏ အပြောင်မြောက်ဆုံးလက်ရာ ဖြစ်ဖွယ်ရှိ၏။

မှာထားချက်၊ သုံးသပ်ချက်တို့ဖြင့် ပြည့်စုံကောင်းမွန်လှသောကြောင့် ပညာရှိတို့ နှစ်လိုကြ၏။ "ဆရာတော် ဦးဖုဝ်၏ ခုဒ္ဒသိက္ခာ အဋ္ဌကထာ နိဿယကား ဘာသာဋီကာသဖွယ်တည်း"ဟု မိန့်ဆိုကြ၏။

ဤကျမ်းကို စီရင်ဆဲကာလ . . .။ အနှစ်နှစ် အလလက စွဲကပ်လာသော ဒူလာသွေးဝမ်းရောဂါသည် ဆရာတော်အား အပြင်းအထန် ထိုးစစ်ဆင်တော့သည်။ ကျောင်းနှင့်ကုဋီ၊ ကုဋီနှင့် ကျောင်း ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်နေရလေ၏။ 'ဝိနည်း သာသနာတော်ကို ပူဇော်သောအားဖြင့် ရေးအပ်သော ဤကျမ်းစာကို မပြီးဘဲ ငါမသေစေရ'ဟု အဓိဋ္ဌာန်ပြု၏။ တပည့်များအား ကုဋီအတွင်း ပျဉ်နံရံတွင် မီးသွေးကိုချေစေပြီး သစ်သားသင်ပုန်းတွင်ရေးသကဲ့သို့ ပင်ပန်းနုံးချိလှစွာ (ကံ့ကူဖြင့်) ပျဉ်ထက်အက္ခရာတင်လေ၏။ တပည့်များလည်း ဆရာတော် ကုဋီမှထွက်သည်နှင့် တစ်ပြိုင်နက် ထိုစာများကို အမြန်ကူးရေးပြီး ချေဖျက်ထားရ၏။ ဤနည်းဖြင့် ကုဋီထက်တွင်ပင် ဤကျမ်းစာ ပြီးဆုံးစေလေ၏။

ဆရာတော်ဦးဖုဝ်သည် အသက်ကိုမငဲ့၊ ခန္ဓာကိုမညှာ၊ ဤအသက်၊ ဤခန္ဓာဖြင့် သာသနာတော်ကို ပူဇော်ရင်း သက်တော် (၅၅)နှစ်တွင် တစ်ဘဝဇာတ်သိမ်း ငြိမ်းတော်မူလေ၏။

*အပ္ပမာဒမဂ္ဂဇင်း၊ အတွဲ(၁)၊ အမှတ်(၁၀)၊ ကျော်နန္ဒအောင်၏ ပဋ္ဌိမဖုဝ်ဆောင်းပါး၊ ဆရာတော်ဦးဖုဝ်၏ ထေရုပ္ပတ္တိစာတမ်းစသည်။*

## ၈။ ဆရာတော်ဦးရာဇ၏ဩဝါဒများ

၈း၁ **သူတော်ကောင်းတို့နေနည်း** ။ ။ သာသနာ့ဝန်ထမ်းဟု အမည်ခံယူကြသော ဗုဒ္ဓသားတော်တိုင်း အများပရိသတ်နှင့်နေပြီဆိုရင် သန္တသန္နိဝါသ သူတော်ကောင်းတို့၏ ပေါင်းစုနေထိုင်ခြင်းမျိုးဖြင့် နေကြရမှာဖြစ်တယ်။ အရှင်အနုရုဒ္ဓါတို့၊ အရှင်ကိမိလတို့၊ အရှင်နန္ဒိယတို့ကဲ့သို့ တစ်ဦးနှင့်တစ်ဦး ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ ရှေ့ထားပြီး နေကြ၊ ထိုင်ကြ၊ ပြောဆိုကြရမယ်။

၈း၂ **ဂုဏ်ရှိအောင်နေပါ** ။ ။ သာသနာမှာ နေရင်မိမိကိုယ်ကို ဂုဏ်ရှိအောင်နေပါ။ အတ္တနာ ကုရုတေလက္ခိံ၊ အလက္ခိံ ကုရု တေတ္တနာ။ န ဟိ လက္ခိံ အလက္ခိံ စ၊ အညော အညဿ ကာရကော။

ကျက်သရေရှိလာအောင်လည်း ကိုယ်တိုင်ပြုကြရတာပဲ၊ ကျက်သရေမဲ့အောင်လည်း ကိုယ်တိုင် ပြုကြရတာပဲ။ တခြားသူတစ်ယောက်က တခြားသူတစ်ယောက်ကို (ဖြူစေသတည်း) ဟူ၍ ကျက်သရေရှိလာအောင်လည်း မပြုလုပ်နိုင်၊ မည်းစေသတည်းဟု ကျက်သရေမဲ့သွားအောင်လည်း မပြုလုပ်နိုင်၊ ဒါ့ကြောင့် သာသနာမှာ နေရင် ဂုဏ်ရှိအောင်နေပါ။ ဘဝသမိုင်းကို မရိုင်းစေနဲ့။

၈း၃ **အဆန်းထွင်ရင် သာသနာကွယ်ကြောင်း** ။ ။ ဤတက္ကသိုလ် ပြီးစီးသွားရင် သံဃာလက်ခံတဲ့ကိစ္စနဲ့ပတ်သက်ပြီး အထူးမှာကြားလိုတယ်။ တို့ရဲ့မြန်မာနိုင်ငံမှာ သာသနာ့တက္ကသိုလ်

တွေ တော်တော်များများ ပေါ်ပေါက်နေတယ်။ တက္ကသိုလ်တိုင်း ကျောင်းသားရဟန်းတော်များကို အရဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ် လှူဒါန်းနေကြတယ်။ ဦးပဥ္စင်းကတော့ မောင်သုစိတ္တကို မှာထား တယ်။ မင်းရဲ့တက္ကသိုလ် သံဃာလက်ခံတဲ့နေရာမှာလည်း အရုဏ် ဆွမ်း၊ နေ့ဆွမ်းကျွေးပါ့မယ်ဆိုပြီး လက်မခံလေနဲ့။ ဒီလိုလက်ခံလိုက် ရင် ဆွမ်းခံပျင်းတဲ့ ဦးပဥ္စင်းတွေ၊ ကိုရင်တွေပဲ များများရောက်လာကြ လိမ့်မယ်။ ဘုရားရှင်က ပရိက္ခရာရှစ်ပါး သတ်မှတ်ပေးထားတယ်။ သပိတ်ပရိက္ခရာ ခွင့်ပြုထားတာ အလကားခွင့်ပြုထားတာမဟုတ် ဘူး။ သဗ္ဗညုတဉာဏ်တော်ဖြင့် တွက်ဆပြီး ခွင့်ပြုထားချက်ကို အဆန်းမထွင်ချင်နဲ့။ အဆန်းထွင်ရင် သာသနာကွယ်ကြောင်းပဲကွ။ ဒီလိုမှာထားတယ်။

*စမ္မာစရိယတက္ကသိုလ် အုတ်မြစ်စီအခမ်းအနား ဩဝါဒမှ။ ၂၅-၆-၂၀၀၀၊*
*ဆရာတော် ဦးရာဇဓမ္မာဘိဝံသ၊ မန္တလေး မစိုးရိမ်တိုက်သစ်၊*
*ဆရာတော် ဦးသုစိတ္တာဘိဝံသ၏ မှတ်စုမှ ကူးယူဖော်ပြပါသည်။*

## ၉။ ဆတ်လတ်တည်တံ့ပါစေသော်

ကိုယ်တည်းတစ်ယောက် ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရှေးခါဘိုးဘ လက်ထက်ကလျှင်၊ ရသည့်တန်ဖိုး၊ ထပ်မညှိုးဖို့၊ အားကြိုးမာန်တက်၊ ငါဆောင်ရွက်သည်၊ ဆက်လက်တည်တံ့ပါစေသော် ....။

*တောင်မြို့မဟာဂန္ဓာရုံဆရာတော်။*

## ၁၀။ ဆိတ်ငြိမ်မှုကို လိုလားပါမှ

'ထူးဆန်းသတဲ့'ဆိုရင် လူတွေ ဝိုင်းအုံလာတတ်ကြတာ ဓမ္မတာပဲ။ သူတော်ကောင်းတရားဟာ လူတွေအုံ၊ အသံတွေ ဆူညံနေတဲ့အရပ်မှာ ရှိခဲ၊ ဖြစ်ခဲလှတယ်။

ရှေးက 'ရဟန္တာ'လို့ ကျော်ကြားတဲ့ မထေရ်ကြီးတွေဟာ ဆိတ်ငြိမ်မှုကို အလွန်လိုလားတော်မူကြတယ်။ စစ်ကိုင်း မဟာဂန္ဓာရုံ ဆရာတော်ကြီးတို့ဆိုရင် တဖြည်းဖြည်း လူတွေများလို့ ရှုပ်လာတော့ ဂူတောင်အောင်းတော့တာပဲ။

တိတ်ဆိတ်မှုမရှိဘဲ သမာဓိတွေတည်၊ တရားထူးတွေရဖို့ ဆိုတာ မလွယ်လှပါဘူး။

*အရှင်ဇနကာဘိဝံသ၏ ဘဝလမ်းညွှန်လက်ဆောင်မွန်၊ စာ-ဂ-၉၊*
*အရှင်အာစာရလင်္ကာရ(စစ်ကိုင်းရွှေဟင်္သာ)။*

အပွမာဒတာစဉ် ၂၇၉ ၇၉

## ၁၁။ ညောင်လွန့်တောရဆရာတော် အရှင်ဓေဓာဝီဓထေရ် (၁၂၂၉-၁၂၉၅)၏ ဝစ္စိဓဩဝါဒ

ဆရာတော်ကြီးသည် ခန္တာဝန်မချမိ နာရီပိုင်းအလို၌ တိုက်တွင်းရှိ သံဃာအားလုံးကို ပင့်ခေါ်၍ ''ဘုန်းကြီးတို့၊ ဦးပဉ္ဇင်းတို့၊ ပရိယတ် ပဋိပတ်အလုပ်ကို မဆုတ်မနစ်ကြိုးစားကြပါ။ဝိနည်းသိက္ခာပုဒ်တော်နှင့်စပ်လို့ အသေးအဖွဲကလေးကအစ ထိန်းသိမ်းပြီး ဆရာသမားတို့၏ ဒိဋ္ဌာနုဂတိ ရှိကြရမယ်၊ မြတ်စွာဘုရား တားမြစ်တာ၊ လုပ်ခိုင်းတာတွေ အားလုံးဟာ သတ္တဝါတွေ ချမ်းသာဖို့ချည်းပဲ။ သင်္ခါရတရားတွေဟာ ဘာမျှအားကိုးစရာ အနှစ်သာရမရှိဘူး''စသည်ဖြင့် မိန့်မြွက်တော်မူခဲ့လေသည်။

*ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ။ စာ-၄၃၃-၄။*

## ၀၂။ တောရဆောက်တည်ခြင်း၏ ဂုဏ်ကျေးဇူးများ

အရှင်မဟာကဿပမထေရ် အသက်အရွယ်ကြီးရင့်သော အခြေ၌ မြတ်စွာဘုရား ကိုယ်တော်တိုင်ကပင် "ကျောင်းတော်၌ အတူနေလှည့်၊ ဒါယကာတို့ ပင့်ဖိတ်သောဆွမ်းကို စားလှည့်"ဟု ခေါ်တော်မူခဲ့သေးသည်။ ထိုစဉ်က အရှင်မဟာကဿပမထေရ်သည် အသက်အရွယ်ကြီးရင့်သော အခြေတည်နေသော်လည်း "တပည့်တော်သည် လေးမြတ်ရှည်ကြာ တောနေခြင်း၌ ပျော်မွေ့ပါသည်။ နေ့ညဉ့်ရှည်ကြာ တောကျောင်းမှာနေ၍ အရညကင်မှုတင်ဆောင်ခဲ့ပါသည်။ တောရဆောက်တည်ခဲ့ပါသည်။

တောရဆောက်တည်ခြင်း၏ အကျိုးကျေးဇူးကိုလည်း ချီးမွမ်းပြောဆိုလေ့ရှိသူဖြစ်ပါသည်"စသဖြင့် လျှောက်ထား၍ ဘုရားမြတ်စွာ၏ ကျောင်းတော်၌ လာနေလှည့်ဟူသော ဖိတ်ခေါ်ချက်ကို ခွင့်လွှတ်ချက်ဖြင့် ပြေလည်စေခဲ့ပါသည်။

**အကျိုးဂုဏ်နှစ်ပါး။** ။ ထိုဖြစ်ရပ်၌ မြတ်စွာဘုရားက ရှင်မဟာကဿပအား "ကိံ ပန တွံကဿပ အတ္ထဝသံ သမ္ပဿမာနော ဒီဃရတ္တံ အာရညိကော စ အာရညိကတ္တဿ စ ဝဏ္ဏဝါဒီ။ ကဿပ၊ သင်သည် အဘယ်သို့သောအကျိုးကို ကောင်းစွာ တွေ့မြင်သဖြင့် ရှည်ကြာလေးမြင့် တောရဆောက်တည်ပြီး နေရပါသနည်း။ တောရဆောက်တည်ခြင်း၏ ဂုဏ်ကျေးဇူးတို့ကိုလည်း ဆိုလေ့ရှိသနည်း"ဟု မေးတော်မူခဲ့ရာ အရှင်မဟာကဿပသည် "ဒွေ ခွာဟံ

ဘန္တေ အတ္တဝသေ သမ္ပဿ မာနော။ အရှင်ဘုရား၊ တပည့်တော် သည် အကျိုးနှစ်ပါးကို ကောင်းစွာတွေ့မြင်ပါသဖြင့်'' စသည် လျှောက်၍ တောရဆောက်တည်ခြင်း၏ အကျိုးနှစ်ပါးတို့ကို–

(၁) အတ္တနောစ ဒိဋ္ဌဓမ္မသုခဝိဟာရံ–မိမိအဖို့ မျက်မှောက် ဘဝ၌ ချမ်းသာစွာ နေရခြင်း။

(၂) ပစ္ဆိမဥ္စ ဇနတံ အနုကမ္ပယမာနော အပ္ပေဝနာမ ပစ္ဆိမာ ဇနတာ ဒိဋ္ဌာနုဂတိံ (အာပဇ္ဇေယျ– နောင်လာနောက်သားတို့လည်း ဒိဋ္ဌာနုဂတိ ရှေးထုံးစဉ်လာလိုက်၍) ကျင့်ကြံပါစေလိုခြင်းဖြင့် တင်ပြ လျှောက်ထားသွားလေသည်။ ထိုလျှောက်ထားချက်၌ အရှင်မဟာ ကဿပက မိမိ၏ တောရလုပ်ငန်းမှာ မိမိအတွက် ဒိဋ္ဌဓမ္မသုခဝိဟာရ– မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းကို အကျိုးတစ်ကွက်အနေ တင်ပြလေသည်။ အစဉ်မျှော်လင့်ချက်အကျိုးမှာမူ ဘုရားတပည့်သား နောင်လာနောက်သားတို့သည် ထုံးတမ်းမပျက် တောရဆောက်တည် ချက်ကို ဆက်လက်ကျင့်သုံးစေလိုချက်၊ တောရဆောက်တည်သူ အဖြစ်ကို စင်စစ် ချီးပပြောဆိုလေ့ရှိစေလိုချက်ပင် ဖြစ်လေသည်။ မှန်ပေသည်။ ကိုယ်ရေးကိစ္စအကျိုး ပြီးစီးသူ၌ နောင်လာနောက်သား တို့အတွက် အကျိုးထွက်စေလိုခြင်းသာ ပဓာနဖြစ်ပေရာ အရှင်မဟာ ကဿပ မထေရ်မြတ်သည် နောင်လာနောက်သား ဘုရားတပည့် သားများအား ရှေးရှေးဘုရားတပည့်သားများနည်းတူ တောရ ဆောက်တည်စေလိုမှု၊ တောရဆောက်တည်ခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုလေ့ ရှိစေလိုလှသည်မှာ ထင်ရှားသည်။ ထို့ကြောင့် အရှင်မဟာကဿပသည် တောရဆောက်တည်ခြင်း၏ဂုဏ်ကို နှစ်ပုံ ထား၍ ခြားနားလျှောက်ထားသည့်ပြင် ''တေသတ္တာယ ပဋိပဇ္ဇိဿန္တိ တေသံ တံ ဘဝိဿန္တိ ဒီဃရတ္တံ ဟိတာယ သုခါယ– ထိုသည့် နောင် လာနောက်သားတို့သည် ယင်းတောရဆောက်တည်မှုပြုခြင်း၊

ဆောက်တည်ခြင်း၏ ဂုဏ်ကျေးဇူးကို ဆိုလေ့ရှိခြင်းကို ပြုကျင့်ခြင်းကြောင့် လေးမြတ်ရှည်ကြာ အစီးအပွားချမ်းသာဖို့ရာ ဖြစ်ပါလိမ့်မည်ဘုရား'' ဟု လျှောက်ထားခဲ့ပေသည်။ ထိုသို့သော ရှင်မဟာကဿပ၏ လျှောက်ထားချက်ဖြင့်လည်း တောရဆောက်တည်ခြင်း၏ ဂုဏ်ကို အာရုံပြုမိ၊ သတိရှိနိုင်သည်ပင်။

**တောနေရဟန်းကို ငါဘုရားနှစ်လိုပေသည်။** ။မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကိုယ်တိုင်ပင်လည်း အလုပ်အကျွေး ဖြစ်ခဲ့ဖူးသည့် အရှင်နာဂိတအား ''တ္တပေနာဟံ နာဂိတ၊ ဘိက္ခုံပဿာမိ၊ အာရညကံ အရညေ အသမာဟိတံ နိသိန္နံ၊ တဿ မယှံ၊ နာဂိတ ဧဝံ ဟောတိ၊ (ပ)အတ္တမနော ဟောမိ၊ အရညဝိဟာရေန'' စသည်ဖြင့် မိန့်တော်မူခဲ့လေရာ ဆိုလိုရင်းမှာ နာဂိတ၊ ငါဘုရား သာသနာတော်၌ မတည်ကြည်ဘဲ တောရဆောက်တည်နေသော ရဟန်းကို ငါတွေ့ရသည်။ နာဂိတ၊ ငါ့အား 'ယခုအခါ၌ ဤအရှင်သည် မတည်ကြည်သောစိတ်ကို တည်ကြည်စေလိမ့်မည်။ တည်ကြည်ပြီးသောစိတ်ကိုလည်း အစဉ်စောင့်ရှောက်နိုင်ပေလိမ့်မည်'ဟူ၍ အကြံ ဖြစ်မိ၏။ ထို့ကြောင့် တောရနေသော ထိုရဟန်းကို ငါနှစ်လိုပေသည်ဟူ၍ ဖြစ်ပေသည်။ ဤသို့ အရှင်နာဂိတကို မိန့်တော်မူသော ဘုရားရှင် အလိုတော်အရ တောရဆောက်တည်ခြင်း၏ ဂုဏ်ကျေးဇူးကို အာရုံပြုမိ၊ သတိရှိနိုင်ပေသည်။ ဤ၌ ကောက်နုတ်ချက်အကျဉ်း မှတ်ယူက တောရဆောက်တည်ခြင်းသည်-

(၁) မတည်ကြည်သောစိတ်ကို တည်ကြည်စေနိုင်မည်။
(၂) တည်ကြည်ပြီးသောစိတ်ကို အရှည်တည်တံ့အောင် စောင့်ရှောက်နိုင်ပေမည်။
(၃) ကိလေသာမှ မလွတ်မြောက်သေးသောစိတ်ကို လွတ်မြောက်စေနိုင်မည်။

(၄) ကိလေသာမှ လွတ်မြောက်ပြီးသောစိတ်ကိုလည်း အရှည်လွတ်မြောက်အောင် စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း သိသာလှပေသည်။

*(ပြန်တန်ဆာဓမ္မာရုံဆရာတော်) (ညောင်လေးပင်တောရ ဆရာတော်ရေး 'ဘုန်းတော်ကြီးဦးသီလ ထေရ်ရုပ္ပတ္တိကျမ်း' ဥယျာဉ်-မှ)။*

## ၁၃။ တောင်းရောင်းသူနှင့် စိန်ရောင်းသူ

ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်ကြီး မိန့်တာ မှတ်ဖူးတယ်။ "တောင်းတွေ၊ ပလုံးတွေရောင်းတာဟာ အဝေးကြီးက မြင်ရလောက်အောင် ထုထည်ကြီးသလိုတော့ ထင်ရပါရဲ့တဲ့။ ရောင်းရတဲ့ အမြတ်က နည်းနည်းလေး။

စိန်၊ ရွှေ၊ ငွေ ရောင်းဝယ်တာကျတော့ တခြားလူ မသိလောက်အောင်ကို ထုထည်သေးလိုက်တာ။ ဒါပေမဲ့ အကျိုးအမြတ်ကတော့ များလိုက်တာ။

ဒီလိုပဲ သာသနာတော်မှာ 'ပကာသနဒါန'ဟာ တောင်းတွေ၊ ပလုံးတွေ ရောင်းတာနဲ့တူတယ်။ သဒ္ဓါစစ်နဲ့ လုပ်တာတွေကမှ စိန်ရွှေငွေရောင်းတာနဲ့ တူတာတဲ့။ ကဲ. . ဘယ်လို လုပ်ချင်ကြသလဲ။

*အရှင်ဇနကာဘိဝံသ၏ ဘဝလမ်းညွှန်လက်ဆောင် စာ-၆၈၊*
*အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)။*

## ၀၄။ တစ်ကိုယ်ကောင်းသမား မဟုတ်သော ဘုရား

အကြောင်းမပြည့်စုံဘဲ အကျိုးပြည့်စုံနေရင် 'အချောင်သမား' လို့ အပြောခံရတတ်တယ်။ အကြောင်းရော၊ အကျိုးပါပြည့်စုံနေပါလျက် အများအကျိုးမပြုရင် 'တစ်ကိုယ်ကောင်းသမား' လို့ အပြောခံရတတ်တယ်။ အများရဲ့ လေးစားခြင်းလည်း မခံရဘူး။ မြတ်စွာဘုရားဟာ အချောင်သမားလည်း မဟုတ်ဘူး။ တစ်ကိုယ်ကောင်းသမားလည်း မဟုတ်ဘူး။

*(ရွှေတောင်ကုန်းဆရာတော်)။*

## ၁၅။ ဒုဋ္ဌဂါမဏိမင်း (သို့) သာသနာ့သူရဲကောင်း

သာသနာ့အန္တရာယ် ကာကွယ်တဲ့နေရာမှာ သီဟိုဠ်က မဟာစေတီဒါယကာ ဒုဋ္ဌဂါမဏိမင်းဟာ စံထားရမယ့် သာသနာပြုပုဂ္ဂိုလ်ထူးတစ်ဦးပဲ။ ဧဠာရကျေးမင်းတွေ အုပ်စိုးတဲ့ နှစ်ပေါင်းလေးဆယ်ကျော်အတွင်းမှာ သာသနာတော်ဟာ ဖျက်ဆီးခြင်းခံရတယ်။သာသနာတော်နှစ် ၃၇၄ ခုနှစ်လောက်မှာ ဒုဋ္ဌဂါမဏိမင်းဟာ ကျေးကုလားမင်းတွေကို စစ်ဖက်အနိုင်ယူပြီး မင်းပြုတယ်။ သာသနာတော်လည်း အလွန်စည်ကားတိုးတက်လာတယ်လို့ ဆိုပါတယ်ဘုရား။ ဟုတ်တယ်၊ ဒုဋ္ဌဂါမဏိမင်းဟာ သာသနာတော်ကို အလွန်ကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ်၊ သာသနာတော်ကို မကြုံစဖူးအောင် ထောက်ပံ့ချီးမြှင့်တယ်။ သူကိုယ်တိုင်လည်း မြတ်စွာဘုရား အဆုံးအမအတိုင်း ကျင့်ကြံနေထိုင်တယ်။ ဥပုသ်သီတင်း စောင့်တယ်။ တရားဓမ္မ နာယူတယ် ဒကာကြီး။

**၁၅း၁ ဒုဋ္ဌဂါမဏိမင်းရဲ့ အဓိဋ္ဌာန်** ။ ။ ဒုဋ္ဌဂါမဏိမင်းရဲ့ အဓိဋ္ဌာန်ချက်ကို အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသရဲ့ ဘာသာသွေး စာအုပ်မှာ တပည့်တော် ဒီလိုတွေ့ရတယ်ဘုရား။ "ဒုဋ္ဌဂါမဏိမင်းကား ထူးထူးခြားခြား ဘာသာသွေးများသော မင်းပေတည်း။ သာသနာတော်ကို အန္တရာယ်ပြုမည့် ကျေးကုလားတို့ကို နှိမ်နင်းဖို့ စစ်ထွက်ရာ၌ပင် ရဟန်းတော်များကို ပင့်၍သွား၏။ ထိုမင်းသည် စစ်တိုက်ထွက်ခါနီး ဤသို့အဓိဋ္ဌာန်ပြုလေ့ရှိ၏။

"ငါ့တွက်မြားမြောက်၊ချမ်းသာရောက်ဖို့ ခုလောက်ကြိုးကုတ်၊

အားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရှည်စွာအစွန့်၊ ရောင်လျှံကွန့်ဖို့၊ စွန့်စွန့်စားစား၊ ငါကြိုးစားသည်၊ စိတ်ထားငါ့မှာ အမြဲတည်း''

ဆိုလိုရင်းမှာ ငါချမ်းသာဖို့အလို့ငှာ စစ်တိုက်ခြင်းဖြင့် ယခုလို အပင်ပန်းခံသည် မဟုတ်။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော် တာရှည်စွာတည်တံ့နိုင်ဖို့ အကျိုးငှာ ဗုဒ္ဓဘာသာကို အန္တရာယ်ပြုမည့် ရန်သူများကို နှိမ်နင်းရပါသည်ဟု ဆိုလိုသည်။

**၁၅း၂ ဒုဋ္ဌဂါမဏိလို အမိဋ္ဌာန်ကြစို့** ။ တပည့်တော် လျှောက်ထားချင်တာက ဒုဋ္ဌဂါမဏိမင်းဟာ သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါး မဟုတ်ဘူး။ လူဒါယကာတစ်ဦးသာ ဖြစ်တယ်။ ဒါပေမဲ့ မြတ်စွာဘုရား သာသနာတော်အတွက်ဆိုပြီး စွန့်စွန့်စားစားနဲ့ ကျေးကုလားတွေကို တိုက်ခဲ့တယ်။ လူဒါယကာတစ်ဦးတောင် ဒီလို စွန့်စွန့်စားစားလုပ်နိုင်ရင် သာသနာတော်အတွက် တာဝန်အရှိဆုံးဖြစ်တဲ့ သာသနာ့ဝန်ထမ်း ရဟန်းတော်တွေဟာ ပိုပြီးလုပ်နိုင်ရမယ်။ စွန့်စားနိုင်ရမယ်ပေါ့ဘုရား။ အတွင်းရန်ဖြစ်စေ၊ အပြင်ရန်ဖြစ်စေ သာသနာတော်ကို ထိပါးလာမယ်ဆိုရင် သေချင်သေသွားပါစေပေါ့ဘုရား။ ဒုဋ္ဌဂါမဏိမင်းကြီးလို အမိဋ္ဌာန်ပြုကြရမယ်ပေါ့။

*သံယာအား ဘုရားယုံခဲ့သည်။ (ပ) စာ-၁၀၉-၁၁၁၊*
***စမ္မယောသက ဦးမောင်မောင်။***

## ၀၆။ နောင်လာနောက်သားတို့အတွက် စံနမူနာ

အမြဲသီတင်းသုံးနေထိုင်ရာ ကျောင်းမှာလည်း လက်ရှိ သုံးခန်းပတ်လည် ကျောင်းနိမ့် အငယ်စားသာဖြစ်သည်။ နွေအခါ အပူရှိန်လွန်ကဲ၍ မနေနိုင်သောအခါ ကျောင်းအမိုးပေါ် ထန်းရွက်များထပ်ဆင့်၍ မိုးပေးရပါသည်။ ဤကဲ့သို့ ထန်းရွက်များဖြင့် မိုးပေးသော်လည်း အပူရှိန်မြင့်နေပြန်သေးလျှင် ရေချိုးခန်းနှင့် တွဲထားသော ကုဋီအတွင်း၌ ဝင်ရောက်နေထိုင်လေ့ရှိပါသည်။ ပျံလွန်တော် မမူမီ ရက်ပိုင်းအချိန်တွင် အအေးဒဏ်ခံနိုင်ရန် အနွေးစက်ကလေးတစ်ခု ဒကာမကြီးတစ်ယောက် လာရောက်တပ်ဆင်ပေးရာ၊ 'အဲဒါဘာလဲ' ဟု မေးပါသည်။ ''ဆရာတော် အေးမှာစိုးလို့ နွေးအောင်ပြုပေးတဲ့ စက်ပါဘုရား'' ဟု လျှောက်ထားရာ ''မလိုပါဘူး။ နောင်လာနောက်သား ရဟန်းငယ်၊ သာမဏေများက ဘုန်းကြီးများ ကောင်းကောင်းမွန်မွန် ဒီလိုခေတ်အသုံးအဆောင်များဖြင့် (စိမ်ခံ)နေခြင်းသည် ဘုန်းကြီးလောက ထုံးစံပဲဟု ထင်မှတ်နေကြလိမ့်မည်။ဒါကြောင့် ပြန်ယူသွားပါ''ဟု အမိန့်ရှိပါသည်။ ဤသို့ ကိုယ်ချမ်းသာအောင် ကြံဆောင်ဖန်တီး၍ (စိမ်ခံ)နေခြင်းသည် ကိုယ်ကျင့်သီလများ တိုးတက်အောင် ဖြည့်ဆည်းပူးရာတွင် အဟန့်အတားသဖွယ် ဖြစ်နိုင်သည်ကို ကြိုတင်စဉ်းစားမိဟန်ရှိရုံတွင်မက ကာမသုခလ္လိကာနုယောဂ (ကာမဂုဏ်ချမ်းသာကို ခံစားခြင်း) အကျင့်သဘော သက်ရောက်သည်ဟု ယူဆ၍ ယင်းအကျင့်ဆိုးများကို ပယ်နိုင်အောင် ကြိုးစားလျက် ပါရမီ

တစ်ခုအနေဖြင့် ကျင့်သုံးခဲ့ပါသည်။ သတ္တဝါတိုင်း အကောင်းကြိုက်ခြင်း (ချမ်းချမ်းသာသာနေလိုခြင်း)ကို အပြစ်မဆိုလိုသော်လည်း ထိုအပြစ်ကို ပယ်နိုင်အောင် ကြိုးစားခြင်းသည်သာ ရှင်တော်မြတ်ဘုရားအလိုတော်ကျဖြစ်၍ သူတော်ကောင်းများ နှစ်မြို့ဖွယ်ရာ ဖြစ်ပါလိမ့်မည်။

*တစ်ဘဝသံသရာ ထေရုပ္ပတ္တိကျမ်း၊ နိဒါန်း၌ ဆရာတော်ဦးစန္ဒောဘာသ ရေးအပ်သော စာရှုသူအတွက် မှာထားချက်မှ။*

## ၀၇။ ပဋိသန္ဓေနေခြင်းနှင့်တူ

"ရှင်အဖြစ်သို့ ရောက်စေခြင်းသည် အမိဝမ်း၌ ပဋိသန္ဓေနေခြင်း နှင့်တူ၍ သန္ဓေသားကို အထူးသတိကြီးစွာ မိဘများ စောင့်ရှောက်သကဲ့သို့ ရှင်ငယ်ကို ဥပဇ္ဈာယ်ဆရာများက ဖေးဖေးမမ မေတ္တာ၊ကရုဏာ အပြည့်အဝထားကာ စောင့်ရှောက်ရမည်" ဟု အဋ္ဌကထာဆရာများ မှာထားချက်ရှိသည်။

*မင်္ဂလာပဏ္ဍာသ၊ သဒ္ဒါလိင်္ဂတ်၊ အဋ္ဌကထာ*
*ဆရာတော် ဦးဉာဏိက (မြောင်းမြ)၏ ဆရာတော်အရှင်သေဋ္ဌိလထေရုပ္ပတ္တိ စာ-၉-၁၀)။*

## ၁၈။ ပထမရွှေကျင်ဆရာတော်ကြီး ၁၁၈၄–၁၂၅၅

**၁၈း၁ ရွှေကျင်ဆရာတော်နှင့် မင်းတုန်းဘုရင်။ ။** ဟို. . ဘုန်းကြီးတို့ ပထမရွှေကျင်ဆရာတော်ကြီးအကြောင်း နည်းနည်းထည့်ပြောရဦးမယ်ပေါ့လေ။ တိုတိုပဲပြောမယ်။ တစ်နေ့တော့ မင်းတုန်းဘုရင်က မှူးကြီးမတ်ကြီးတစ်ယောက်ကို "ရွှေကျင်ဆရာတော်ကြီးဆီ သွားပြီးတော့ ဆွမ်းစားပင့်ချေဟဲ့"လို့ ပင့်ခိုင်းလိုက်တော့ လာရော၊ လာတော့ ဆရာတော်ကြီးက သက်န်းရုံနေပြီ။ သပိတ်အိတ်ကလေးနဲ့ သပိတ်ကို အနားချပြီးတော့ ဆရာတော်ကြီး သက်န်းရုံနေတယ်။ ဒကာတော် မင်းကေရာဇ်က "ဆွမ်းစားအပင့်ခိုင်းလိုက်ပါတယ်ဘုရား" ဆရာတော်ကြီးက ဘာမျှမပြောဘူးတဲ့၊ သက်န်းရုံနေတာပဲ။ သက်န်းလည်း ရုံပြီးရော သပိတ်ကလေးလွယ် ထွက်သွားတာပဲ၊ ဘာမျှမပြောခဲ့ဘူး။ ဘယ့်နှယ် ငါ့လည်း ဘာမျှမပြော၊ ဒီဆရာတော်ကြီးဟာ ရှင်ဘုရင်က အပင့်ခိုင်းလိုက်တယ် ဆိုတာတောင် ဘာတစ်ခွန်းမျှ မပြောဘဲ ထွက်သွားတယ်။ဘယ်များ သွားမလို့ပါလိမ့်မလဲ။ သူက နောက်ယောင်ခံလိုက်သွားတယ်။ ရွှေကျင် တိုက်မ,ဆိုတာက မန္တလေးတောင်ခြေ မြောက်ဘက်က၊ အဲဒီက ထွက်သွားလိုက်တာ တောကြီးထဲ လယ်ကွင်းလယ်ကြား ထွက်သွားတယ်။သူကလည်းလိုက်သွားတာပဲ။ လယ်ကြားတွေကျော်ပြီးတော့ လယ်တဲကလေး တစ်ခုပေါ်တက်ပြီးတော့သွားတာ တွေ့လိုက်တယ်။ အဲဒီထဲမှာ ဆွမ်းစားနေတယ်။ ပြန်လာခဲ့ရော။ ပြန်လာတော့ ရှင်ဘုရင်က မေးတယ်။ "ဘယ့်

နယ်လဲ၊ ဆရာတော် ဆွမ်းစားပင့်လို့ ရရဲ့လား'' ကျွန်တော်မျိုးများ သွားပင့်ပါတယ်။ ဘာတစ်ခွန်းမျှလည်း မပြောဘူး။ သပိတ်ကလေး အနားချပြီးတော့ သက်နီးရုံနေတာ တွေ့ရပါတယ်။ သင်္ကန်းရုံ၊ သပိတ် လွယ်ပြီး ထွက်သွားတော့ ရိုးပြတ်တွေကျော်သွားပြီးတော့ လယ်တဲ ကလေးထဲမှာ ဆွမ်းစားနေတာ တွေ့ပါတယ်'' ဆိုတော့ ရှင်ဘုရင် က လက်သီးလက်မောင်းတန်းလို့ ''ငါ့လို ဘုရင်တစ်ပါးက ပင့်တာ တောင် အရေးစိုက်တဲ့ ဆရာတော်ကြီး မဟုတ်ဘူး၊ ဦးရာလူနောက် လိုက်တာပဲ''လို့ သူက အားရပါးရ လက်သီးလက်မောင်းများ တန်း လိုက်ပါသေးတယ်တဲ့။

အဲဒီလိုဟာမျိုးတွေ သတိထားရတယ်။ သာသနာပြုတဲ့ဥစ္စာ၊ အဲ–ငါ့နောက် လိုက်မှ၊ ငါပင့်တာ မရဘူး။ ဟာ –တန်၊ ဒီဘုန်းကြီး တော့–ဒီလိုမလုပ်ရဘူး။ အဲဒါမျိုး ကြပ်ကြပ်သတိထားပါ။ အဲဒီလို ဟာတွေက ရှိတယ်။ ဒါကြောင့်မို့ ငါလုပ်တာမှ ဟုတ်တယ်ဆိုတာ မျိုး မဖြစ်ကြစေနဲ့။

*ရွှေကျင်သာသနာပိုင် ပြောင်းမြဲဆရာတော်၊ ပြောင်းမြဲဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ၊ စာ- ၄၉၆။*

၁၈း၂ ရွှေကျင်ဆရာတော်၏ တပည့်ပရိသတ် စောင့် **ရှောက်နည်း** ။ ။ ရွှေကျင်တိုက်နှင့်ကပ်လျက် ဟင်းသီးဟင်းရွက် စိုက်ပျိုး၍ စီးပွားရှာသော ခြံတစ်ခုရှိ၏။ ထိုခြံရှင်သည် ဟင်းသီးဟင်း ရွက် အလိုရှိရာ ခူးကြပါဟု လျှောက်ထား၏။ တစ်နေ့သ၌ ဆွမ်းစား ကျောင်းဘုန်းကြီး စေခိုင်းသဖြင့် ကိုရင်တစ်ပါး သင်္ကန်းရုံပြီးလျှင် ခြံတွင်းသို့ဝင်၍ ဟင်းသီးဟင်းရွက် ခူးနေသည်ကို ဆရာတော်ကြီး မြင်သွား၏။ ဆွမ်းစားကျောင်းဘုန်းကြီးနှင့်တကွခေါ်၍ မေးစစ်ပြီးလျှင်

အပြစ်ပြ၍ ဤသို့ဆို၏။

"ဤခြံသည် လူတို့ တဲဆောက်၍နေသောကြောင့် ဂါမ မည်၏။ ရွာမည်၏။ ခြံအတွင်း သက်န်းရုံဝင်ခြင်း၊ နေလွဲပန်ကြားဝင်ခြင်းတို့ကား ဝိနည်းနှင့်လျော်၏။ သို့ရာတွင် ကိုရင်ငယ်များဖြစ်၍ ဩကွဲ့တ္တစက္ခုစသော သိက္ခာပုဒ်များ လုံနိုင်ခဲသည်။ ကျောင်းသားကပ္ပိယများကိုသာ စေခိုင်းသင့်သည်။ ဆွမ်းစားကျောင်းဘုန်းကြီး ပေါ့ဆ၏။ အမြော်အမြင်နည်း၏။ ထို့ကြောင့် ကိုရင်သီလာစာရနှင့် ဆွမ်းစားကျောင်းဘုန်းကြီး ဒဏ်(၁၀) ခါက်စီ ထမ်းရမည်"ဟု မိန့်တော်မူ၏။

ဒဏ်ပြီးသောအခါလည်း ဒဏ်ထမ်းပြီးပါပြီ။ နောင်ကောင်းစွာနေပါမည်ဟု သံဃာ့အလယ်၌ လျှောက်ထားရသေးသည်။ စောင့်ရှောက်ပုံ စေ့စပ်သဖြင့် ပရိသတ် အလွန်ပိပြားလေသည်။

*ညောင်လေးပင်တောရဆရာတော်ရေး ဘုန်းတော်ကြီးဦးသီလ ထေရုပ္ပတ္တိမှ။*

### ၁၈း၃ ပထမရွှေကျင်ဆရာတော်ကြီး၏ ဆုံးမစာများ။

၁။ ရေကန်၌ မှော်ကိုဖယ်၍ သောက်ရေကို ခပ်ရသည်။
၂။ မသူတော်၌ အပစ်ဖယ်၍ ဂုဏ်ကောင်းရှာရသည်။
၃။ တုံးတံတားလျှောက်စဉ် အရပ်တစ်ပါးမကြည့်နှင့်၊ချောက်သို့ကျလိမ့်မည်။
၄။ သံသရာတံတားလျှောက်စဉ် သူတစ်ပါးအပြစ် မကြည့်နှင့်၊ သံသရာချောက်သို့ ကျလိမ့်မည်။
၅။ ရှိသေစွာခစားလျှင် မင်းခစားပင် မင်းကို နိုင်သည်။
၆။ ကျင့်ဝတ်မချွတ်လျှင် တပည့်ပင် ဆရာကို နိုင်သည်။
၇။ မြင်းနိုင်လို ဇက်ဆွဲ၊ လှေနိုင်လို တက်စွဲ၊ ဆရာနိုင်လို ကျင့်ဝတ်ရှိသေမြဲ။

၈။ ပန်းပဲဆရာ အထုမခံရသောသံတုံး လက်နက်မဖြစ်။
၉။ ကျောက်ဆစ်ဆရာ အဖြတ်မခံရသောကျောက်တုံး အရုပ်မဖြစ်။
၁၀။ ဆရာကောင်းအဆုံးအမ မခံရသောတပည့် သူကောင်းမဖြစ်။
၁၁။ သစ်ပင်ကြီးသည် ခုတ်လှဲသူကို မလှဲမချင်း အရိပ်ဖြင့်အေးစေ၏။
၁၂။ နံ့သာတုံးသည် မီးရှို့သူကို မကျွမ်းမချင်း အနံ့ဖြင့် မွှေးစေ၏။
၁၃။ သူတော်ကောင်းသည် ညှဉ်းဆဲသူကိုသော်လည်း မသေမချင်း အကျိုးဆောင်၏။
၁၄။ တုတ်ဓားကိုင်လျှင် ခွေးဟောင်သည်၊ အစာကျွေးလျှင် အမြီးနန့်သည်။ ထို့ကြောင့် တုတ်ဓား အားမကိုးကြနှင့်။
၁၅။ တရားဟောတတ်လျက် အကျင့်တန်လျှင် မျောက်အုန်းသီးရသည်နှင့် တူ၏။
၁၆။ ဗဟုသုတရှိလျက် သီလမရှိလျှင် ရေမတည်သော ကန်နှင့်တူ၏။
၁၇။ ပညာရှိလျက် သီလမရှိလျှင် အသီးမချိုသော သစ်ပင်နှင့်တူ၏။
၁၈။ ကျမ်းဂန်တတ်လျက် သီလမရှိလျှင် အဆိပ်သီးပင်နှင့်တူ၏။
၁၉။ မသူတော်ကား လာဘ်ရဖို့ ကြံသည်။ သူတော်ကောင်းကား တရားရဖို့ ကြံသည်။
၂၀။ ပညာမှီ၍ မာန်တက်လျှင် ထိုပညာ ရှုံးဖွယ်တည်း။
၂၁။ စာတတ်လျက် မိမိကိုယ်ကို မဆုံးမလျှင် ထိုစာ ငရဲရိက္ခာတည်း။
၂၂။ သရက်ပင်ငယ်ငယ် အသီးကြွယ်လျှင် ကျိုးပဲ့တတ်သည်။

ကြိုးဆွဲ၍ ခွထောက်ရမည်။

၂၃။ ရဟန်းငယ်ငယ် ဂုဏ်ထူးကြွယ်လျှင် ကျိုးပဲ့တတ်သည်။
သီလကြိုးဆွဲ၍ သမာဓိခွ (ဂွ) ထောက်ရမည်။

*ဗုဒ္ဓဘာသာတရားတော် (အထက်တန်းအဆင့်)၊*
*သာသနာရေးဝန်ကြီးဌာန၊ စာ-၅၂၁-၃။*

## ၁၉။ ထဒ္ဒန္တကုမာရမတောထေရ် (၁၂၈၀–၁၃၆၃)၏ ဩဝါဒတောင်းနတ်ချက်များ

၁။ ကောင်းတဲ့ပုဂ္ဂိုလ်လေးတွေ၊ ကောင်းတဲ့အုပ်စုလေးတွေ များလာလို့ရှိရင် အကုန်လုံး အသီးသီးပေါင်းစုလိုက်တဲ့ အခါ သာသနာတော်ကြီး တစ်ခေတ်ပြန်ပြီးတော့ ကောင်း မလာဘူးလို့ ဘယ်သူမှမပြောနိုင်ပါဘူး။

၂။ စည်းကမ်းမရှိဘဲ လုပ်တဲ့အလုပ်ဟာ ဘယ်တော့မှ တိုးတက် တယ်လို့ မရှိဘူး။

၃။ စည်းကမ်းမရှိသူဟာ လူပုဂ္ဂိုလ်ဖြစ်ဖြစ်၊ ရဟန်းပုဂ္ဂိုလ် ဖြစ်ဖြစ်၊အသင်းအဖွဲ့ဖြစ်ဖြစ်၊ တိုင်းပြည်အုပ်ချုပ်တဲ့ ပုဂ္ဂိုလ် ဖြစ်ဖြစ်၊အချုပ်ပြောရရင် ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် စည်းကမ်း မရှိရင် ဘာအသုံးကျတော့မလဲ။

၄။ ဘယ်ကိစ္စကိုပဲလုပ်လုပ် စည်းကမ်းဥပဒေဘောင်ကို ကျော် လွန်ပြီးလုပ်လို့ မဖြစ်ဘူး။သာသနာရေးဆိုတော့ သာသနာ ရေးစည်းကမ်းပေါ့။

၅။ ဒကာ၊ ဒကာမတွေကလည်း ဒီရဟန်းတွေ၊ ကိုရင်တွေကို ရောရောနှောနှောမလုပ်နဲ့။ကိစ္စရှိတဲ့အခါ သွားလာ၊ ကိစ္စပြီး လို့ရှိရင်ပြန်။

၆။ ရဟန်းသာမဏေများနဲ့ ဒကာ၊ ဒကာမများ ဆက်ဆံတဲ့ နေရာမှာ အပြစ်ကင်းပါစေ။

၇။ ဒကာ၊ ဒကာမတွေကလည်း ကိုရင်တွေကို သိပ်ပြီးအလို မလိုက်ကြနဲ့။ ဦးပဥ္စင်းတွေကိုလည်း သိပ်ပြီးအလိုမလိုက် ကြနဲ့။

၈။ ဘုန်းကြီး၊ ဘုန်းကြီးပီပီနေပါ။ ဘုန်းကြီးဟာ ဘုန်းကြီးလို နေမှပဲ ကောင်းတယ်။

၉။ ဘုန်းကြီးတွေ အကျင့်ပျက်အောင်လည်း ဒကာ၊ ဒကာမ တွေက မရောနှောကြပါနဲ့။

၁၀။ သာသနာရေးကိုလုပ်ရင် သာသနာကို ဦးတည်ချက်ထား ပါ။

၁၁။ တို့ဟာ သာသနာအတွက် အလုပ်လုပ်နေတယ်။တို့အတွက် လုပ်နေတာမဟုတ်ဘူး။ ဒီလိုလေးလေးနက်နက်စဉ်းစားပြီး တော့ လုပ်ပါ။

၁၂။ တို့လုပ်တဲ့အလုပ်ဟာ သာသနာတော်နဲ့ အံ့ဝင်ခွင်ကျဖြစ်ရဲ့ လား၊ မဖြစ်ဘူးလားဆိုတာ အမြဲတမ်းကြည့်ပါ။ စိစစ်ပါ။ ဝေဖန်ပါ။

၁၃။ ဘုန်းကြီးတို့ရဲ့ ရဟန်းလောကကို ဖျက်နေတာ လာဘ သက္ကာရ သိလောက။

၁၄။ ဘုန်းကြီးအသုံးအဆောင်က ပရိက္ခရာ (၈) ပါးပဲ။ အခုကာလ ဘုန်းကြီးပရိက္ခရာကတော့ သောင်းကိုးထောင် ပဲ။ ရေဒီယိုလည်းပါ၊ ကက်ဆက်လည်းပါ၊ တီဗွီလည်းပါ။

၁၅။ လောကီအာရုံတွေ ဆန်းပြားလာသလောက် သတ္တဝါတွေ ရဲ့ စိတ်ဓာတ်ဟာ အဲဒီအာရုံတွေနောက်လိုက်ပြီးတော့ အကုသိုလ်တွေ ပိုပြီးတော့ များနေကြတယ်။

၁၆။ ပရိယတ်၊ ပဋိပတ်ထွန်းကားလာမှ ပဋိဝေဓဆိုတဲ့ ရည်မှန်း ချက်ပန်းတိုင်ကို ရောက်နိုင်ကြလိမ့်မယ်။ ပရိယတ်၊

ပဋိပတ်ကိုသာ ကြိုးစားကြပါ။

၁၇။ အများနဲ့ လုပ်တဲ့အခါ တစ်ယောက်နဲ့တစ်ယောက်ဆိုတာ သည်းခံမှုအပြည့်ထားရတယ်။ မေတ္တာလည်း ထားရတယ်။ သစ္စာလည်း ရှိရတယ်။

၁၈။ အလှူအတန်းတွေ ဘာတွေလုပ်တဲ့အခါမှာ သိပ်ပြီးတော့ ဆူဆူညံညံ မဖြစ်ကြစေနဲ့။

၁၉။ အလှူအတန်းဆိုပေမယ့်လို့ ကိုယ့်ပုံစံနှင့်မတူတဲ့ အလှူ အတန်းကို လက်မခံရဘူး။

၂၀။ သာသနာမှာ အကျိုးမများတာကို အလှူခံလို့တော့ ဘာ လုပ်မလဲ။သာသနာမှာ အကျိုးမများရင် ဘာမျှအကျိုး မရှိဘူး။ ဒါကို သတိထားကြစမ်းပါ။

၂၁။ သာသနာနဲ့ တွေ့ကြုံတဲ့အခါ လူပုဂ္ဂိုလ်တစ်ယောက်အတွက် အရေးကြီးဆုံးက ဘာလဲဆိုတော့ သဒ္ဓါတရားရယ်၊ သီလ ရယ်၊ ပညာရယ်။

၂၂။ သာသနာနဲ့ ပတ်သက်ပြီးတော့ ရှေးအစဉ်အလာမပျက် အောင် လုပ်ဖို့ အင်မတန် အရေးကြီးနေပါပြီ။ သာသနာ ရှေးဆို ရှေးကျပါစေ။

၂၃။ ဘုန်းကြီးအမြင်ကတော့ မြန်မာနိုင်ငံဟာ နောင်နှစ်ပေါင်း ၃၀–၄၀ လောက်ဆိုရင် အများကြီး ကောင်းနိုင်သေးတယ်။ နောက်မဆုတ်တမ်း ကြိုးစားကြ။

၂၄။ မလှူသင့်တဲ့အလှူကို လှူရင် သာသနာပျက်စီးနိုင်တယ် ဆိုတာသတိထားကြပါ။

၂၅။ မလှူသင့်တဲ့အလှူဆိုတာ သံဃာတော်တွေနဲ့ မအပ်စပ်တဲ့ အလှူမျိုး၊ ပရိယတ်ကိုလည်း အကျိုးမပြု၊ ပဋိပတ်ကို လည်း အကျိုးမပြုတဲ့ အလှူမျိုး။

၂၆။ ရဟန်းတော်တွေရဲ့ ပရိယတ်၊ ပဋိပတ်မှာလည်း ဒကာ၊ ဒကာမတွေလုပ်လို့ မဖြစ်ဘူး။ သေသေချာချာစဥ်းစားကြည့်။

၂၇။ ဒကာ၊ဒကာမတွေ ပစ္စည်းလေးပါးထောက်ပံ့တဲ့နေရာမှာလည်း ဘုန်းကြီးတွေက ဘာမှျဝင်ရောက်ပြီး စီမံစရာမလိုဘူး။

၂၈။ စာမေးပွဲပေတံနဲ့တိုင်းပြီး ပညာရေးကို ဆုံးဖြတ်လို့မရဘူး။

၂၉။ စာမေးပွဲအောင်တဲ့အတွက် စာတတ်တာမဟုတ်ဘူး။ စာတတ်တိုင်းလည်း စာမေးပွဲအောင်တာ မဟုတ်ဘူး။

၃၀။ မြန်မာနိုင်ငံကို ပြုပြင်လာတာ ဘာသာရေးအဆုံးအမပဲ။

*ကျမ်းပြုအကျော် သာသနာ့ဝန်ဆောင်ဆရာတော်ဘုရားကြီး။*

## ၂၀။ ဘုရားစွန့်မလား၊ အသက်စွန့်မလား

ဘုန်းကြီးကို အသက်စွန့်မလား၊ ဘုရားစွန့်မလား မေးရင် အသက်စွန့်မယ်။ တစ်သက်မက ဆယ်သက်စွန့်မယ်။ ဘုရားကိုတော့ မစွန့်ဘူး။ ဘုရားသာ မကဘူး။ ရတနာသုံးပါးကို မစွန့်ဘူး ဆိုတာ ရဲရဲကြီးတာဝန်ခံတယ်။

*တောင်ဖြို့မဟာနာရုံဆရာတော်၊*
*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း အတွဲ (၁)၊ အမှတ် (၁၁)။*

## ၂၁။ ဘုန်းကြီးပဲ၊ စားရပြီးတာပဲ

"ဘုန်းကြီးက အခုမှ မဟုတ်ဘူး။ ငယ်ငယ်ကတည်းက ဘုန်းကြီးပဲ စားရပြီးတာပဲ၊ ဝတ်ရပြီးတာပဲ။ ဒီလိုအေးအေးနေလေ့ ရှိတယ်။ ပင့်လို့သွားပေမဲ့၊ လှူပေမဲ့ ယူတာ မဟုတ်ဘူး။ တော်ရာ ပေးပစ်ခဲ့တာပဲ။ နို့မဟုတ် ပါလာတဲ့လူ (တိုက်ထဲက ပါလာတဲ့ ဘုန်းကြီး)သူတို့ကို ကပ်လိုက်တာပဲ၊ ကိုင်း –ဟိုကျ ဝေယူကြပေတော့။ ဒီလိုလုပ်လေ့ရှိတယ်"

*(ဆရာတော်ကြီး၏ ပစ္စည်းလောဘ်လာဘနှင့်စပ်၍ တပ်မက်မှုကင်းရှင်းပုံမှာ စံနမူနာ ယူဖွယ်ကောင်းလှပါသည်။)*

*ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်၊*
*မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ၊ စာ-၂၄၉။*

## ၂၂။ တုန်းတော်ကြီးဦးသီလ (၁၁၉၄–၁၂၆၉)

**၂၂း၁ ပင်ကိုသဘော** ။ ။ သွားလာ၊ နေထိုင်ခြင်း၊ စားသောက်၊ကျိန်းစက်ခြင်းတို့၌ တစ်ပါးတည်းသာ အလေ့ရှိ၏။ ကျိန်းစက်သော ဣရိယာပုတ်နည်း၏။ သာသနာကြီးပွားရေးဖြစ်လျှင် အသက်ခန္ဓာမငဲ့၊ ပင့်ရာကြွ၍ ချီးမြှောက်သည်။ စိတ်ဆန္ဒထက်၏။ ကောက်ကျစ်သောစိတ် အစွန်းအစမထင်။ အစအဆုံး ဖြောင့်စင်း၏။ ဝိနည်းသိသည်မှစ၍ မချွတ်ယွင်းအောင် ကျင့်၏။ သမထ၊ ဝိပဿနာဘာဝနာကျင့်ခန်း၌ ကြောင်လက်သည်းဝှက်ပမာ သိုသိပ်စွာ ကျင့်တော်မူ၏။ ပရိယတ္တိစာသင်တိုက်များ အရပ်ရပ်၌ ဖြစ်ထွန်းစေလိုသော ဆန္ဒများရှိ၏။

*ညောင်လေးပင်တောရဆရာတော်ရေး။ ဘုန်းတော်ကြီး ဦးသီလထေရုပ္ပတ္တိ၊ စာ-၂၃။*

**၂၂း၂ တရားဟောခြင်း** ။ ။ တရားဟောပုံကား "သူ့အသက် မသတ်နှင့်၊ သူ့ဥစ္စာမခိုးနှင့်။ သန်းဥမတုတ်နှင့် ငရဲကြီးသည်။ သရက်စိုက်မှ အချိုသီးသည်။ တမာစိုက်လျှင် အခါးသီးသည်။ ရတနာသုံးပါးကို အစစ်အမှန်ဟု ယုံကြည်ကြ၊ ဤအနေမျှဟောပြီးလျှင် သွားကြ၊ သွားကြဟု မိန့်ဆိုလေ့ရှိသည်။ တရားနာရသူတို့ကား တစ်သက်လုံး မမေ့နိုင်ကြ၊ သန်းဥမတုတ်နှင့်ကိုပင် နှစ်သက်စွာ ထိတ်လန့်ကုန်၏။ တစ်ခါတစ်ရံကား ရူပက္ခန္ဓာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသည်ဖြင့် ခန္ဓာ(၅)ပါး ဝိပဿနာတင်ပုံမျှလောက်

ချပေးလေ့ရှိသည်။ သုံးဝါခန့် အတူနေဖူးသော မထေရ်တစ်ပါး အဆိုကား ဘုန်းတော်ကြီး အမြဲလက်သုံး နှလုံးသွင်းတရားသည် ငါတို့ သိသောတရားနှင့် မကွာလှ။ မဆုတ်မနစ်စွန့်စားခြင်းနှင့် ဖြောင့်စင်းခြင်းမျှသာ ကွာသည်ဟူ၏။

*(ငှင်းကျမ်းစာ-၂၆)*

၂၂း၃ **လာဘ်ပေါခြင်း** ။ ။ ရောက်ရာအရပ်တို့၌ ဖယောင်းတိုင်၊ မီးခြစ်၊ ဆပ်ပြာ၊ သပိတ်၊ သင်္ကန်း၊ ကော်ဇော၊ ဆေးပုလင်းစသော လာဘ်တို့ဖြင့် ပေါများလှ၏။ ထိုလာဘ်တို့ကို ရောက်ရာကျောင်း၌ သံဃာတို့အား အကုန်လှူသည်။မိမိကား သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်၊ သားရေနွယ် တစ်ချပ်မျှဖြင့် ရောင့်ရဲတော်မူ၏။ ရံခါ ကပ္ပိယမပါဘဲ တစ်ပါးတည်း ကြွရာ၌ မိမိပရိက္ခရာအားလုံးကို ပေါ့ပါးစွာလွယ်ယူ၍ မပင်မပန်းကြွသွားနိုင်လေသည်။ သားရေနွယ်ကား ခပ်ပါးပါး၊ ခပ်ကြီးကြီးဖြစ်၍ ဆောင်းအခါ အိပ်ရာ ထဲ၌ ခြုံသည်။ စောင်ခြုံလေ့မရှိ။

*(ငှင်းကျမ်း စာ - ၂၆)*

၂၂း၄ **သွားနာသက်သာလို့** ။ အခါတစ်ပါး သဒ္ဓါတရားကောင်းလှသော ရဟန်းတစ်ပါးသည် ဘုန်းတော်ကြီးထံ ရောက်လာ၏။ ''ဘုရားတပည့်တော်သည် ဆရာတော်ဘုရားနှင့်အတူ မကွေမကွာနေ၍ တရားအားထုတ်ပါရစေ၊ သက်သတ်လွတ် အကျင့်လည်း အမြဲစားပါမည်ဘုရား''ဟု လျှောက်လေ၏။

''ဦးပဥ္စင်း၊ ရဟန်းသိက္ခာ အဘယ်မျှရှိပြီနည်း'' (နှစ်ဝါရှိပါပြီဘုရား)။''ဦးပဥ္စင်း ဝါငယ်သေးသည်။ စာတတ်အောင်သင်ဦး။ စာပေပရိယတ္တိဘက်က ပညာတတ်မြောက်၍ ဆယ်ဝါလောက်ရတော့မှ အားထုတ်၊ ဘုန်းကြီးများ ယခုသက်သတ်လွတ်စားနေတာ ကုသိုလ်

ဖြစ် ကျင့်သည်မထင်နှင့်။ သွားနာသက်သာလို့''ဟု မိန့်တော်မူသတတ်။

*(ငှင်းကျွမ်းစာ စာ-၄၇)*

**၂၂း၅ အငြင်းရှိလျှင်ရှောင်** ။ ။ အခါတစ်ပါး ရဟန်းငယ်များသည် ဘုန်းတော်ကြီးအား ညဥ့်အခါ ဝတ်ဖြည့်ပေးကြ၏။ (နှိပ်နင်းပေးကြ၏။)ဝတ်ဖြည့်စဉ် ဝိနည်းနှင့်စပ်၍ အပ်၊ မအပ် အချင်းအရာတို့ကိုလည်း မေးလျှောက်ကြ၏။ ''ဦးပဥ္စင်းတို့ မည်သည့်အရာမဆို အပ်၊မအပ် အပြောအဆိုရှိလျှင် မလုပ်ဘဲရှောင်လိုက်ကြ၊ ဥပမာ တစ်ဦးက ရွာတွင်း ဖိနပ်မစီးကောင်းဟု ဆိုအံ့။ တစ်ဦးက စီးကောင်း၏ဟု ဆိုအံ့။ မစီးဘဲနေသူကို ဘယ်သူအပြစ်ဆိုမည်လဲ။ စီးကောင်းလျက် မစီးခြင်းသည် မအပ်ဟုဆိုနိုင်မည်လော။ ထို့ကြောင့် အငြင်းရှိလျှင်ရှောင်၊ အပြစ်ကင်းသည်'' ဟု မိန့်ဆိုတော်မူသတတ်။

*(ငှင်းကျွမ်း-)*

**၂၂း၆ ဘုရားရှင်၏ သားတွေအပေါ် နင်သတိထား။** ညောင်လေးပင်မြို့နယ် ရွှေနေဦးတိုးကြီး ပြောပြဖူးသည်မှာ. . ရွှေကျင်မြို့၌နေစဉ်က ငါတို့ခြောက်အိမ်ကို စူဠဂန္ဓိတွေဟု အများက ခေါ်ကြ၏။ (စူဠ–လိပ်+ဂန္ဓိ–ပန်း၊လိပ်ပန်း၊လမ်းပိတ်၊ သုဂတိလမ်းပိတ်ပြီဟု ဆိုလိုသည်)။ ငါတို့ကလည်း ဘုန်းကြီးတိုင်းကို ရှိမခိုး၊ အပြစ်တွေ့လျှင်လည်း ကဲ့ရဲ့မိကြ၏။ တစ်နေ့သ၌ ဘုန်းတော်ကြီး မကြားတန်ဟု ဆွမ်းစားကျောင်း၌ အလဇ္ဇီ ဒုဿီလ အပြစ်တွေကို စု၍ ပြောနေကြစဉ် ဘုန်းတော်ကြီးက အနီးသို့ခေါ်၍''ဟဲ့–ငတိုး၊ ရှင်ဘုရင်တစ်ဦးမှာ သားတော်နှစ်ပါးရှိသည်။ အကြီးက တရားရှိ သူတော်ကောင်း၊ ချစ်ခင်ကြည်ညိုသူ ပေါများသည်။ အငယ်က တရားမဲ့ လူယုတ်မာ၊

မျက်မုန်းကျိုးသူ ပေါ်များသည်။ ထိုသူယုတ်မာကလေးကို လက်ဖြင့် သွားပုတ်လျှင် ဘယ်လိုဖြစ်မည်ထင်သလဲ''ဟု မေး၏။ ''လက်ဖြတ် ခံရလိမ့် မည်ဘုရား''ဟု အားပါးတရဖြေလိုက်မိ၏။ (ခြေဖြင့်ကန် လျှင်ကော) ''ခြေဖြတ်ခံရပါလိမ့်မည်ဘုရား''၊ (ဆဲရေးတိုင်းထွာလျှင် ကော) ''အာဟက်ခံရပါလိမ့်မည်ဘုရား''၊ (ဘာဖြစ်လို့လဲဟဲ့) ''ရှင် ဘုရင့်သားတော်မို့ပါဘုရား''၊ ''အေး–သည်လိုသိလျှင်တော်ပြီ။ ဘုရား ရှင်သားတော်တွေအပေါ်လည်း နင်သတိထားရော့ပ''ဟု မိန့်တော်မူ သကွဲ့။ လန့်လိုက်တာကွယ် မောင်ဘိုးရင်ရယ်ဟု ဦးတိုးကြီးက (မောင်ဘိုးရင်ဆိုသူအား) ပြောဖူးသတတ်။

*(ငှင်းကျမ်း-စာ-၅၃)*

## ၂၂။ သာသနာချီးမြှောက်လိုသောဆန္ဒ ပြင်းပြတော်မူ။

အခါတစ်ပါး၌ ဘုန်းတော်ကြီးသည် ရွှေကျင်မြို့ တောရတစ်ခု ၌ ဝါကပ်၏။ ထိုအခါ ကျိုက်ထိုမှ ဦးထွန်းအောင်သွား၍ ''ကော့စံ နိုင်ဘုန်းကြီး ဦးဝီရိယ ဇက်၌ အနာပေါက်နေပါသည်၊ဖူးမြင်လိုပါသတဲ့၊ ကြွတော်မူပါ''ဟု လျှောက်၏။''ဤအနာ ငါမကုတတ်။ ဆရာကောင်း ကောင်းခေါ်ကု''ဟုဆို၍ မလိုက်ဘဲနေ၏။ နောက်တစ်ဖန် ဒါယကာ ကြီး ဦးရွှေနှစ်သွား၍ ''ကော့စံနိုင်ဘုန်းကြီး အနာပေါက်နေပါသည်။ ဘုန်းတော်ကြီးကို ဖူးရလျှင် ရောဂါပျောက်၍ ကြာရှည်စွာ သာသနာ ပြုနိုင်ပါလိမ့်မည်တဲ့၊ ကြွတော်မူပါ''ဟု လျှောက်၏။ ထိုအခါတွင်မှ အလွယ်တကူသပိတ်ယူပြီး ကြွလိုက်တော်မူသတတ်။

*(ငှင်းကျမ်း-စာ-၅၇)*

အခါတစ်ပါး၌ မော်လမြိုင်မြို့သို့ကြွစဉ် ကျိုက်ကော်၌ အပူမိ ၏။ ကျောင်းငယ်တစ်ခု၌ အလူးအလိမ့်ခံရ၏။ ဆေးဆရာများ ဆေး တိုက်သော်လည်း မသောက်။ ဦးဉာဏုတ္တရ စသော နောက်ပါသံဃာ

များလည်း လျှောက်၍မရ။ ထိုအခါ ဒကာတစ်ယောက်က ပျံတော်မူသွားလျှင် ကိုယ်ကျိုးနည်းရချေရဲ့။ မလျှောက်တတ်သော်လည်း ထင်သလိုလျှောက်မည်ဟု ဝင်သွား၍ ခြေထောက်တော်ထက် လက်အသာတင်လိုက်၏။''ဟဲ့ ဘယ်သူလဲ''။''တပည့်တော် ဘိုးရင်ပါဘုရား''။ ''ဘာကိစ္စလဲ'' ''အနီးတွင် ဖူးမြော်နေပါသည် ဘုရား။ လျှောက်တင်ပါရစေဘုရား။ဘုန်းတော်ကြီး၏ ဝေဒနာသည် အပူမိတာပါ။ ဘီလင်းဆရာကြီး ဦးရွှေထွားက သူ၏ ဆေးတစ်ခွက်ဝင်လျှင် အမြန်ပျောက်၍ သာသနာကြာရှည်စွာ ပြုနိုင်ပါလိမ့်မည်တဲ့ဘုရား''ဟု လျှောက်လိုက်၏။ ''တကယ်ပျောက်မတဲ့လား''။ ''တကယ်ပျောက်တဲ့ဆေးပါဘုရား''။ ''သွားယူချေ'' ဟု မိန့်တော်မူလိုက်၏။ (ပ) ဆေးကပ်ပြီးနောက်တစ်နေ့တွင် အပူအေး၍ တစ်ကိုယ်လုံး အဖုတွေ ပြင်လျက်ပေါက်၏။ ဆရာထွားက ရေချိုးပေးပါ။ အုန်းစိမ်းရေကပ်ပါဟု ဆို၏။

**အရှင်မဟာမောဂ္ဂလိပုတ္တတိဿထုံး။** ။ ဤဒွန်နိုင်းဆဖွယ်ကား သာသနာ ၂၃၅ ခုနှစ်တွင် သီရိဓမ္မာသောကမင်းသည် မိမိသံဃကိုဖျောက်၍သာသနာပြုနိုင်သူကား အရှင်မဟာမောဂ္ဂလိပုတ္တတိဿတည်းဟု ယုံကြည်၍ အပင့်လွှတ်၏။ ဘုရင်မင်းမြတ်က ပင့်ပါသည်ဟု ပင့်ကြ၏။ နှစ်ကြိမ်အထိ မလိုက်၊ သုံးကြိမ်မြောက်တွင်ကား ''သာသနာတော်ကြီး ပျက်စီးနေပါပြီ၊ သာသနာ ချီးမြောက်ရန် ကူညီတော်မူပါ''ဟု ပင့်ကြ၏။ ''ငါသည် အစကတည်းက သာသနာပြုမည်ဟု ရဟန်းပြုသည်။ ယခုအချိန် ရောက်ပြီ''ဟု ထ၍လိုက်လာ၏။

*ဓာ-၅၇/၉ (ဝိနည်းအဋ္ဌကထာ)*

*ညောင်လေးပင်တောရဆရာတော်ရေး ဘုန်းတော်ကြီးဦးသီလထေရုပ္ပတ္တိ၊*

## ၂၃။ မဟာနာမ်မင်း၏ စိတ်နေသဘောထား

မဟာနာမ်ဆိုတဲ့ (သာကီဝင်)မင်းက ဘုရားနဲ့စပ်ပြီး သူ့စိတ်နေ သဘောထားကို မြတ်စွာဘုရားထံမှာ ဒီလိုဖော်ပြလျှောက်ထားပါတယ်။ ''အကြောင်းတစ်စုံတစ်ခုကြောင့် မြတ်စွာဘုရားက တစ်ဖက်၊ ရဟန်းသံဃာတော်တွေက တစ်ဖက်ဖြစ်ပြီး ကွဲပြားနေရင် တပည့်တော်က မြတ်စွာဘုရားဘက်က နေမှာပါဘုရား။ ရဟန်းသံဃာများဘက်က မနေပါဘူးတဲ့''။ (ပ) နောက်ပြီးတော့ ''မြတ်စွာဘုရားက တစ်ဖက်၊ ရဟန်းရှင်လူနဲ့ နတ်ပြဟ္မာတွေက တစ်ဖက် ဒီလိုကွဲပြားနေရင် တပည့်တော်က ဘုရားဘက်က နေမှာပါဘုရား''တဲ့။ ဒီလိုလျှောက်ထားတဲ့ မဟာနာမ်မင်း၏ စကားကို အထူးသတိပြုပြီး မှတ်ထားကြရမယ်။

*မဟာစည်ဆရာတော်၊ ဗုဒ္ဓသာသနာအဆွေရှာယ်*
*ကာကွယ်ရေး တရားတော်၊စာ ၁၂/၁၃။*

## ၂၄။ မအူဆရာတော် အရှင်နာရဒမထေရ် (၁၂၂၉-၁၃၀၀)

မအူဆရာတော်ဘုရားကြီးသည် သာသနာတွင် ရနိုင်ခဲသည့် သီလဝန္တ၊ သိက္ခာကာမဝိနယဂရုကပုဂ္ဂိုလ်ကြီး ဖြစ်ပါပေသည်။ ဆရာတော်သည် ဝိနည်းသိက္ခာပုဒ်တော်၌ အလွန်အလေးဂရု ပြုတော်မူသည်။ စာသင်သွားသောအခါ ရဟန်းငယ်ဘဝကပင် အနာမာသဝတ္ထုငွေကို ကိုင်ခံတော်မမူသဖြင့် ဆိုင်ရာ ဒကာ ဒကာမတို့က သီတင်းသုံးမည့်ဌာနသို့ အရောက်လိုက်ပို့ကြ၍ ကပ္ပိယကာရကက သင့်လျော်ရာ၌ အပ်ခဲ့ကြရသည်။ ဘဝနတ်ထံ စံလွန်တော်မူသည်အထိ ထိုခေတ်က သုံးခဲ့သည့် မူးစေ့၊ မတ်စေ့ စသည်များကို သိသွားတော်မမူခဲ့။ ဆရာတော်သည် မလွဲသာ၍ ရေကြောင်းသင်္ဘောခရီး သွားရသော်လည်း ကျိန်းစက်တော်မမူဘဲ မီးရထိုင်ခုံ၌ မေးရုံသာ မေးတော်မူသည်။

ဆရာတော်သည် စက္ခုန္ဒြေဖြင့် အထွေထွေအဖုံဖုံ အာရုံတို့ကို ယူရိုးရှိတော် မမူရုံမျှမက ဝတ်ပြုလာသော ဒကာ ဒကာမတို့အား ကိုယ်တော်က စတင်နှုတ်ဆက်ပြီး ရက်ရက်ရောရော ပြောပြောဆိုဆို အလိုအကြိုက် သူ့စရိုက်သို့ လိုက်ရိုးအစဉ်အလာလည်း ရှိတော်မမူခဲ့ပေ။ ဆရာတော်သည် လေးတောင်ထက်လွန်၍ ကြည့်တော်မမူဟု အဆိုရှိသည်။ ရေစကြိုဆရာတော်ဘုရားကြီး (၁၁၉၄–၁၂၇၆) သက်တော်ထင်ရှားရှိစဉ်က မအူကျောက်ရုပ်ဟုလည်း သုတိသညာ ပေးခဲ့ဖူးသည်။ မအူဆရာတော်သည် ၁၂၉၃–ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီးသို့လည်း ဆရာတော် အရှင်

ပညာထေရ် ပင့်လျှောက်၍ ဓမ္မပူဇာပြုအံ့သောငှာ ကြွလာတော်မူပြီး (၁) နှစ်တိတိ သီတင်းသုံးတော်မူဖူးသည်။ ကျောင်းကြီးပေါ်၌ သီတင်းသုံး၍ ဇေယျသုခတိုက်ကျောင်း ဆိုင်းဘုတ်အောက်မှ ဖြတ်ကာ နေ့စဉ်ရေချိုးအိမ်သို့ကြွပြီး ရေချိုးသော်လည်း တစ်ခါမျှ မော့၍ကြည့်တော်မမူဖူးပေ။ ဖက်ပင်အိုင် ဆရာတော်ကြွလာ၍ ဇေယျသုခတိုက်ကျောင်း၌ သီတင်းသုံးနေစဉ် မအူဆရာတော်အား ဇေယျသုခတိုက်ကျောင်းသို့ ကြွရန်ပင့်ရာ ဇေယျသုခတိုက်ကျောင်းကို ဆရာတော်က မသိဟု မိန့်တော်မူသည်။ ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသလာ စိတ္တဂုတ္တမဟာထေရ်ကြီးကဲ့သို့ စက္ခုန္ဒြေစောင့်စည်းမှု၌ တူလှပါပေသည်။

## ၂၄း၁ ဆရာတော်၏ ဂန္ထဝင်လက်ရာများ

ဆရာတော်သည် ဝိနိစ္ဆယအမျိုးမျိုး၊ ဝါကျသွားအဖြာဖြာ၊ နိယံအဖုံဖုံတို့ဖြင့် တန်ဆာဆင်လျက် ဝိနည်းငါးကျမ်း ပါဠိတော်နိဿယများနှင့် ပါရာဇိကဏ် အဋ္ဌကထာနိဿယ၊ ပါစိတျာဒိ အဋ္ဌကထာနိဿယတို့ကို စီရင်တော်မူခဲ့ပါသည်။ ထိုတွင် ပါရာဇိကဏ် အဋ္ဌကထာနိဿယကျမ်းကြီးသည် နိဿယစာပေနယ်တွင် အတောက်ပြောင်ဆုံး နိဿယကျမ်းကြီးတစ်ဆူအဖြစ် ပညာရှင်တို့ လေးစားဦးညွှတ်လျက်ရှိကြပါသည်။ ထိုကျမ်းကြီးသည် ဆရာတော်၏ အပြောင်မြောက်ဆုံး လက်ရာဖြစ်ဖွယ်ရှိပါသည်။

*ဆရာတော်အရှင်ကေလာသ၏ ပဥ္စက္ကျုသာသနာဝင်ကျမ်း။*

*စာ ၁၅၃-၄။*

## ၂၅။ မည်သူနှင့်မျှ မငြင်းခုံသောဆရာတော်

"အကျွန်ုပ်၏ တရားဓမ္မ ကျမ်းဂန်စာပေအယူအဆ အဝဝ သောကိစ္စရပ်တို့၌ မူလပကတိသဘောထား စိတ်ရင်းအလေ့အကျက်မှာ မည်သူနှင့်မျှ ငြင်းခုံခြင်းမပြုဘဲ အေးဆေးစွာ ပြီးစီးအောင်မြင်စေခြင်း ဖြစ်ပါသည်။ထို့ကြောင့်ပင် ကျမ်းဂန်စာပေ အယူအဆအဝဝသော အရေးအခင်းတို့နှင့် ရင်ဆိုင်တွေ့ကြုံလျှင် ငြင်းခုံခြင်းကို အလျဉ်းမပြုဘဲ အေးဆေးစွာပင် ပြဿနာတို့ကို ငြိမ်းအေးစေပါသည်။ (အထူးသဖြင့်) သီတင်းသုံးဖော်တို့နှင့်စပ်၍ ငြင်းခုံဖွယ်ရာ အကြောင်း တစ်စုံတစ်ရာပေါ်ပေါက်ခဲ့လျှင် လက်အုပ်ချီမိုး တိုးလျှိုးတောင်းပန်၍ တွေ့ကြုံသောကိစ္စအဝဝတို့ ပြီးပြေစေခဲ့ပါသည်။ (ထို့ကြောင့်ပင်လျှင်) အကျွန်ုပ်ကို ရင်းနှီးခင်မင်သော သီတင်းသုံးဖော်ဆရာတော်တို့က "ဦးဝိစိတ္တက လက်ျာဓမ္မာစရိယ လူပျော့ပါကွာ"ဟူ၍ပင် အဝေဖန်ခံခဲ့ရပါသည်။ ထိုဝေဖန်ချက်ကို နှစ်နှစ်သက်သက် ကျွန်ုပ်ခံယူခဲ့ပါသည်။

*တိပိဋကမင်းကွန်းဆရာတော်*
*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ အတွဲ ၁/ အမှတ် ၆။*

## ၂၆။ မြောင်းမြဆရာတော်ကြီး (၁၂၅၀–၁၃၃၇) ၏ နောက်ဆုံးဩဝါဒ

(ဆရာတော်ကြီးသည် တစ်ဘဝဇာတ်သိမ်း ငြိမ်းတော်မမူမီ သုံးလေးရက်ခန့် ၂၀–၇–၁၉၇၅ တွင် ရင်းနှီးသောတပည့်ကြီးများကို မိမိအနားသို့ခေါ်လျက် အောက်ပါဩဝါဒကို ကြိုးစားမိန့်မြွက်တော်မူပါသည်။)

''တို့ရှိရှိ မရှိရှိ လုပ်စရာရှိတာများကို အချင်းချင်းတိုင်ပင်ပြီး စေ့စေ့စပ်စပ် ကြည့်လုပ်ကြ။ တို့က သူတော်ကောင်းလမ်းစဉ်ကို အသက်ပေးပြီး စောင့်ရှောက် ထိန်းသိမ်းနေကြတာ။ အမှားမခံနိုင်ဘူး။ အခုလုပ်နေကျ ပုံမှန်အတိုင်းသာ တိတိကျကျလုပ်ကြ။ အချိန်ကျရင် သူ့ဟာသူဖြစ်လာမှာပါ။ အမှတ်တမဲ့ ပေါ့ပေါ့ဆဆ ဘာမျှ မလုပ်မိကြစေနဲ့။ သာသနာပြုပုဂ္ဂိုလ်ဆိုတာ သတ္တိရှိရတယ်။ မမိုက်ရဘူး။အမှန်အတိုင်း ပြောဝံ့ လုပ်ဝံ့ပြီး အမှားကို ရှောင်နိုင်တာကို သတ္တိရှိတယ်လို့ ခေါ်တယ်။ အမှားကို လုပ်ဝံ့ ပြောဝံ့ပြီး အမှန်ကို ရှောင်တာကျတော့ မိုက်တယ်လို့ခေါ်တယ်။ ဒါကိုမှတ်ထားကြ။ သေသေချာချာ မှတ်ထားကြ။ အဲဒါပဲ၊ သတိထားပြီး လုပ်ကြပေတော့''

*မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ၊ စာ-၅၃၃-၄။*

## ၂၇။ ကြောင်းမြ ဝဋုတ္တူဆရာတော်များ၏ တပည့်အုပ်ချုပ်ပုံ

ဆရာက တပည့်များကို ဖိနှိပ်၍လည်း မထား၊ လွတ်လွတ်လပ်လပ်လည်း မထားဘဲ အလယ်အလတ်နည်းဖြင့် အုပ်ချုပ်ပါတယ်။ ဒကာ၊ ဒကာမတွေနှင့် ရင်းရင်းနှီးနှီး ရောရောနှောနှောနေတဲ့ တပည့်ကို (မိမိစကား နားထောင်ပုံရလျှင်) ထိုသို့ မနေအောင် တားမြစ်ပါတယ်။ စကားနားထောင်ပုံမရတဲ့တပည့်ကို ငယ်ရင်အပြစ်ပေးပြီး ကြီးရင် လျစ်လျူရှုပါတယ်။ သို့သော် မိမိဆိုင်ရာတိုက်မှာတော့ နေခွင့်မပေးပါ။

*တောင်မြို့မဟာဂန္ဓာရုံဆရာတော်၊တစ်ဘဝသံသရာ-စာ-၂၉၅။*

## ၂၈။ ရာဟုလာရဲ့ ရှင်ပြုပွဲ

မြတ်စွာဘုရားရဲ့ သားတော်လေး ရာဟုလာရဲ့ ရှင်ပြုပွဲကို ကြည့်ပါဦး။ ဖခင်က စကြာဝတေးမင်းဖြစ်မယ့်သူ၊ တောထွက်ပြီး တရားကျင့်တော့လည်း တစ်ကမ္ဘာလုံးမှာ အသာဆုံးပုဂ္ဂိုလ်၊ မိခင်ကလည်း ထိပ်ခေါင်တင်၊ ရာဟုလာ ကိုယ်တိုင်ကလည်း စကြာမင်းလောင်း၊ အဘိုးကလည်း သုဒ္ဓေါဒနရှင်ဘုရင်၊ စည်းစိမ်တွေဆိုတာကလည်း ပေါမှပေါ။

ပကာသနလုပ်ချင်ရင် တိုင်းတုန်အောင် လုပ်လို့ရတာပေါ့။ ဒါပေမဲ့ ကျောင်းခေါ်၊ ခေါင်းရိတ်ပြီး သရဏဂုံပေးလိုက်တာနဲ့ ရှင်ပြုပွဲက ပြီးရော။

*အရှင်ဇနကာဘိဝံသ၏ ဘဝလမ်းညွှန်လက်ဆောင်မွန်၊စာ-၁၁၂၊*
*အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)။*

## ၂၉။ ရေစကြိုဆရာတော်ကြီး တဗ္ဗနုဝဲနသာရမဟာထေရ် (၁၁၉၄–၁၂၇၆)

**၂၉း၁ ဆရာတော်၏ဥဒါန်း။** ။အောင်မြင်ကျော်ကြား သောသူတိုင်း၌ ထူးခြားသော ကျင့်ဝတ်တစ်မျိုး ရှိကြစမြဲဖြစ်၏။ ပခုက္ကူနိကာယကြီးကို အစအဆုံး တည်ထောင်ဖန်ဆင်းတော်မူသော ရေစကြိုဆရာတော်ဘုရားကြီး၌လည်း ထူးခြားသော ကျင့်ဝတ်တစ်ခု ရှိလေသည်။ စာချခါနီးတိုင်း အောက်ပါဥဒါန်းတော်ကို ကျူးရင့်လေ့ ရှိခြင်းပင်။

**'စိရံ တိဋ္ဌတု သဒ္ဓမ္မော မမာရာမေ၊ တဿ နမာမိ နိစ္စံ'**

(ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ ဟူသော သဒ္ဓမ္မတရား (၃)ပါးသည် ငါ့တိုက်တာအတွင်းမှာ ကြာကြာတည်တံ့ပါစေ။ ထို သဒ္ဓမ္မတရား (၃)ပါးအား အမြဲ ရှိခိုးပါ၏။)

ယင်းကိစ္စနှင့်ပတ်သက်၍ ဆရာတော်ဘုရားကြီးက တပည့်တစ်ဦးဖြစ်သူ ပါရာဇိကဏ် အဋ္ဌကထာနိဿယပျကျမ်းပြု မအူဆရာတော် ဦးနာရဒအား ထုတ်ဖော်ပြောဖူးပါ၏။

''စစ်သားဟာ လက်နက်ကောင်းတစ်ခုရှိရသလို ငါ့မှာလည်း လက်နက်ကောင်းတစ်ခု ရှိတယ်။ နင်သိလား''ဟု မအူဆရာတော်အားမေး၏။ မအူဆရာတော်က ပြန်လည်လျှောက်ထားခြင်းမပြုဘဲ ဆိတ်ဆိတ်နေရာ ဆရာတော်ကြီးက ထပ်မံ၍ အမိန့်ရှိ၏။ ဟဲ့–ငါ

စာချခါနီးတိုင်းဆိုတာ မကြားဘူးလား။ ငါ(မန္တလေး) 'တိုက်တော်'မှာ နေတုန်းက 'စိရံ တိဋ္ဌတု သဒ္ဓမ္မော တဿ နမာမိ နိစ္စံ'လောက်ပဲ ဆိုတယ်။ ဒီပခုက္ကူရောက်တော့ 'မမာရာမေ' ပုဒ်ထည့်ပြီးတော့ ဆိုတယ်။ နင်မှတ်ထား။ နင်က ငါ့တိုက်မှာ ကြာကြာနေမယ့်လူ မဟုတ်ဘူး။

**၂၉း၂ သာသနာပြုတော်မူပုံ ။** ။ဆရာတော်ကြီးသည်–

၁။ မိမိကျောင်းတိုက်ရှိ တိုက်အုပ်ဆရာတော်များ၊ ဂဏဝါစက ဆရာတော်များနှင့် ကျောင်းအုပ်ဘုန်းတော်ကြီးများအား သီတင်းနေ့တိုင်း စည်းဝေးတိုင်ပင်စေသည်။
၂။ တစ်တိုက်လုံး သံဃဥပုသ် အမြဲပြုစေတော်မူသည်။
၃။ သိက္ခာကျင့်ဝတ် ချွတ်ယွင်းသူများကို တိုက်တာမှ ထုတ်စေသည်။
၄။ မိမိထက် သိက္ခာကြီးသူ အရှင်မြတ်တို့အား ဝါကျွတ်တိုင်း သွားရောက် ကန်တော့တော်မူသည်။
၅။ ဆွမ်းစဉ်၊ ပရိတ်ရွတ်၊ အလှူခံမလိုက်ဘဲ စာပေပို့ချမှု၌သာ မွေ့လျော်တော်မူသည်။
၆။ ညဉ့်သုံးယာမ် တစ်ယာမ်သာ ကျိန်းစက်တော်မူ၍ နှစ်ယာမ် ၌ ကမ္မဋ္ဌာန်းဘာဝနာဖြင့် ပျော်မွေ့တော်မူသည်။
၇။ မင်းတုန်းမင်းတရားကြီး၏ ကျောင်းဆောက် တင်လှူခြင်း နှင့် ပူဇော်ခြင်းကို ငြင်းပယ်တော်မူသည်။
၈။ မင်းတုန်းမင်းတရားကြီး ဆက်ကပ်သော'ဂန္ထသာရာ ဘိဝံဇ သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု'ဘွဲ့တံဆိပ်တော်ကိုလည်း မခံယူဘဲ ငြင်းပယ်တော်မူသည်။
၉။ တောင်ခွင်သာသနာပိုင်လက်ထက်တွင် အင်္ဂလိပ်အစိုးရ

ကိုယ်စား တောင်ခွင်သာသနာပိုင် ပို့စေအပ်သော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်ကို နှစ်ကြိမ်တိုင် ပြန်ပို့တော်မူစေသည်။

၁၀။ မန္တလေးမြို့တော်၌ စာလိုက်စဉ် စာချအုံ့ဆဲဆဲ၌ ဆွမ်းစဉ်ပင့်သူနောက်သို့ စာဝါဆိုင်း၍ လိုက်သွားသော စာချဆရာတော်ထံ၌ စာဝါလိုက်ခြင်းကို ဖြတ်လိုက်တော်မူသည်။

၁၁။ ကျောင်းတိုက်တွင် ဥပုသ်သည်များကို လက်မခံဘဲ သီလယူပြီး ပြန်သွားစေတော်မူသည်။

၁၂။ ပျံလွန်တော်မူခါနီး နာရီပိုင်းအထိ ပရိယတ်စာပေကို ပို့ချခဲ့သည်။ ရွှေစက်တော်သို့ ဘုရားဖူးကြွရာ၌ပင် လှေပေါ်တွင် စာပလွှေခင်း၍ စာပို့ချတော်မူသည်။

## ၂၉း၃ ဆရာတော်၏ ဂန္ထဝင်လက်ရာများ

၁။ ပကိဏ္ဏက စာစပ်နှင့် ကခ်ီအဋ္ဌကထာ၊ ဒီဃနိကာယ်ပါဠိတော်၊ မဇ္ဈိမနိကာယ်ပါဠိတော်၊ သံယုတ္တနိကာယ်ပါဠိတော်၊ အင်္ဂုတ္တရနိကာယ်ပါဠိတော်၊ မဇ္ဈိမနိကာယ်အဋ္ဌကထာ၊ ဇာတ်အဋ္ဌကထာ၊ ပါရာဇိကဏ်ပါဠိတော်၊ ပါစိတ်ပါဠိတော်၊ မဟာဝါပါဠိတော်၊ ပါရာဇိကဏ် အဋ္ဌကထာ၊ ပါစိတ်အဋ္ဌကထာ၊ မဟာဝါ အဋ္ဌကထာ ကျမ်းကြီးများကို နိဿယ စီရင်တော်မူခဲ့သည်။

ဆရာတော်၏ ကျမ်းစာများ အရည်အသွေးနှင့်ပတ်သက်၍ အကဲဖြတ် မှတ်ချက်ရေးလိုသူသည် ဆရာတော်ကဲ့သို့ ထိပ်တန်းပညာရှိကြီးဖြစ်မှသာ ပြည့်စုံသောမှတ်ချက်ကို ရေးနိုင်ပါလိမ့်မည်။ မျက်မှောက်ခေတ် ပညာရှိအချို့က ဆရာတော်၏ ကခ်ီနိဿယကြီး တစ်စောင်ကို ကျေညက်စွာ ဆည်းပူးလေ့လာနိုင်လျှင်ပင် စာတတ်

ပုဂ္ဂိုလ်ကြီးတစ်ဆူ ဖြစ်နိုင်လောက်သည်ဟု ဆိုကြပါသည်။

ထိုနီသယကြီးသည် ဆံရာတော်၏ အပြောင်မြောက်ဆုံး လက်ရာ ဟုတ်မဟုတ် သေချာစွာမဆိုနိုင်သော်လည်း ပညာရှိတို့ အထူးလေးစား ဦးညွှတ်အပ်သော ကျမ်းမြတ်တစ်ဆူဖြစ်ကြောင်းက တော့ သေချာပါသည်။

*- ပဋ္ဌာန်းသာသနာဝင်ကျမ်း။ အရှင်ကောလာသ။*

*- ရွှေတောင်ဆရာတော်၏ ဘဝနှင့်စာပေအထွေထွေ၊*

*အရှင်မာဃကာလင်္ကာရ။*

*- ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ။ ဓမ္မာစရိယဦးဌေးလှိုင်။*

## ၃၀။ ရှေးဆရာတော်များ ဆရာကို ထိပ်လေးစားကြတယ် (၁)

တပည့်တော်တို့ရဲ့ ကျေးဇူးတော်ရှင်ဖြစ်တော်မူတဲ့ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးဟာ အင်မတန်နူးညံ့သိမ်မွေ့တယ်၊ နိဝါတ နိမာနရှိတယ်။ဆရာသမားပြောတဲ့ စကားကိုလည်း အင်မတန်နားထောင်တယ်။ ဆရာတော်ဘုရားရဲ့ ဆရာဖြစ်ဖူးတဲ့ လူပြန်တော် ဦးမှုန်ကြီး ဆိုတာရှိတယ်။ စိန်ပန်းနားမှာ နေတယ်။ တစ်နေ့တော့ ဦးမှုန်ကြီးက သံဃာတော်များ ဥပုသ်ပြုနေတဲ့ အချိန်မှာ ရောက်လာတယ်။ ဥပုသ်ပြုတာက သုံးနာရီလောက်မှာပြုတော့ နေအလင်းရောင်ရှိသေးတယ်။ ဒါကြောင့် ဆရာတော်ကြီးက မီးမထွန်းခိုင်းပါဘူး။ မီးမထွန်းဘဲ ဥပုသ်ပြုနေကြတယ်။ ဦးမှုန်ကြီးကလည်း တစ်ထောင့်က ထိုင်ပြီး ကြည့်ညို့နေတယ်။ ပါ့တိမောက် နာနေတယ်။ ဥပုသ်ပြုပြီးတဲ့အခါ ဆရာတော်ကြီးနောက် ကျောင်းပေါ်ထိ တက်လိုက်သွားတယ်။ 'သမ္မဇ္ဇနီ ပဒီပေါစ'လို့ စာဆိုအရှိသားနဲ့ မီးမထွန်းဘဲ ဥပုသ်ပြုရကောင်းလားလို့ ဆရာတော်ကြီးကို ဆူပူသွားတယ်။ ဆရာတော်ကြီးက ရာဇဂုရုနဲ့ အဂ္ဂပဏ္ဍိတ ဘွဲ့နှစ်ထပ်ရထားတဲ့ ဆရာတော်ကြီး၊ ဆရာဖြစ်ဖူးတာနဲ့ ဘာမျှပြန်မပြောဘူး။ အသာလေးပြုံးပြီး နားထောင်နေလိုက်တယ်။ အဲဒီတုန်းက အခုလို ဓာတ်မီးသွယ် ထားတာလည်း ရှိသေးတာမဟုတ်ဘူး။ နောက်တစ်နေ့မှာ ဥပုသ်ပြုတဲ့အခါ ထွန်းရအောင်လို့ ဦးမှုန်ကြီးက ရေနံဆီမီးအိမ်ကလေးတစ်လုံး လာလှူသွား

တယ်။ ရေနံ့ဆီလည်းပါတယ်။ ဆရာတော်ဘုရားကိုလည်း အမြဲ မီးထွန်းခိုင်းပြီး ဥပုသ်ပြုစေတာပဲ။ တို့ စည်ရှင်မှာနေတုန်း လေးဝါရ လောက်မှာ ဦးမှုန်ကြီး ကွယ်လွန်သွားတယ်။ဒီတော့ ဥပုသ်နေ့ရောက် လာတဲ့အခါ ''နေအလင်းရောင် အရှိသားပဲ။ မီးထွန်းစရာမလိုပါဘူး။ ဒီနေ့ကစပြီး မီးမထွန်းကြနဲ့တော့။ အရင်မီးထွန်းနေရတာက တို့ဆရာ ဦးမှုန်ကြီးက ပြောဆိုဆုံးမထားလို့ သူ့ကိုလေးစားတဲ့အတွက် ထွန်းနေရ တာပဲ''လို့ အမိန့်ရှိလိုက်တယ်။ အဲဒီကစပြီး မီးထွန်းရသက်သာ သွားတယ်။

*ရွှေကျင်သာသနာပိုင်မြောင်းမြဆရာတော်၊*
*မြောင်းမြဆရာတော်နှင့်ဗုဒ္ဓမြတ်စွာသာသနာ ၈၁-၃၀၆-၇။*

## ၃၀။ ရှေးဆရာတော်များ ဆရာကို ထိပ်လေးစားကြတယ် (၂)

တစ်ခါမှာလည်း ဒီမဟာဝိသုဒ္ဓါရုံတိုက်သစ်မှာ နေသွားဖူးတဲ့ မြင်းခြံနယ်က ဘုန်းကြီးတစ်ပါး သပိတ်အိတ် မအပ်တဲ့အကြောင်း စာစောင်စာတမ်း ရိုက်နှိပ်ဖြန့်ဝေနေတယ်။ ဒါကို မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီး ကြားသိရတဲ့အခါ "မောင်ဇောတိပါလ၊ သပိတ်အိတ် အပ်တဲ့အကြောင်း ချေပရေးသားရမယ်"လို့ အတိသုဒ္ဓါရုံဆရာတော်ကို ခေါ်ပြီး အမိန့်ရှိတယ်။

အဲဒီတုန်းက အတိသုဒ္ဓါရုံဆရာတော်ဟာ တိုက်ထဲမှာပဲ ရှိနေသေးတယ်။ သူကိုယ်တိုင်လည်း ဆရာတော်ဘုရားထံမှာ စာလိုက်တယ်။ အောက်လက်လူငယ်များကိုလည်း စာချပေးနေတယ်။ ဒီတော့ အတိသုဒ္ဓါရုံဆရာတော်က "မဝံ့ပါဘုရား၊ မဝံ့ပါဘုရား"လို့ လျှောက်ထားတယ်။ ဘာဖြစ်လို့ မဝံ့တာတုံး မေးတဲ့ အခါကျတော့ "သူ့ဆီမှာ သဒ္ဒါနည်းနည်းတက်ဖူးပါတယ်။ နာမ်ပထမပိုင်းလောက် တက်ဖူးပါတယ်။ ဒါကြောင့် တပည့်တော်ရဲ့ ဆရာဖြစ်ဖူးလို့ မဝံ့တာပါဘုရား" လို့ လျှောက်ထားတယ်။

ဒါကိုကြည့်၊ ရှေးဆရာတော်များ ဆရာကို ဘယ်လောက် လေးစားတယ်ဆိုတာ။ ဒါကြောင့်လည်း ကြီးပွားကြတာပဲ။ တိုးတက်ကြတာပဲ။ အခုခေတ်မှာတော့ ဋီကာကျော် တစ်ကျမ်းကုန်အောင် ချပေးတဲ့ဆရာကို သင်းပိုင်တစ်ထည်ပေးတဲ့သူကိုလောက်

ကျေးရူးတင်ရမှန်း မသိတော့ဘူး။ အများစုကိုက ဓမ္မထက် အာမိသကို အရေးပေးနေကြတယ်။

*ရွှေကျင်သာသနာပိုင်မြောင်းမြဆရာတော်၊ မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာ သာသနာ၊ စာ-၃၀၇။*

## ၃၂။ လေ့ကျင့်ယူလျှော် ရစမြဲ

'သာသနာပြုပုဂ္ဂိုလ်'ဆိုတာ စိတ်ထားဖြူစင် ဖြောင့်မတ်ဖို့ လိုသလို အဝတ်အစား၊ အနေအထိုင်၊ အပြောအဆို စတာတွေဟာလည်း သပ်သပ်ရပ်ရပ် ကြည်ညိုဖွယ်ဖြစ်နေဖို့ လိုအပ်တယ်။

နိဂြောဓသာမဏေလေးရဲ့ အဝတ်အရုံ ဣန္ဒြေသိက္ခာကို မြင်လိုက်ရရုံနဲ့ ကြည်ညိုသွားရတဲ့ အသောကမင်းကြီး၊ ရှင်အရဟံရဲ့ တည်ငြိမ်တဲ့သိက္ခာ ပုံပန်းအသွင် အဝတ်အရုံကို မြင်ရရုံနဲ့ ကြည်ညိုသွားရတဲ့ ပုဂံအနော်ရထာမင်းတွေဟာ သာသနာအတွက် ဘယ်လောက် အကျိုးများသွားသလဲ။

အဲသလို သေသပ်ကျနတဲ့ အသွင်အပြင်ဖြစ်အောင် အကြိမ်ကြိမ် အထပ်ထပ်သင်ယူရင်၊ လေ့ကျင့်ယူရင် ရနိုင်တာမျိုးပါ။ မရနိုင်စရာမရှိပါဘူး။

*အရှင်ဇနကာဘိဝံသ၏ ဘဝလမ်းညွှန်လက်ဆောင်မွန် စာ-၈၂*
*အရှင်အာစာရလင်္ကာရ (စစ်ကိုင်း ရွှေဟင်္သာ)။*

## ၃၃။ လယ်တီဆရာတော် (၁၂၀၈–၁၂၈၅)

*၃၃း၁* သမိုင်းဝင် စွယ်စုံပုဂ္ဂိုလ်ကျော်။ ။ဆရာတော်ကြီးကား သာသနာတစ်ခေတ် ဆန်းသစ်ရေးအတွက် သမိုင်း၏ တောင်းဆိုချက်အရ ပေါ်ထွက်လာသည့် သမိုင်းဝင် စွယ်စုံပုဂ္ဂိုလ်ကြီးဖြစ်ချေ၏။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ စသော အဘိဓမ္မာတရားများနှင့် သမထ ဝိပဿနာ ဘာဝနာတရားအရသာများကို ပါဠိနှင့် မနီး၊ စာကြီးပေကြီးနှင့်မစပ်၊ ရိုးရိုးမြန်မာစကားနှင့်စာကိုသာ တတ်သူတို့အတွက် ဟောပြောရေးသားနိုင်သည့် ပုဂ္ဂိုလ်ထူးတစ်ဦး ပေါ်ထွက်ရန် ထိုခေတ် ထိုကာလ၏ သမိုင်းက တောင်းဆိုလျက် ရှိချေ၏။

ယင်းသို့ သမိုင်း၏ တောင်းဆိုချက်အရ လယ်တီဆရာတော်တည်းဟူသော အာဇာနည်ပုဂ္ဂိုလ်ထူးကြီး ပေါ်ထွက်လာကာ အရပ်သုံးစကားဖြင့် လူတိုင်းနားလည်အောင် ဟောပြောခြင်းဖြင့်လည်းကောင်း၊ ဒီပနီ၊ သံခိပ်စသော ကျမ်းပေါင်းများစွာ ပြုစုရေးသားခြင်းဖြင့် လည်းကောင်း၊ဓာတ်သံ၊ပရမတ်သံများကို စာတိုက်ဗီရိုနှင့် ဘုန်းတော်ကြီးကျောင်းဝိုင်းများကို ကျော်တက်၍ လူနေအိမ်ခြေ၊ မီးဖိုချောင်၊ နွားတင်းကုတ်၊ လယ်တဲဆီမှ တညံညံပေါ်ထွက်စေခဲ့လေ၏။

သမထ၊ ဝိပဿနာ ဘာဝနာတရားများကိုလည်း တောရ

ဆောက်တည်သည့် မဟာထေရ်များသာမက ကုန်သွယ်လယ်လုပ်၊ ထင်းခုတ်၊ နွားကျောင်းသူ လူသားတို့ပင် အားထုတ် ပွားများနိုင်စေခဲ့လေ၏။

**၃၃း၂ သမိုင်းဝင် စွယ်စုံပုဂ္ဂိုလ်ကျော်။** ။ဆရာတော်ကြီးကား သာသနာတစ်ခေတ်တွင် တစ်ယောက်သာ ပေါ်ထွန်းနိုင်သည့် သမိုင်းဝင်ပုဂ္ဂိုလ်ထူးကြီးတည်း။ ပိဋကတ်၊ အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထရတို့ကို ဒိုးလိုမွှေ၊ ရေလိုနှောက်နိုင်အောင် ပရိယတ္တိဘက်တွင် ကျွမ်းကျင်၍ သမထ၊ ဝိပဿနာ ဘာဝနာ အလုပ်တို့ကို ကိုယ်တိုင်လည်း အားထုတ်ပွားများခဲ့ပြီး သူတစ်ပါးတို့ကိုလည်း ခဲရာခဲဆစ် ရှင်းလင်းပြသ ညွှန်ကြားနိုင်အောင် ပဋိပတ်၌လည်း ကျွမ်းကျင်ပေရာ ပရိယတ်၊ ပဋိပတ် စွယ်စုံပုဂ္ဂိုလ်ကြီး ဖြစ်ပေ၏။

**၃၃း၃ ပါဠိမြန်မာ စွယ်စုံဆရာတော်။** ။ ဆရာတော်ကြီးသည် နိရုတ္တိဒီပနီ၊ ပရမတ္ထဒီပနီစသော ပါဠိဘာသာရေးကျမ်းကြီးများကိုလည်း စီရင်ခဲ့၏။ ယင်းကျမ်းကြီးတို့၏ ပါဠိဂတိ= ပါဠိစကားသွားမှာ ရှင်းလင်းညက်ညောလှ၏။ ဖတ်ရသူတို့ လွယ်ကူသိသာလှ၏။ ပါဠိအစီအကုံး ခန့်ညား၏။ တင့်တယ် ထယ်ဝါ၏။ ဤကဲ့သို့ ပါဠိကျမ်းကြီးများကို အမိဘာသာဖြင့် ရေးသကဲ့သို့ ရေးထားခဲ့သည်ကို ထောက်၍ ပါဠိဘာသာ၌ မည်မျှကျွမ်းကျင်သည်ကို အကဲခတ် သိရှိနိုင်၏။

ဗောဓိပက္ခိယဒီပနီ၊ ဥတ္တမပုရိသဒီပနီ စသော မြန်မာစကားပြေကျမ်းကြီးများကိုလည်း လူတိုင်းနားလည်စေနိုင်သော ဝေါဟာရသန့်ရှင်းသောဝါကျ၊ သိပ်သည်းကျစ်လျစ် စနစ်ကျသော ကျမ်းဖွဲ့စည်းပုံတို့ဖြင့် ရေးသားပြုစုပေးခဲ့၏။

ပရမတ္ထသံခိပ်၊ ဝိနယသံခိပ်စသော မြန်မာကဗျာရေး ကျမ်းကြီးများကိုလည်း ပြုစုခဲ့၏။ သုံးလူ့ရှင်ပင်ချီလင်္ကာ၊ ဘုန်းရောင်ထွန်းထိန်ချီလင်္ကာ စသော လင်္ကာများ၊ မိုက်မလင်းနိုင်ဘူးချီ သံဝေဂရေးရိုးလေးချိုးကြီးစသော လေးချိုးကဗျာများ၊ ငါးအာရုံ ဘင်အစု၊ ခင်မှုနှင့်နေ့ကုန်ချီ ဩဝါဒတေးထပ်စသော တေးထပ် ကဗျာများကိုလည်း ဖွဲ့ဆိုတော်မူခဲ့၏။

ဤစကားပြေကျမ်းများနှင့် ကဗျာရေးကျမ်းများ၊ ကဗျာများကို ဖတ်ရှု၍လည်း မြန်မာဘာသာ၌ မည်မျှနိုင်နင်းကြောင်းကို ခန့်မှန်းနိုင်၏။

**၃၃း၄ အဟော၊ အရေး စွယ်စုံဆရာတော်။** ။ ဆရာတော်ကြီးသည် မြန်မာပြည်အရပ်ရပ်သို့ လှည့်ပတ်ကြွရောက်ကာ တရားပွဲများကို ခြိမ့်ခြိမ့်သဲမျှ ဆင်နွှဲဟောပြောတော်မူခဲ့၏။ ထိုထိုပါဠိ မြန်မာကျမ်းပေါင်းများစွာကိုလည်း ရေးစီရင်တော်မူခဲ့၏။ ယင်းသို့သော အကြောင်းများကြောင့်လည်း ဆရာတော်ကြီးအား အဟော အရေး စွယ်စုံပညာရှင်ကြီးဟူသော ဂုဏ်ထူးဖြင့် ချီးကျူးပူဇော်ထိုက်လှပေ၏။

**၃၃း၅ သတ္တိဗျတ္တိ စွယ်စုံဆရာတော်။** ။ပြုလုပ်ဆောင်ရွက်ထိုက်သည်ကို ပြုလုပ်ဆောင်ရွက်ရန် စွမ်းနိုင်ခြင်းသည် 'သတ္တိ'မည်၏။ ယင်းသတ္တိကို ဖော်ထုတ်အသုံးချကာ ပြုလုပ်ဆောင်ရွက်နိုင်ခြင်းသည်'ဗျတ္တိ'မည်၏။ ဆရာတော်ကြီးကား သတ္တိ၊ ဗျတ္တိ နှစ်ရပ်ရှိသော စွယ်စုံပုဂ္ဂိုလ်ကြီးတည်း။

မြန်မာပြည်၌ ဆရာစဉ်ဆက် လက်စွဲပြု သင်ကြားလာခဲ့သော မြန်မာတို့က အမြွတ်တနိုး 'ဋီကာလှ'ဟုလည်းကောင်း၊ 'ဋီကာ ကျော်'

ဟုလည်းကောင်း ခေါ်ကြသည့် သင်္ဂြိုဟ်အဖွင့်ဋီကာ၌ သဒ္ဒါအနက် မသင့်လျော်သည့်အချက်များကို တွေ့မြင်တော်မူ၏။

ယင်းသို့တွေ့မြင်သော မသင့်လျော်ဟု ထင်မြင်သည့် အချက်များကို သာသနာအကျိုး မျှော်ကိုး၍ မိမိကိုယ်တိုင်ရေးအပ်သည့် သင်္ဂြိုဟ်အဖွင့်ဋီကာ၊ ပရမတ္ထဒီပနီကျမ်း၌ အကြောင်းအကျိုး၊ အကိုးအကားများပြကာ ပယ်ရှားသုတ်သင် ပြဆိုတော်မူ၏။

ထိုအခါ ဋီကာကျော်ဘက်မှ အစဉ်အလာအစွဲဖြင့်လည်းကောင်း၊ အစွဲမရှိစေကာမူ ဋီကာကျော်အဆိုအမိန့် မှန်ကန်သည်ဟု ထင်မြင်၍လည်းကောင်း၊ လူပညာရှိ၊ ရဟန်းပညာရှိ များစွာတို့သည် ဟောပြောခြင်းဖြင့်တစ်မျိုး၊ ကျမ်းစာရေးသား၍တစ်ဖုံ ဆူပူကန့်ကွက်ကြ၏။ချေပကြ၏။မည်သို့ပင် ဆူပူကန့်ကွက်၊ချေပစေကာမူ ဆရာတော်ကြီးကား တုန်လှုပ်ချောက်ချားခြင်းမရှိရုံသာမက ပရမတ္ထအနုဒီပနီကိုပင် ထပ်မံပြုစုတော်မူလေ၏။

ဤ၌ ဋီကာကျော်ကျမ်း၏ ချွတ်ယွင်းချက်များကို သိမြင်နိုင်သည့် စွမ်းအင်သည် သတ္တိဖြစ်၏။ ယင်းစွမ်းအင်သတ္တိကို ဖော်ထုတ်အသုံးပြုကာ ရေးသားတင်ပြနိုင်ခြင်းသည် ဗျတ္တိဖြစ်၏။ဤကား ဆရာတော်ကြီး၏ သတ္တိ၊ ဗျတ္တိ စွယ်စုံပုဂ္ဂိုလ်ကြီးဖြစ်တော်မူပုံ သာဓကပေတည်း။

**၃၃း၆ ဆရာတော်၏ လုပသောနှလုံးသား။** ။ ဤလောက၌ နှလုံးသားလှသူတို့သာ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တတ်ကြ၏။ ဆရာတော်၏ ဘဝမှတ်တမ်းကြီးတွင် ကိုယ်တော်တိုင်ရေး ကျေးဇူးကမ္ပည်းကလည်း တောက်ပြောင်လှ၏။ အောက်ပါ အကြောင်းအရာတို့ကား ဆရာတော်ကိုယ်တိုင် ထိုးခဲ့သော ကျေးဇူးကမ္ပည်းမဟုတ်တုံလော။

(က) ဆရာတော်ကြီးသည် ဆရာ့ကျေးဇူးဂုဏ်ကို အမြဲ အမှတ်ရတော်မူလေ့ရှိ၏။ ကျေးဇူးရှင်ဆရာတော်များအနက် စလင်း ဇာတိဆရာတော်ဦးပဏ္ဍိစ္စသည် အပြဋ္ဌာန်းဆုံးဆရာဖြစ်ခဲ့၏။ ထိုဆရာ တော်ထံတွင် ဝိနည်းအဘိဓမ္မာ အဋ္ဌကထာကြီးများကို အာစရိယမုဋ္ဌိ ဆုပ်ကိုင်မိအောင် ဆိုဝါ၊ တက်ဝါနှင့် သင်ယူတော်မူခဲ့ရ၏။ ဆရာ တော်ကြီးသည် တစ်ခေတ်တစ်ယောက် သမိုင်းဆောက် မော်ကွန်းထူ ပါရဂူပဏ္ဍိတ်ကြီးအဖြစ် ထင်ပေါ်ကျော်ကြားသော ဘဝမှာပင် မာန် တက်တော်မမူဘဲ–

''ငါ့ဗိုက်ထဲမှာ ရှိသမျှ ပညာများသည် စလင်းဦးပဏ္ဍိစ္စ ဟာတွေချည်းပဲ'' ဟူ၍ မကြာခဏ မိန့်ကြားတော်မူလေ့ရှိသတဲ့။

(ခ) ရွှေပြည်ဝန်ကြီးခေါ် ယောအတွင်းဝန်ဦးဘိုးလှိုင်သည် ဆရာတော်လောင်းလျာအား တော်လှန်သောဒဿနများ၊ ခေတ်မီ စာရေးနည်းပညာများကို ပို့ချခဲ့၏။ ထိုဆရာကြီး၏ ကျေးဇူးဂုဏ် ကိုလည်း အခွင့်သင့်တိုင်း ဖော်ထုတ်တော်မူခဲ့သတဲ့။

(ဂ) ညောင်ကန်ရွာရှိ ဆရာတော်ဦးဗုဓ်၏ ကျောင်းတော်သို့ ရောက်သောအခါ ရှေးဦးစွာ ကျောင်းပေါ်သို့ မတက်သေးဘဲ ''ဆရာ တော်ဦးဗုဓ်၏ ကျေးဇူးတော်ကြောင့် ယခုလိုတတ်သိလိမ္မာရပေ သည်''ဟု နှုတ်မြွက်ကာ လက်အုပ်ချီ၍ ရှိခိုးဦးခိုက်လျက် ကျောင်း တော်ကြီးကို သုံးကြိမ်လှည့်ပတ်ပူဇော်သတဲ့။

(ဃ) ၁၂၄၇ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှတို့၏ ကိုလိုနီဘဝသို့ ကျရောက်ခဲ့ရလေတော့၏။ ထိုအခါ ဗြိတိသျှတို့၏ ကုလားဖြူ၊ ကုလားမည်း စစ်သားများက နွားများကို စည်းမဲ့ ကမ်းမဲ့ သတ်ဖြတ်စားသောက်လာကြ၏။ အောက်မြန်မာပြည် ရန်ကုန်မြို့မှ စ၍ နွားသတ်ရုံများ တစ်စတစ်စ တည်ဆောက်လာကြ၏။ မြန်မာ တို့၏ လူနေမှုစနစ်နှင့်လည်းကောင်း၊ မြန်မာ့ဘာသာတရား (ဗုဒ္ဓ

ဘာသာ)နှင့်လည်းကောင်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေလေပြီ။

ကျွဲနွားတို့သည် မြန်မာတို့၏ လယ်ယာလုပ်ငန်းခွင်တွင် မရှိမဖြစ်လိုအပ်သော ကုန်ထုတ်ယန္တရားများဖြစ်ရကား မြန်မာလူထုကြီးတစ်ရပ်လုံး၏ အသက်သခင်ကျေးဇူးရှင်များလည်း ဖြစ်ကြ၏။

ထိုကဲ့သို့သော အခြေအနေနှင့် အချိန်အခါတွင် ဆရာတော်၏ နှလုံးအိမ်သည် ကျေးဇူးမေတ္တာနှင့် သနားကရုဏာဓာတ်တို့ကြောင့် ဖျပ်ဖျပ်လူးမျှ တုန်လှုပ်လျက်ရှိချေပြီ။

ရဟန်းရှင်လူ ပြည်သူပြည်သားများအား နွားသားရှောင်ကြဉ်ကြရန် 'နွားမေတ္တာစာ'ကို ရေးသားကာ လှုံ့ဆော်တော်မူလေတော့၏။ ထိုမေတ္တာစာဖြင့် အကျိုးနှစ်ချက်ကို ရည်စူးတော်မူ၏။

၁။ကျေးဇူးရှင်ကျွဲနွားတို့အား အသက်ဘေးမှ ချမ်းသာရေးအတွက် ကျေးဇူးမေတ္တာ သနားကရုဏာဓာတ်တို့ဖြင့် ကာကွယ်ကြရန်၊

၂။နွားသားစားသူတို့၏ (လွှမ်းမိုးလာလတ္တံ့သော အန္တရာယ်မှ) အမျိုးဘာသာ သာသနာကို ကြိုတင်ကာကွယ်ကြရန် ဟူ၍ဖြစ်၏။

## အို. . . စာရှုသူ

'နွားမေတ္တာစာ'ကို ဖတ်ဖူးပါသလား။ အကယ်၍ စာဖတ်သူလက်လှမ်းမီရာ၌ 'ထိုမေတ္တာစာ'ရှိခဲ့ပါသော် သေချာစွာ ရှုစမ်းစေချင်ပါ၏။ အက္ခရာ၊ ပဒ၊ ဝါကျတို့ဖြင့် ဆရာတော်ရေးပြအပ်သော အနက်ကို ရှေဦးစွာတွေ့ရပါလိမ့်မည်။ထိုအနက်မှတစ်ဆင့် ဆရာတော် ဖော်မပြအပ်သော အနက်ကိုလည်း မြင်ရလိမ့်မည်။ ထိုအနက်၏ နောက်ကွယ်တွင်ကား အမျိုးဘာသာ သာသနာအပေါ် ချစ်တတ်၊ ကျေးဇူးသိတတ်သော ဆရာတော်၏ လှပသော နှလုံးသည်းပွတ်

တော်ကို ပြက်ပြက်ထင်ထင် ဖူးမြင်ရမည်ဖြစ်လိမ့်သတည်း။

*(နိရုတ္တိဒီပနီ နိဒါန်းနှင့် ကမ္မဋ္ဌာန်းကျမ်းကြီး နိဒါန်းမှ)*

## ၃၄။ ဝိနည်းအရေး အလေးပေးတဲ့ ဗုဒ္ဓိုလ်ကျော်

ဒုတိယကမ္ဘာစစ်ဖြစ်ပြီး၍ မကြာသေးသောအချိန်မှာ ပြည်သူ့ရဲဘော်၊ ကရင်သောင်းကျန်းသူ၊ ကွန်မြူနစ်ပါတီစသည်တို့ ပြည်တွင်းရေးမပြေမလည်၊မညီမမျှဖြစ်၍ ကာလဒေသ မတည်မငြိမ်ရှိနေကြသောကြောင့် နေ့ရောညပါ ကျီးလန့်စာစားနေကြရာ ကာလဝယ် (တောင်မြို့)ကျောင်းအစ်မကြီးက သံသေတ္တာငယ်တစ်ခုတွင် အတွင်းပစ္စည်းကိုထည့်၍ အိမ်မှာခိုင်းစေထားသော လူတစ်ယောက်ကို စေလွှတ်သဖြင့် ဆရာတော်(မဟာဂန္ဓာရုံ)ထံသို့ အားကိုးတကြီးဖြင့် လာရောက်အပ်နှံရာ ''ငါ့ကျောင်းပေါ်မှာတော့မထားခဲ့နဲ့၊ သင့်တော်သောကျောင်းဝင်းတစ်နေရာမှာ ဒကာကိုယ်တိုင် မြှုပ်နှံထားလိုက ထားခဲ့ပါလား''ဟု အမိန့်ရှိသံကို စာရေးသူ (အရှင်စန္ဒောဘာသ ဒုတိယမြောက် မဟာဂန္ဓာရုံဆရာတော်)ကိုယ်တိုင် ကြားခဲ့ရပါသည်။ ပစ္စည်းပို့လာသော ထိုဒကာလည်း တစ်နေရာမှာ သူ့သဘောအတိုင်း မြှုပ်နှံ၍ ပြန်သွားပါသည်။

နောက်တစ်နာရီခန့်ကြာသောအခါ ပျာယီးပျာယာဖြင့် ပြန်လာရာ ဘာကိစ္စရှိလို့ ပြန်လာတာလဲဟုမေးရာ တပည့်တော် မြှုပ်နှံထားတဲ့ပစ္စည်းကို စာချဘုန်းကြီး (ဆရာတော်ကို ရည်ညွှန်းသည်)က ကျောင်းပေါ်ထားခွင့်မပြုလျှင် တူးဖော်ပြီး ပြန်ယူခဲ့ရန် ကျောင်းအစ်မကြီးက ခိုင်းလို့ ပြန်လာခဲ့ကြောင်း ''စာချဘုန်းကြီးကလည်း သားလို

သဘောထားပြီး အားကိုးလို့အပ်တာတောင် တာဝန်မယူချင်ဘူး''လို့ ကျောင်းအစ်မကြီးက အပြစ်တင်စကား ပြောကြောင်း လျှောက်တော့ ''သာသနာ့မျက်နှာကို ကြည့်ရမှာပဲ၊ ဒကာမကြီး မျက်နှာကိုတော့ မကြည့်နိုင်တာ အားတော့နာပါရဲ့။ အဲဒါပြန်ပြောလိုက်၊ မှျပ်ထားတဲ့ ပစ္စည်းတွေလည်း ပြန်ယူသွားပါ''လို့ အမိန့်ရှိပါသည်။

*(တစ်ဘဝသံသရာစာရွှသူအတွက် မှာထားချက်မှ)*

## ၃၅။ သာသနာအရေး အသက်ပေး (လင်္ကာ)

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက၊ နောက်ဆုံးအထိ ပါရမီ၊ လူနတ်များစွာ ချမ်းသာရေးမို့ အသက်ပေးလို့ ဖြည့်ခဲ့သည်၊ ဗုဒ္ဓမြတ်စွာ သာသနာအတွက်မို့၊ ငါပါ အသက်ဆုံးစေမည်၊ နောက်မဆုတ်ပေါင်၊ ခုလိုတွေးလို့ ကုသိုလ်ရေးမို့ ကြိုးစားမည်။

*(တောင်မြို့မဟာဂန္ဓာရုံဆရာတော်၊ တစ်ဘဝသံသရာ စာ-၃၇၂)*

## ၃၆။ သားသမီးကောင်း လိုချင်ရင်

မိသားစုလည်း အကျိုးများ၊ သာသနာတော်လည်း အကျိုးများ၊ နိုင်ငံတော်လည်း အကျိုးများစေနိုင်တဲ့ သားသမီးတွေကို မွေးပေးလိုတဲ့ မိဘတွေဟာ မိမိတို့ကိုယ်တိုင် ရှေ့ဦးစွာ ဗုဒ္ဓအဆုံးမ သီလ၊သမာဓိ၊ ပညာအကျင့်တွေကို လက်တွေ့ကျင့်သုံးထားကြရမယ်။

*(ရွှေတောင်ကုန်းဆရာတော်)*

## ၃၇။ သားသမီးချင်းမတူ

မိရိုးဖလာအမည်ခံဗုဒ္ဓဘာသာမျှသာဖြစ်တဲ့ မိဘနှစ်ဦးထံမှ အငွေ့ခါတ်ကိုရသည့် သားသမီးထက် မိရိုးဖလာလွန် (သတိပဋ္ဌာန်ကိုယ်တွေ့ရှိတဲ့) မိဘနှစ်ဦးထံမှ အငွေ့ခါတ်ရသည့် သားသမီးက ရုပ်ပိုင်းဆိုင်ရာ၊ နာမ်ပိုင်းဆိုင်ရာ အရည်အသွေးတွေဟာ ပိုမိုကောင်းမွန်ပါတယ်။

*(ရွှေတောင်ကုန်းဆရာတော်)*

## ၃၈။ သူတော်ကောင်းတို့ အာရုံဆိတ်

ကျောင်းကန်ဘုရားဆိုတာ တိတ်ဆိတ်ရတယ်၊ ငြိမ်သက်ရတယ်၊ သန့်ရှင်းမှုရှိရတယ်။ ဘုရားလက်ထက်တော်တုန်းက ကျောင်းတိုက်ကြီးတွေဟာ ဒီလိုပဲရှိခဲ့တယ်။

ကျောင်းကန်ဘုရားမှန်ရင် ဒီလိုပဲ ဖြစ်အောင်လုပ်ရမယ်။

*အရှင်ဧနကာဘိဝံသ၏ ဘဝလမ်းညွှန်လက်ဆောင်မွန် စာ-၁၁၇၊*
*အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)။*

## ၃၉။ ထူတော်ကောင်းဖြစ်ကြသော သင်တို့သည် အောင်နိုင်အစ်ပါစေပြီ

မြတ်စွာဘုရားသည် ၁၂ ဝါမြောက်တွင် အိန္ဒိယပြည် အနောက်ပိုင်းရှိ ဝေရဉ္စာမြို့၌ ဝါကပ်တော်မူ၏။ ထိုအခါ၌ ဝေရဉ္စာမြို့နှင့်တကွ ပတ်ဝန်းကျင် တစ်ယူဇနာအတွင်းရှိ လူတို့သည် မာရ်နတ်၏ လှည့်စား ဖြားယောင်းထားခြင်းကို ခံရသော ကြောင့်လည်းကောင်း၊ အစာရှားပါးခြင်း၊ ဒုဗ္ဘိက္ခန္တရကပ်ဆိုးကြီးနှင့် ကြုံနေသောကြောင့်လည်းကောင်း ဘုရားနှင့် သံဃာငါးရာတို့အား တစ်စုံတစ်ယောက်မျှ ဆွမ်းမလောင်းကြပေ။

ဥတ္တရာပထ အရပ်မှလာသော မြင်းကုန်သည်ငါးရာတို့သည် ဝေရဉ္စာမြို့မှာ စခန်းချပြီး မိုးခိုနေကြသည်။ ထိုကုန်သည်တို့သည် မြင်းစာဂျုံဆန်များကို ရဟန်းတော်များအား တစ်စလယ်စီ လောင်းလှူကြသည်။ အရှင်အာနန္ဒာက ဂျုံဆန် (မုယောဆန်)ကို ထောင်းထုကြိတ်ချေ၍ ထောပတ်စသည်နှင့် ရောစပ်ကာ မြတ်စွာဘုရားအား ကပ်လှူလေသည်။ ရဟန်းတော်ငါးရာတို့လည်း ထိုမုယောဆန်ကို ထောင်းထုကာ ရေနှင့်နှူးပြီး ဘုဉ်းပေးတော်မူကြရသည်။

အဲဒီတုန်းက မြတ်စွာဘုရား၏ အခြံအရံဖြစ်တဲ့ ရဟန်းတော်တွေဟာလည်း အင်မတန်ကြည်ညိုဖို့ကောင်းပါတယ်။ ထောင်းထုပြီးတော့ ရေနဲ့နှူးပြီးစားကြရတဲ့ မုယောဆွမ်းဟာ ဘာမျှကောင်း

မှာမဟုတ်ပါဘူး။ ယခုကာလ ကြမ်းပေ့ဆိုတဲ့ ဆွမ်းကြမ်းခဲ စားရတာ လောက်တောင် ကောင်းမှာမဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီတုန်းက ရဟန်းတော်တွေဟာ အဲဒီမုယောဆွမ်းနဲ့ပဲ ရောင့်ရဲမှုတ နေတော်မူကြ တယ်။ အဲဒါကြောင့် မြတ်စွာဘုရားက ဒီလို ချီးကျူးတော်မူပါတယ်။

''အာနန္ဒ–အာနန္ဒာ၊ တုမှေဟိ သပ္ပုရိသေဟိ– သူတော် ကောင်းဖြစ်ကြသော သင်တို့သည်၊ ဝိဇိတံ– အောင်နိုင်အပ်ပါပေပြီ တဲ့''ရလာတဲ့ မုယောဆွမ်းမျှနဲ့ အားရရောင့်ရဲနေနိုင်ကြတဲ့အတွက် သင်တို့ဟာ အောင်ပါပေပြီ၊ အစာရှားတဲ့ ဘေးကိုလည်း အောင်ပါပေ ပြီ။ လောဘကိုလည်း အောင်ပါပေပြီ။ အလိုဆိုးကိုလည်း အောင်ပါပေ ပြီ''လို့ ဆိုလိုပါတယ်။

အစာရှားတဲ့ဘေးကို အောင်ပုံကတော့ အဲဒီတုန်းက ဝေရဥ္စာ မြို့နယ်နှင့် ဆက်စပ်နေတဲ့ အခြားရွာနိဂုံးတွေမှာတော့ အသီးအနှံ အထွက်ကောင်းပြီး သာယာဝပြောနေတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ အဲဒီလိုသာယာဝပြောတဲ့အရပ်မှာ ဝါမကပ်ဘဲ မြတ်စွာဘုရားဟာ ဒီအစားရှားတဲ့မြို့မှာ ဝါကပ်သီတင်းသုံးတဲ့အတွက် ငါတို့မှာ အစာ ရှားဘေးဆိုးနှင့်တွေ့ရတယ်လို့ ရဟန်းတစ်ပါးမျှ ကြံစည်ခြင်း၊ စိတ်ချခြင်း မရှိကြဘူးတဲ့။ အဲဒါဟာ အစာရှားတဲ့ဘေးကို သည်းခံ နိုင်ပြီး အောင်ပုံပါပဲ။

လောဘကို အောင်ပုံကတော့ ဆွမ်းကို မက်မောတဲ့ လောဘ ဖြင့် နေ့ချင်းမပြန်နိုင်တဲ့ အရပ်ကိုသွားပြီး ဆွမ်းခံခြင်း၊ ပုရိမဝါကို ဖျက်ပြီး သာယာဝပြောတဲ့ အရပ်မှာ ပြောင်းရွှေ့၍ ဝါကပ်ခြင်းမျိုးကို ရဟန်းတစ်ပါးမျှမပြုကြဘူးတဲ့။ အဲဒါဟာ လောဘကို အောင်ပုံပါပဲ။

အလိုဆိုးကို အောင်ပုံကတော့ ''မည်သည့်ရဟန်းဟာ စျာန်ရ တယ်၊ အဘိညာဉ်ရတယ်၊ အကြားအမြင်ပေါက်တယ်၊ ရဟန္တာပဲ'' စသည်ဖြင့် မိမိရဲ့ စျာန်အဘိညာဉ် မဂ်ဖိုလ် ဂုဏ်ထူးတွေကို ပြောကြား

ကြေညာမယ်ဆိုရင် လူတွေက အထူးကြည်ညိုကြပြီးတော့ မိမိတို့ ကိုယ်တိုင် မစားဘဲနေပေမယ့် လှူကြဖွယ်ရှိပါတယ်။ ဒါပေမဲ့ အဲဒီလို လာဘ်ရရေး၊ ဘုန်းကြီးရေးကို မျှော်တဲ့ အလိုဆိုးဖြင့် ရဟန်းတစ်ပါးမျှ မိမိတို့၏ဂုဏ်ကို မပြောကြ၊ မကြေညာကြဘူးတဲ့။ အဲဒါဟာ အလိုဆိုး ကို အောင်ပုံပါပဲ။

အဲဒီလို မြတ်စွာဘုရားက ရဟန်းတော်ငါးရာ၏ ဂုဏ်ကို ချီးကျူးပြီးတော့ နောက်ကာလ၌ ရဟန်းများ အလိုကြီးကြမည့် အကြောင်းကိုလည်း ဒီလိုမိန့်တော်မူခဲ့ပါတယ်။

"ပစ္ဆိမာ ဇနတာ- နောင်လာနောက်ပွားရဟန်းများသည်၊ သာလိမံ သောဒနံ-သင်တို့ကဲ့သို့ ရှေးသူတော်ကောင်းများကို ကြည်ညို၍ ရှိသေစွာလှူဒါန်းအပ်သော သလေးဆန် အသားဟင်းတို့ဖြင့်ပြီး သော မွန်မြတ်သောဆွမ်းဟင်းကို၊ အတိမညိဿတိ- ဒီဆွမ်းက မာလိုက်တာ၊ ပျော့လိုက်တာ၊ ဒီဟင်းက ငန်လိုက်တာ၊ ပေါ့လိုက်တာ၊ ချဉ်လိုက်တာ၊ အေးလိုက်တာ စသည်ဖြင့် မထီမဲ့မြင် ပြုကြပေလိမ့် မည်"တဲ့။ အဲဒါကတော့ ယခုခေတ်မှာ အချို့ပုဂ္ဂိုလ်တွေ ပြောဆိုပုံနဲ့ ကိုက်နေပါတယ်။ သတိပြုစရာပါပဲ။

အဲဒီတုန်းက အဲဒီရဟန်းတွေ ဘာမျှမကောင်းတဲ့ မုယောစပါးကို မညည်းမညူဘဲ ဘုဉ်းပေးတော်မူကြတာကို အာရုံပြုပြီးတော့ လည်း လာဘ်မရတာ၊ ရပြီးသားလာဘ်တွေ ပျက်စီးသွားတာနဲ့တွေ့ ရင် သည်းခံနိုင်အောင် သတိပြုသင့်ပါတယ်။

*မဟာစည်ဆရာတော်၊လောကဓံတရားတော်-စာ-၈၀-၈၂။*

## ၄၀။ သေစာတွေ

မသင့်လျော်တဲ့နည်းတွေနဲ့ တချို့ပေါလျှံနေကြတာကို အား မကျဖူးလားလို့မေးရင် ပုထုဇဉ်မို့ ခင်မင်မက်မောတတ်တဲ့ လောဘမ ကုန်သေးတော့ ''အားမကျပါဘူး''လို့တော့ မပြောဝံ့ပါဘူး။

ဒါပေမဲ့ သတိရှိလိုက်တာနဲ့ ဉာဏ်ကလေးကွက်ခနဲ၊ သဒ္ဓါ တရားက ထက်ခနဲပေါ်လာတာနဲ့ တစ်ပြိုင်နက် ''ဒါတွေဟာ သေစာ တွေ .....''လို့ တန်းမြင်မိတော့တာပဲ။

*အရှင်ဇနကာဘိဝံသ၏ ဘဝလမ်းညွှန်လက်ဆောင်မွန် စာ-၆၈၊*
*အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟသ်ာ)။*

## ၄၁။ သုဒ္ဓ သုဒ္ဓ ပရိဝါရပုဂ္ဂိုလ်

၁။ သုဒ္ဓ အသုဒ္ဓပရိဝါရပုဂ္ဂိုလ်

၂။ အသုဒ္ဓ သုဒ္ဓ ပရိဝါရပုဂ္ဂိုလ်

၃။ အသုဒ္ဓ အသုဒ္ဓ ပရိဝါရပုဂ္ဂိုလ်

၄။ သုဒ္ဓ သုဒ္ဓ ပရိဝါရပုဂ္ဂိုလ်

ဒီပုဂ္ဂိုလ်(၄)မျိုးအနက် သုဒ္ဓ သုဒ္ဓ ပရိဝါရပုဂ္ဂိုလ်ဖြစ်မှ သာသနာကြီးပွားနိုင်တယ်။

*(ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်)*

### ရှင်းလင်းချက်

၁။ ဆရာကသာ သီလ၊ သမာဓိ၊ ပညာပြည့်စုံ၍ အခြံအရံပရိသတ်က မပြည့်စုံ။ ဤပုဂ္ဂိုလ်မျိုးကို သုဒ္ဓ အသုဒ္ဓ ပရိဝါရပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

၂။ ဆရာလုပ်သူကိုယ်တိုင် သီလ၊ သမာဓိ၊ ပညာချို့တဲ့သော်လည်း အခြံအရံပရိသတ်က ပြည့်စုံ၏။ ဤပုဂ္ဂိုလ်မျိုးကို အသုဒ္ဓ သုဒ္ဓ ပရိဝါရပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

၃။ ဆရာလုပ်သူကိုယ်တိုင်ရော အခြံအရံပရိသတ်ပါ သီလ၊ သမာဓိ၊ ပညာချို့တဲ့၏။ ဤပုဂ္ဂိုလ်မျိုးကို အသုဒ္ဓ အသုဒ္ဓ ပရိဝါရဟုခေါ်ပါသည်။

၄။ ဆရာလုပ်သူနှင့် အခြံအရံပရိသတ်တို့ နှစ်ဦးနှစ်ဝ သီလ၊ သမာဓိ၊ပညာချို့တဲ့မှုမရှိဘဲ အလုံးစုံပြည့်စုံ၏။ ဤပုဂ္ဂိုလ်မျိုးကို သုဒ္ဓ သုဒ္ဓ ပရိဝါရပုဂ္ဂိုလ်ဟုခေါ်ပါသည်။

*မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ၊ နိဒါန်း-စာ-၂ မှ။*

## ၄၂။ အဘယရာမဆရာတော်

**၄၂း၁ အချိန်ကို လေးစားတဲ့ဆရာတော်။** ။အဘယရာမ ဆရာတော်ဟာ အလွန်ရိုးသားဖြောင့်မတ်တယ်။ စည်းကမ်းရှိတယ်။ အချိန်ကို လေးစားတယ်။ ခပ်ငယ်ငယ်တုန်းက ရွှေရေးဆောင်ဆရာ တော် ဦးကြည်တို့ထံမှာ စာလိုက်နေတယ်။ နာရီပြန် တစ်ချက်စာ တက်တုံးခေါက်လိုက်တာနဲ့တစ်ပြိုင်နက် စာတက်မယ့်နေရာကို ရောက်နှင့်နေတယ်။ ဘယ်တော့မှ နောက်ကျတယ်လို့ မရှိဘူး။ တခြားစာတက်မယ့် ကိုယ်တော်တွေက စာအံသူအံ၊ ဟိုလုပ်ဒီလုပ်နဲ့ မလာနိုင်ဘူး။ ဟိုက ဆရာတော်က စာချလို့ ၅ မိနစ်၊ ၁၀ မိနစ်လွန်မှ ရောက်လာကြတယ်။

အဲ– အဘယရာမ ဆရာတော်လောင်း ဦးအဂ္ဂဓမ္မကိုတော့ အချိန်မှန်လွန်းလို့ နာရီကိုယ်တော်လို့ ခေါ်ကြတယ်တဲ့။ သူစာချတဲ့ အခါမှာလည်းပဲ ဒီအတိုင်းပဲ။ နာရီပြန်တစ်ချက် စာချမယ်ဆိုရင် တစ်ချက်ဒင်ခနဲထိုးတာနဲ့တစ်ပြိုင်နက် တပည့်တွေ ရောက်ရောက် မရောက်ရောက် စာပြောနေတော့တာပဲ။ ဒါကြောင့်မို့ ကြီးပွားတိုး တက်လိုတဲ့သူများဟာ အဘယရာမ ဆရာတော်ရဲ့စနစ်ကို လိုက်နာ ကြရမယ်။ အဘယရာမ ဆရာတော်လို အချိန်ကို လေးစားကြရမယ်။

**၄၂း၂ စကားနည်းပြီး ဣန္ဒြေ အလွန်စောင့်စည်းတဲ့ ဆရာတော် ။** ။တစ်ခါက အဘယရာမ ဆရာတော် (သင်္ဘောဖြင့် သီဟိုဠ်က ပြန်ကြွလာတယ်။ တစ်ဖက်ခန်းမှာ ဝိသုဒ္ဓါရုံအလယ်တိုက်

အစ်မကြီးရဲ့သား ဝတ်လုံတော်ရဦးစံဝနှင့် အင်္ဂလိပ်နှစ်ယောက်ပါလာ တယ်။ တစ်ဖက်ခန်းက အဘယရာမဆရာတော် ပါလာတယ်။

အင်္ဂလိပ်တွေက ဦးစံဝကို ပြောသတဲ့။ ကျုပ်တို့ ဗမာပြည်ကို သုံးခေါက်တောင် ရောက်ဖူးတယ်။ ဟိုဘက်ခန်းက ဘုန်းကြီးဟာ ဗမာဘုန်းကြီးနဲ့တူတယ်။ ဒါပေမဲ့ ဗမာပြည်မှာ တွေ့ရဖူးတဲ့ ဘုန်းကြီး တွေနဲ့ ဒီဘုန်းကြီးခြားနားနေတယ်။ စကားမပြောဘူး။ ဣန္ဒြေရတယ်။ စာပဲကြည့်နေတယ်။ ကျုပ်တို့ အစားအသောက် လှူချင်တယ်လို့ ပြောကြသတဲ့။

ဒီတော့ ဦးစံဝက မန္တလေးမှာ ကျုပ်တို့အမေ ဆောက်လှူ ထားတဲ့ ကျောင်းက ဘုန်းကြီးပါပဲလို့ပြောတော့ ပိုပြီးစိတ်ဝင်စားကြ သတဲ့။ ဒါနဲ့ ဦးစံဝနဲ့အတူ အဘယရာမ ဆရာတော်ပါလာတဲ့ အခန်း ကို သွားပြီး မုန့်တို့ထောပတ်တို့ လှူကြသတဲ့။ဦးစံဝက ''မဟာဝိသုဒ္ဓါရုံ တိုက် အလယ်ကျောင်းဆောင် ကျောင်းအစ်မကြီးရဲ့သား စံဝပါ ဘုရား''လို့ လျှောက်သတဲ့။ ''အင်း''လို့ပြောပြီး ဘာမျှနောက်ထပ် မပြောတော့ဘူးတဲ့။ မုန့်တို့ ဘာတို့ကိုတော့ ဦးစံဝကို အကပ်ခိုင်းပြီး ဘုဉ်းပေးလို့ ကျန်တာကို ပြန်စွန့်ထားခဲ့သတဲ့။

အင်္ဂလိပ်နှစ်ယောက်ကလည်း ဓာတ်ပုံရိုက်ယူထားကြသတဲ့။ လူမျိုးကွဲ၊ ဘာသာခြား ကြည်ညိုဖို့ဆိုတာ အင်မတန်ခဲယဉ်းတယ်။ အဘယရာမ ဆရာတော်လို အနေအထိုင် ဣန္ဒြေသိက္ခာရှိတဲ့ ပုဂ္ဂိုလ် မျိုးဖြစ်အောင် ကြိုးစားပြီးတော့ ပြုပြင်ကြပါ၊ နေထိုင်ကြပါ။

*ရွှေကျင်သာသနာပိုင်၊မြောင်းမြဆရာတော်၊*
*မြောင်းမြဆရာတော်နှင့်ဗုဒ္ဓမြတ်စွာသာသနာ-စာ-၃၁၀။*

## ၄၂း၃ အဘယရာမဆရာတော်၏ ဩဝါဒ။ ။

အဘယရာမ ဆရာတော်ကလည်း ''ဂုဏ်လာဘ်ရအောင်

ဒကာ၊ ဒကာမတွေအနား အမြီးမနန့်ကြနဲ့''လို့ မိန့်တော်မူပါတယ်။ (ပ) ခွေးရဲ့အမြီးနန့်ခြင်းကို သက္ကတက 'သွာဘတ္တိ (ဆွာဘတ္တိ) လို့ ခေါ်ပါတယ်။ 'ဆွာ= ခွေး၏၊ ဘတ္တိ= သခင်ကို ခစားခြင်း' ဆိုတာ ခစားနေတဲ့ သခင်ထံက စားစရာလေးရအောင် အမြီးနန့်ခြင်းပင် ဖြစ်ပါတယ်။ ဦးပဥ္စင်းတို့ကလည်း ဒကာ၊ ဒကာမတို့ထံက သူတို့ပစ္စည်းကလေး လှူချင်အောင် ဒကာ၊ဒကာမတွေကို မခစားကြနဲ့၊ အမြီးမနန့်ကြနဲ့လို့ ဩဝါဒပေးတော်မူပါတယ်။

*(တစ်ဘဝ သံသရာ-စာ-၄၀၅)*

## ၄၃။ အရှင်မဟာကဿပ၏ဆုတောင်းပါဒ

(အရှင်မဟာကဿပ ရဟန္တာမထေရ်မြတ်ကြီးသည် **ပဌမ** သံဂါယနာတင်ရန် အောက်ပါအတိုင်း နှိုးဆော်မိန့်ကြားတော်မူ ခဲ့သည်။)

"ဟန္ဒ မယံ အာဝုသော ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယာမ **(ပ)** ပုရေ အဝိနယဝါဒိနော ဗလဝန္တော ဟောန္တိ၊ ဝိနယဝါဒိနော ဒုဗ္ဗလာ ဟောန္တိ၊ (ဝိ၊ ၄၊ ၄၈၁၊ ဝိ၊ ဋ္ဌ၊ ၁၊ ၆)

ငါ့ရှင်တို့၊ မတရားအဓမ္မဝါဒများ မထွန်းပမီ၊ တရားဓမ္မ တားမြစ်ပိတ်ပင်ခြင်းမခံရမီ၊ မဟုတ်မမှန်သော ဝိနည်းစည်းကမ်း များ မထွန်းပမီ၊ ဟုတ်မှန်သော ဝိနည်းတရား တားမြစ်ပိတ်ပင်ခြင်း မခံရမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ်များ အင်အားမကောင်းမီ၊ ဓမ္မဝါဒီ ပုဂ္ဂိုလ်များ အင်အားမနည်းမီ၊ဝိနည်းမလေးစား မလိုက်နာသူများ အင်အား မကောင်းမီ၊ ဝိနည်းလေးစားလိုက်နာသူများ အင်အားမနည်းမီ ဓမ္မ ဝိနယကို ငါတို့ သံဂါယနာတင် ကြကုန်စို့"

## ၄၄။ အရှင်ဥပါလိထေရ်ကဲ့သို့ အဓိဋ္ဌာန်ပြုကြစို့

သာသနာပြုရာတွင် အောင်မြင်အောင် ဘယ်လိုအဓိဋ္ဌာန်ချက်ထားရမည်နည်း။ ဤအရာ၌ ဥပါလိမထေရ်သည် သာဓကဖြစ်ပါသည်။ ဝိနည်း၌ စွဲမြဲစွာ အဓိဋ္ဌာန်ထား ကြိုးစားခဲ့၍ ဝိနည်းသာသနာပြုရာ၌ အအောင်မြင်ဆုံး ဧတဒဂ်ရ ပုဂ္ဂိုလ်ကျော်အဖြစ်ရောက်ခဲ့ရသည်မှာ အထင်အရှားပင် ဖြစ်ခဲ့ပြီဖြစ်၏။အရှင်ဥပါလိ၏ အဓိဋ္ဌာန်မှာ-

ဝိနယောအာသယောမယှံ - ဝိနည်းသည် ငါ၏နေရာကျောင်းရိပ်သာပါပေ။

ဝိနယော ဌာနစင်္ကမံ - ဝိနည်းသည် ငါ၏ရပ်ရာ၊ သွားရာ စင်္ကြံတော်ပါပေ။

ကပ္ပေမိ ဝိနယေဝါသံ - ငါသည် ဝိနည်းတရားတော်၌ စွဲမြဲမကွာနေခြင်းကို ပြုပါ၏။

ဝိနယော မမ ဂေါစရော - ဝိနည်းသည် ငါ၏အမြဲသုံးရာ စားကျက်ပါပေတည်း။သာသနံ အာသယော မယှံ၊ သာသနံ ဌာနစင်္ကမံ။

ကပ္ပေမိ သာသနေ ဝါသံ၊ သာသနံ မမ ဂေါစရော။

သာသနာတကာယ်ပြုလိုသော ပုဂ္ဂိုလ်များသည်လည်း ထိုအရှင်မြတ်၏ အဓိဋ္ဌာန် စိတ်အကြံမျိုး ထားသင့်လှပါပေသည်။

- သာသနာတော်သည် ငါ၏နေရာ ကျောင်းရိပ်သာပါပေ။
- သာသနာတော်သည် ငါ၏သွားရာ ရပ်ရာ စင်္ကြံတော်ပါပေ။
- ငါသည် သာသနာတော်၌ စွဲမြဲမကွာနေခြင်းကို ပြုပါ၏။
- သာသနာတော်သည် ငါ၏ အမြဲသုံးရာ စားကျက်ကြီးပါပေတည်း။

*ပရိတ်ကြီးနိဿယသစ်၊ သင်္ဂြိုဟ်ဆရာတော် ၁၂၇၂၊*
*အပ္ပမာဒဓမ္မရသမဂ္ဂဇင်းအတွဲ ၂၊ အမှတ် ၄။*

## ၄၅။ အသေးအဖွဲကို သတိပြု

ရှေးတုန်းက မြင်းတစ်စီး သံခွာတစ်ဖက်ချောင်လို့ စစ်ပွဲကြီးတစ်ပွဲလုံး မရှုမလှရှုံးခဲ့ရဖူးတယ်။ ပိန္နဲသီးတစ်လုံးမှာ တစ်နေရာက အပုပ်ကလေး နည်းနည်းပါနေခဲ့ရင် ကြာတော့ အကုန်လုံးပုပ်သွားရတတ်တယ်။

ကောင်းတဲ့အပိုင်းက များပေမယ့် 'အပုပ်ကလေး' ကို မလွှမ်းမိုးနိုင်လို့ စောစောစီးစီးကတည်းက ကွက်လိုးပစ်ရတယ်။ ဘယ်နေရာမှာမဆို မကောင်းသူတစ်ယောက်ကြောင့် အားလုံးဒုက္ခရောက်ရတာကို မမေ့ကြရဘူး။

*အရှင်ဇနကာဘိဝံသ၏ ဘဝလမ်းညွှန်လက်ဆောင်မွန်စာဝေ၊*
*အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟသ်ာ)။*

## ၄၆။ အင်းဝခေတ် ဆရာတော်ကြီးများ

၄၆း၁ **မြောက်နန်းကျောင်းဆရာတော်။** ။မှူးမတ်မျိုးမှ ထွက်၍ ရဟန်းပြုခဲ့၏။ အခါတစ်ပါး၌ အမတ်များက အရှင်ဘုရား သည် ဘပည့်တော်တို့လို လူဝတ်ကြောင်ဘဝဖြင့် နေပါလျှင် အမတ် စည်းစိမ်ကို ရလောက်ပါကြောင်း လျှောက်ကြလေသော် ''သင်တို့ အမတ်စည်းစိမ်သည် ရေအိမ်ထက်၌ ငါပွားအပ်သော အသုဘသညာ ၏ တစ်စိတ်လောက်ကို မီနိုင်မည်လော'' ဟု ပြန်၍ မိန့်တော်မူလေ သည်။ မိန့်လိုရင်းကား ကျင်ငယ်စွန့်အိမ်ကို ရေအိမ်ဟု ခေါ်၏။ ထိုရေအိမ်၌ ထိုင်စဉ် ပိုးလောက်ကလေးများကို မြင်၍ ဤကိုယ်ခန္ဓာမှ ထွက်သော ကျင်ငယ်ရေများသည် ပိုးလောက်တို့၏ ဖြစ်ပွားရာ ရွံရှာ ဖွယ် ဖြစ်သကဲ့သို့ ဤခန္ဓာကိုယ်၌ ရွံရှာဖွယ်တွေ များလှချေတကားဟု ခန္ဓာကိုယ်၏ အသုဘ (မတင့်တယ်ပုံ)အချင်းအရာကို ဆင်ခြင်ရသော သုသိုလ်၏ တစ်စိတ်ဖို့လောက်မျှ သင်တို့၏ အမတ်စည်းစိမ်က အဖိုး မတန်။ ထို့ကြောင့် ငါရနိုင်သော အမတ်စည်းစိမ်ကို ငါမတောင့်တဟု မိန့်လိုရင်းဖြစ်သည်။

(ဤစကားဖြင့် ထိုခေတ်က သာသနာတော်ရေးသည် အရှိန် မသေးရာကား မှူးမတ်မျိုးများပင် သာသနာတော်ဝင်၍ တာဝန်ထမ်း ဆောင်တော်မူကြကြောင်း ထင်ရှားပေသည်။)

**၄၆း၂ မင်းရွာဆရာတော်။** ။ မင်းရွာဆရာတော်ကား ဆွမ်းဘုဉ်းပေးနေစဉ် မျက်စိမှိတ်၍ နှိုက်မိနှိုက်ရာ ဟင်းခွက်ကိုသာနှိုက်ပြီး ဘုဉ်းပေးလေ့ရှိသည်ဟု သိရပါသည်။ ဆွမ်းဘုဉ်းပေးပြီးလက်ဖက် နှစ်ရိုးခန့်စား၊ ကွမ်း နှစ်ယာခန့်ဝါးပြီး ခံတွင်းဆေးကြောပါတော့သည်။ နောက်ထပ် ကောင်းနိုးရာရာကပ်သော်လည်း ဘုဉ်းပေးလေ့ မရှိတော့ပါ။

ဆရာတော်သည် သူတစ်ပါးကို မည်သည့်အခါမျှ ကဲ့ရဲ့လေ့မရှိ။ မိမိအနား၌ ကဲ့ရဲ့စကား ပြောလာလျှင် ထိုစကားကို ထောက်ခံပြောဆိုမှုမပြုဘဲ ဆိတ်ဆိတ်နေတော်မူလေ့ရှိ၏။

*အနာဂတ်သာသနာရေး၊ စာ-၃၆၀။*

**၄၆း၃ မင်္ဂလာဘုံကျော်ဆရာတော်နှင့် အရှင်အဂ္ဂဓမ္မ ဆရာတော်။** မင်္ဂလာဘုံကျော်ဆရာတော်ထံ ဝန်ကတော်ကိုယ်တိုင် လှူဖွယ်လက်ဆောင်ပစ္စည်းများဖြင့်လာ၍ ဝန်ကြီးဇာတာကို ဗေဒင်မေးလေရာ ဗေဒင်မဟောကောင်းဘူးဟု မိန့်တော်မူလေသည်။ ဝန်ကတော်သွားသောအခါ လှူဖွယ်များကို စွန့်ပစ်စေ၍ ဝန်ကတော်ကို ခေါ်ဆောင်လာသော 'ငနီ'ကိုလည်း လွန်စွာငေါက်ငမ်းတော်မူလေသည်။

အရှင်အဂ္ဂဓမ္မဆရာတော်ကား ဆေးကုသောဘုန်းကြီးက လှူလာသောပစ္စည်းများကို အကုန်စွန့်ပစ်၍ ထိုပုဂ္ဂိုလ်ထိုင်သော နေရာကိုပင် ရေဆေးခိုင်းတော်မူသတဲ့။

ဤစကားဖြင့် အင်းဝခေတ်က ဆရာတော်များသည် ဝိနည်းတော်နှင့်အညီ အတော်ကျစ်လျစ်စွာ ကျင့်တော်မူကြကြောင်း ထင်ရှား၏။ ဝိနည်းတော်အလိုအားဖြင့် ဗေဒင်ဟော၍၊ ဆေးကု၍ လှူအပ်သောပစ္စည်းသည် ထိုပုဂ္ဂိုလ်သာမက ရဟန်း၊သာမဏေဟူသမျှ မသုံး

ကောင်းချေ။)

*အနာဂတ်သာသနာရေး၊ စာ-၃၆၁။*

**၄၆း၄ ကြက်သွန်ခြင်းဆရာတော်။** ။ သာသနာပိုင် စရစ်ဆရာတော် ပျံလွန်တော်မူ၍ တူတော်ဖြစ်သော အရှင်သာပုံကို သာသနာပိုင် တင်လေရာ ထိုသာနာပိုင်သည် ငယ်ရွယ်သူဖြစ်၍ ဂုဏ်ပကာသနကို လိုလားဟန်တူ၏။အခါတစ်ပါး၌ ဆွမ်းခံဝင်သောအခါ သိုင်းကိုင်သူ အခြံအရံဖြင့် ဝင်သည်ကို ကြက်သွန်ခြင်း ဆရာတော်ကြီး နှင့်တွေ့၍ ''ဟဲ့ –သာပုံ၊ ဒီနှင်တံ (တုတ်)လောက်နဲ့ နင့်ကိုကြောက် မည် တဲ့ လား။ ကြောက်လောက်အောင် အမြောက်ဆောင်၍ ဆွမ်းခံဝင်''ဟု မိန့်တော်မူလေသည်။ ထိုသာသနာပိုင်လည်း အရှက်ရ ၍ ဝန်ချလေ၏။ ကြက်သွန်ခြင်းဆရာတော်ကား ခမ်းခမ်းနားနား ဟန်ကြီးပန်ကြီးလုပ်သည်ကို နှစ်သက်တော်မူဟန်မတူ။ စရစ်ဆရာ တော်တို့၏ ပထမစာတော်ပြန် အခမ်းအနားပွဲကိုလည်း (တစ်ပါးနှင့် တစ်ပါး အပြိုင်အဆိုင် ပြန်ကြရလေသောကြောင့်) ''စရစ်၊ နင်တို့ လက်ဝှေ့ပွဲ မပြီးသေးဘူးလား''ဟု မိန့်တော်မူသတတ်။

*အနာဂတ်သာသနာရေး၊ စာ - ၃၆၄/၅။*

**၄၆း၅ ရှေးဆရာတော်များ ကျင့်တော်မူကြပုံ။** ။ နံမော်ဆရာတော် အရှင်သာရမဏ္ဍသည် ဝိနည်းကို လေးစားတော်မူ၏။ အခါတစ်ပါး၌ ကိုယ်တော်၏ ဇာတိ(ဖွားမြင်ရာ)ဖြစ်သော မိတ္ထီလာ အုတ်ရှစ်ကုန်းသို့ ကြွတော်မူရာ ခရီးပမ်းမည်စိုး၍ ရွာမှ လှည်းအကြို လာသော် မသွားနိုင်မှ ငါပြောမယ်ဟု မိန့်တော်မူ၍ ရွာသို့ ရောက် တော်မူသည့်တိုင်အောင် လှည်းစီးတော်မမူ။ (သွားနိုင်သေးလျှင် နွားလှည်း၊ မြင်းလှည်း၊ လူဆွဲယာဉ်(လန်ချား)အားလုံးပင် မစီးကောင်း၊

မသွားနိုင်လျှင် နွားထိးစသော အထီးတပ်သည့်လှည်း စသည်စီးကောင်း၏။) ဒုတိယနံမော်ဆရာတော် အရှင်ဓမ္မပါလလည်း မိုးမရွာလျှင် မည်သည့်အခါမျှ ထီးဆောင်းတော်မမူ။ မိုးရွာ၍ ဆောင်းခွင့်ကြုံလာလျှင် သူဘစ်ပါးကို မမိုးစေဘဲ ကိုယ်တိုင်ဆောင်းတော်မူ၏။ အသုံးအဆောင် အလှအပ အယဉ်အကျေးများကို သုံးစွဲတော်မမူ။ နေရာခင်းလည်း (ဓမ္မခဏ်ခေါ်) သားရေပိုင်းအပြင် မရှိ။ ညဥ့်အခါ ပါတိမောက်နှစ်စောင် အဂ္ဂိကွန္ဓောပမသုတ်၊ ခုဒ္ဒသိက္ခာကိုမပြန်ဘဲ မအိပ်၊ စကားအပြော ကျွမ်းကျင်တော်မူလှ၏။ ကျမ်းဂန်တို့ကိုလည်း ဆရာကောင်းများ၏အထံချည်း သင်ခဲ့ရပေသည်။ သီလဝိသောဓနီကျမ်းပြုဆရာတော်၏ ဆရာဖြစ်သော အရှင်အဂ္ဂဓမ္မနှင့် အရှင်သာရဓမ္မတို့လည်း ဝိနည်းကို ရိုသေတော်မူကြ၏။ သင်္ကန်းမရုံ၊ ဖိနပ်မချွတ်ဘဲ မြို့တွင်း ရွာတွင်းသို့ ဝင်လေ့မရှိကြ။ ထိုခေတ်က ဆင်တဲဆရာတော်ဘုရားကြီးသည် အော့အန်၍ အနံ့ကို ပယ်ခြင်းငှာ ကွမ်းရွက်ကောင်းသည်ကို လုံး၊ ဂျုံးစေး၊ ကွမ်းသီးအစုံနှင့် ကပ္ပိယက ကပ်သောကြောင့် "နေလွဲပြီပဟုတ်လော၊ ကွမ်းရွက်ချည်းပေး"ဟု ခပ်မာမာ မိန့်တော်မူသည်။ ထိုဆရာတော် အစဉ်အဆက်များသည် မိုးမရွာလျှင် ပါးတုံ့လည်း ဆောင်းတော်မမူကြပါ။ အရှင်ဝရဓမ္မကား ရသေမျှပစ္စည်းကို ကိုယ်ပိုင်ဟု အမှတ်မထား။ ကိုယ်သုံးလောက်ရုံသာယူ၍ သံဃိကချည်း ပြုလုပ်ထား၏။ တောင်လေးလုံးဆရာတော်ကား ရသမျှကို စွန့်လှူဖို့ချည်း သဘောထား၏။ မင်းရွာဆရာတော်နှင့် ဆုံတားဆရာတော်များလည်း ထို့အတူပင်တည်း။ မောင်းထောင်ဆရာတော်၊ မဲဒီးဆရာတော်များလည်း ဝိနည်းသိက္ခာကို ရိုသေတော်မူကြ၏။ တပည့်ကပန်း ချီးမြှောက်မှုလည်း အထူးထင်ရှားတော်မူပါပေ၏။ ထိုဆရာတော်ကြီးများသည် နိဿဂ္ဂိယပါစိတ်၌ လာသော ရာဇဘောဂသိက္ခာပုဒ်၊ ဇာတရူပ ရဇတသိက္ခာပုဒ်၊ ကယဝိက္ကယ

သိက္ခာပုဒ် စသည်တို့ကို အထူးစောင့်ထိန်းတော်မူကြသဖြင့် ရွှေငွေစသော ပစ္စည်းများကို မခံယူကြပေ။ အရှင်သာရဓမ္မဆရာတော်သည် စာရေးဖို့ရာ ပေရွက်ကို အလိုရှိ၍ မိမိမှာရှိသော ဖျင်အဝတ်ဖြင့် ရဟန်းတစ်ပါးကို အလဲခိုင်းရာ ထိုရဟန်းက အဖိုးဆစ်မိသောကြောင့် ရလာသောပေကို စွန့်ပစ်စေလေ၏။

(ရဟန်းများ ကပ္ပိယနှင့် ဈေးဝယ်သွားသောအခါ ရဟန်းက မဆစ်ရ၊ ကပ္ပိယဘာသာ ဆစ်၍ ဝယ်မှအပ်သည်။)

ပေ၌ ရေးဖို့ရန် စာရေးငှားသောအခါ၌လည်း ကိုယ်တိုင်မငှားဘဲ၊ လူကပ္ပိယကိုသာ အငှားခိုင်းတော်မူ၏။ ဤသို့လျှင် အင်းဝခေတ်၌ ပရိယတ်၊ ပဋိပတ်စွယ်စုံပေါက်၍ မုံသောက်ဇာနည် မဟာထေရ်တို့ ရှိတော်မူကြခြင်းသည် ထိုခေတ်ဗုဒ္ဓဘာသာဝင် ဒကာ၊ ဒကာမတို့အတွက် လျှုဒါန်းသမျှ အကျိုးရဖို့အကြောင်း ကံကောင်းကြပါပေသည်။ ယခုခေတ်၌လည်း ဤကဲ့သို့ပုဂ္ဂိုလ်များ ရှိကြပါသေး၏။ သို့သော် ထိုပုဂ္ဂိုလ်များသည် အရပ်နယ်ပယ် အနည်းငယ်လူများ၏ ကိုးကွယ်ရာအဖြစ်ဖြင့် အေးအေး သီတင်းသုံးတော်မူကြပါပေသည်။

*(စတုတ္ထအင်းဝမြို့တည် မင်းတရားကြီး ညီတော်လက်ထက် ဝိနန္ဒာသဘာထေရ် စီရင်၍ ကောဇာသက္ကရာဇ် ၁၃၉၉ ခု၊ သာသနာသက္ကရာဇ် ၂၃၈၁ ခုနှစ်၌ ပြီးစီးသော သီလဝိသောဓနီကျမ်းမှ ထုတ်နုတ်ဖော်ပြချက်။)*

*အနာဂတ်သာသနာရေး ၊ စာ- ၃၆၆-၇။*

## ၄၇။ အင်းဝခေတ်ရေး ရတုစာ‌ပေများ

### ၄၇း၁ ရတုပိုဒ်စုံ (အရှင်မဟာသီလဝံသ)

၁။ အရည်ကင်း၊ရူတင်ရအောင်၊ ရှာကိုရှောင်၍၊ လေးတောင်ထွာမြတ်၊ အစွန်းလွတ်သား၊ ကိုင်းညွတ်ကွေးကွေး၊ ကုလလေးတာ၊ ပြန်ငါးရာဖြင့်၊ သချာမှန်လှ၊ တစ်ကောသတွင်၊ နေထကိန်းအောင်း၊ သမ်းကျောင်းလည်း၊ ညောင်စောင်းဆံ့ရုံ၊ တစ်စုံသကန်း၊ ဖန်ရည်စွန်းသား၊ ခါးပန်း သင်းပိုင်၊ ကရိုဏ်ပဲခွပ်၊ သပိတ်အပ်နှင့်၊ ဖိနပ်ထီးကုပ်၊ လက်ဆုပ်ကိုင်သွား၊ ကရားသားရေနယ်၊ ပခုံးလွယ်၍၊ လေးဆယ်ကမ္မဋ္ဌာန်း၊ ကသိုဏ်းဝန်းလည်း၊ စီးဖြန်းထစ်ထစ်၊ ထွာလေးသစ်ဖြင့်၊ မချစ်ဖော်ရွေ၊ ကိုယ်ထီးနေ၍၊ ကေစာရ။ မာန်စောင်ချလျက်၊ လောဘမစော၊ ဖော်မနှောတည့်၊ တစ်တောထွက်လျှင်၊ တစ်တောဝင်၍၊ တစ်ပင်ထွက်သွား၊ တစ်ပင်နားလျက်၊ ခေါင်းပါးအစာ၊ မျှရုံသာတည်း၊ ပမာနိူင်းတု၊ ကြက်ဥထက်မြောက်၊ ဒေါင်းဥလောက်လျှင်၊ ချောက်ချောက်မများ၊ လုတ်ရေစား၍၊ လေးငါးလုတ်လျှော့၊ဖျော့တော့ကိုယ်လက်၊ ပစ္စဝေက်လည်း၊ လေ့ကျင့်အမြဲ၊ သုံးစွဲတိုင်ပင်၊ ရွတ်ဆင်ခြင်၍၊ သုတ်သင်အာပတ်၊ ပရိဝတ်နှင့်၊ မာနတ်ဘာန်သွင်း၊ မကင်းစောင့်စည်း။ သီလဆည်း၍၊ ပလလည်းဆင်၊ ကျင့်သောသွင်သို့၊ အောင်မြင်တံခွန်၊ သာမျိုးလွန်သည်။ ။နိဗ္ဗာန်ရွှေမြို့ ပျော်မည်ဘို့။

၂။ မယုဉ်သဘင်၊ စိတ်ကိုသင်၍၊ တောဝင်ပီပီ၊ ညရီနံ့နက်၊

ခတ်တံမြက်နှင့်၊ ကိုယ်လက်ကျန်းအောင်၊ သုံးရေဆောင်၍၊ ညောင် ဗောဓိပင်၊ စေတီပြင်မှာ၊ သုတ်သင်ဝတ်တက်၊ ရှိခိုးလျက်ပင်၊ ကျောင်း ထက်ရောက်ခါ၊ မဟာသမယ၊ အဌဇေယျာ၊မင်္ဂလာနှင့်၊ ရတနာ ရွှေချိုင့်၊ တံတိုင့်ပမာ၊ စောင်ရန်းကာမှ၊ မေတ္တာရွတ်ပြီး၊ ဘွပ်းခံနီး သော်၊ ကြယ်ကြီးနက္ခတ်၊ အခါမှတ်၍၊ လွယ်သွတ်သပိတ်၊ ပရိတ်ရွတ် သွား၊ သင့်ရာနားမှ၊ သုံးပါးအဝန်း၊ ခါးပန်းပတ်ရစ်၊ ပုဆစ်ဒူးမှ၊ ရှစ်သစ်ချ၍၊ ဝတ်ထသင်းပိုင်၊ ထပ်ပြိုင်ရုံရှုတ်၊ ဒုကုဋ်မှုတ်တို့ထက်၊ လေး သစ်တက်၍၊ နှစ်ဖက်အစွန်း၊ ညီဝန်းသပ်သပ်၊ ထိုးစွပ်ကမွတ်၊ အနား ပတ်လည်း၊ မကျွတ်တာရှည်၊ လည်လက်ကောက်ဝတ်၊ ဖုံးလွှမ်းပတ် လျက်၊ အိတ်ချွတ်ရေကျင်း၊ မကင်းလက်ဘ၌၊ သပိတ်ပိုက်၍၊ ငိုက်စိုက် မျက်နှာ၊ ပြင်းစွာမသွား၊ ရထားထမ်းပိုး၊ မျှော်ရိုးတည့်တည့်၊ လေး တောင်ကြည့်လျက်၊ မလှည့်အာရုံ၊ ရေလုတ်ငုံသို့၊ ခြေစုံရှေ့တွင်၊ ရပ်သည်မြင်သော်၊ ပွတ်စင်ရောင်မောင်း၊ စလောင်းလက်စွဲ၊ လှူဆဲဆဲ ၌၊ လက်ဝဲဖော်ထုတ်၊ ဒုကုဋ်လုစ်ခွာ၊ လက်ယာညွှက်ခံ၊ ဝိနည်းကံနှင့်၊ တစ်စံကည်းပင်၊ မယွင်းထင်သည်။ ။မဂ္ဂင်ကုတို့ လော်မည် ဘို့။

၃။ တစ်စဉ်တစ်ပြင်၊ ဘုံသုံးခွင်မှ၊ လွတ်ချင်သောထွေ၊ ကျင့် ဖူးလေသား၊ သက်သေသော်ကား၊ ရေသော်များ၏၊ မင်းသားတေမိ၊ ဣသိဇနက်၊ တောထွက်ရှေးခါ၊ သုမေဓာတို့၊ မြိုင်သာစုံပြား၊ သစ်သီး စားလျက်၊ လေးပါးဗြဟ္မ၊ ဝိဟာရကို၊ ရှုရှုစီးဖြန်း၊ ကမ္မဋ္ဌာန်းဖြင့်၊ မစွန်းသီလ၊စျာန်ပျံရ၍၊ ဗြဟ္မဘုံနေ၊ ဖြစ်ဖူးလေရှင့်၊ လူ့မြေခါသင့်၊ သစ္စာပွင့်၍၊ ထိုနှင့်အမျှ၊ စျာန်မရလည်း၊ နောက်မှဝါသနာ၊ ပါစိမ့်ငှာ လျှင်၊သစ္စာမိဌာန်၊ ပြုသင့်တန်ဟု၊ သုသာန်ရုက္ခ၊ အရညနှင့်၊ တကွ မက္ခာ၊ ဘောကာနိသဇ်၊ ကြိုက်လစ်ပံ့သကူ၊ ဆောင်ယူမြဲကြိတ်၊ တိစီဝရိတ်နှင့်၊ ကောင်းစိတ်မကွာ၊ အရိယာတို့၊ ယထာသန္တတိ၊

မရှိနိူင်းပြိုင်၊ ပတ္တပိုဏ်နှင့်၊ ထပ်ပြိုင်ရောရှု၊ ခလုပဏ္ဍာ၊ သပဒါနှင့်၊ ကောသန၊ မလွတ်ရတည့်၊ ခံထဆွမ်းဝတ်၊ ပိဏ္ဍပါတ်နှင့်၊မချက်မြဲပင်၊ ဓူတင်အမျိုး၊ သုံးဆယ့်ကိုးတို့၊ ကျင့်ရိုးအမှန်၊ ဓိဋ္ဌာန်ဝိကပ်၊ ရှစ်ထပ်လုံ့လ၊ ကြောင့်ကြဆယ်ဖြာ၊ ပစ်ခွာရှောင်ထ၊ အရိယ၏၊ ဝံသလေးနွယ်၊ စင်ကြယ်သီလ၊ သန္တောသဟု၊ ဓမ္မကျင့်မှု၊ ဆယ့်နှစ်ခုသည်။ ။ သာဓုနတ်တို့ ခေါ်မည်ဘို့။ (အရှင်မဟာသီလဝံသ)

## ၄၇း၂ ဓူတင်ရတုပိုဒ်စုံ (အရှင်မဟာရဋ္ဌသာရ)။ ။

၁။ အရညဝါ၊ ရွာကိုခွာ၍၊ ကိုးထွာကိုင်းညွတ်၊ အစွန်းလွတ်လျက်၊ ချင့်မှတ်စင်စင်၊ ဆယ့်ခုနစ်တန်၊ နွားလားထွန်ဖြင့်၊ ကေန်တာချုငါးရာကျတွင်၊ သာလုစုံခွင်၊ ငါးမည်အင်နှင့်၊ ဆံမျှင်မယွင်း၊ နေခင်းဆိတ်ဆိတ်၊ ကိုယ်စိတ်ငြိမ်းချမ်း၊ ကျောင်းသခ်မ်း၌၊ မဂ်ငြမ်းဆုရွယ်၊ ညောင်စောင်းငယ်ထက်၊ရှစ်သွယ်ပရိက္ခရာ၊ ကိုယ်မကွာလျှင်၊ သွားရာဆောင်လွယ်၊ သားရေနယ်နှင့်၊ လေးဆယ်ဘာဝနာ၊ ဒွတ္တိံသာလည်း၊ မခြာစီးဖြန်း၊ ကသိုဏ်းဝန်းမူ၊ တင့်ရှန်းညီရစ်၊ ဆယ့်လေးသစ်တည့်၊ မချစ်ဖော်ကွဲ၊ ကိုယ်တည်းရှဲ၍၊ မြိုင်ထဲသာခေါင်၊ ချမာန်စောင်နှင့်၊ မိုက်မှောင်မောဟ၊ လောဘမပွမ်း၊ လူမကျွမ်းတည့်၊ စိတ်ဝမ်းရွှင်မော၊ တစ်တောသက်ကာ၊ တစ်တောခွာ၍၊ တစ်ပင်မှာပြောင်း၊ တစ်ပင်အောင်းလျက်၊ ခေါင်းခေါင်းပါးပါး၊ ကိုယ်စားမျှစေ၊ လုတ်ရေမှတ်ပြုဒေါင်းဥမရောက်၊ ကြက်ဥမြောက်လျှင်၊ ရေသောက်ခန့်သင့်၊ ချင့်လတ်တုံလျက်၊ ပစ္စဝေက်လည်း၊ နေ့ရက်သုံးဆောင်၊ အာပတ်ရှောင်၍၊ ဆင်ပြောင်တင့်ရည်း၊ ပလလည်းသို့၊ ကျင့်နည်းကြည်ယုံ၊ သာမျိုးစုံသည်။ ။ ရွှေဘုံအောင်ဆု ပျော်ဘို့ဟု။

၂။ မယုဉ်သဘာ၊ စိတ်ကိုခွာ၍၊ တောမှာသေခွေ၊ နေသည်ပြီပြီ၊ မိုင်းရီချုပ်တက်၊ ညည့်နံနက်လည်း၊ တံမြက်လှည်းခတ်၊ စကြံ

ဝတ်နှင့်၊ ဖြည့်မှတ်ပင်ပန်း၊ ကိုယ်ကျန်းလက်သာ၊ ရှိစေပါဟု၊ သန့်စွာသုတ်သင်၊ စေတီပြင်၍၊ ညောင်ပင်ညွန့်ညောင်း၊ ညောင်ရေလောင်းလျက်၊ ရှိပျောင်းညွတ်သင်၊ ကျောင်းသို့ဝင်မှ၊ သန့်စင်ထက်မြက်၊ ဓမ္မစက်နှင့်၊ အနမတဂ္ဂ၊ လက္ခဏာသုတ်၊ ရွှေနုတ်ဟောချီ၊ သတိပဋ္ဌာန်၊ စောင့်ရန်မက္ခ၊ ရတနာရွှေချိုင့်၊ တံတိုင့်အတု၊ စောင်ရန်းပြုလျက်၊ ဥပဋ္ဌက၊ စောင့်ထများစွာ၊ နတ်တကာတို့၊ မေတ္တာနှံ့ရှိန်၊ ဆွမ်းခံချိန်၌၊ ရောင်ထိန်ကြယ်ကြီး၊ နက္ခတ်မှီးလျက်၊ လွယ်ပြီးသပိတ်၊ ပရိတ်ရွရွ၊ သံချိုမြနှင့်၊ တည်ချစခန်း၊ သင့်ရာမှန်းမှ၊ အဝန်းသုံးပါး၊ အနားညီညွတ်၊ ကမ္ဗတ်အိမ်ကွင်း၊ မြဲအောင်သွင်း၍၊ မယွင်းမယိမ်း၊ မတိမ်းရအောင်၊ မျက်မှောင်မချီ၊ ရှုအီဆင်ခြင်၊ အလျင်မလှမ်း၊ မကြမ်းမွေ့နှ၊ လေးတောင်ရှုလျက်၊ မုဒုခြေစုံ၊ အာရုံမလှုပ်၊ ရေငုံလုတ်သို့၊ မြဲချုပ်သတိ၊ ရပ်သည်ရှိက၊ ကြေးညိုပွတ်တွန်း၊ ယောက်ဖွန်းစလောင်း၊ ရောင်မောင်းနွဲ့ကြိုက်၊ လှူစဉ်ကြိုက်တွင်၊ နှစ်ခြိုက်ညင်သာ၊ လက်ယာညွတ်နွဲ့၊ လက်ဝဲလှစ်ဖော်၊ ဝိနည်းတော်နှင့်၊ သင့်လျော်လျက်ပင်၊ ကူးတို့ဆင်သည်၊ မဂ္ဂင်ပျိုန လျော်ဘို့ဟု။

၃။ တစ်စဉ်တစ်ဖြာ၊ ဘုံသုံးရွာမှ၊ ခေမာနုပျို၊ ပြည်နဂိုရ်သို့၊ ရောက်လိုစူးစူး၊ ကျင့်ကုန်ဖူးသား၊ အဦးသက်သေ၊ ရေသော်များစွာ၊ သုမေဓာနှင့်၊ လောင်းလျာဇနက၊ တေမိယတို့၊ မြိုင်စတောင်ခြေ၊ သစ်သီးခြွေ၍၊ လေးထွေဓမ္မ၊ ဝီရိယဟု၊ အပ္ပမညာ၊ ဘာဝနာဖြင့်၊ အာကာမိုးပြင်၊ ဈာန်ယာဥ်ဝင်၍၊ ထက်ခွင်ပြဟ္မာ၊ ဖြစ်ဖူးစွာ၏။ လူ့ရွာခါကျော်၊ နှိုင်းလျော်ပုံယူ၊ ထို့တူတမျှ၊ နောက်ကာလဝယ်၊ ဝါသနာ့စတော၊ ထုံပါစေဟု၊ တွက်ရေသုံးပါး၊ ဆယ်ချပြားကို၊ မြှောက်ပွားယုတ်လတ်၊ အမြတ်အတိုး၊ သုံးဆယ့်ကိုးကို၊ ကျင့်မျိုးရှုတင်၊ စိတ်ရွှင်ရွှယ်ပျို၊ မြိုင်ညိုညိုတွင်၊ ကြဲ့ချိုသဏ္ဍာန်၊ မိဋ္ဌာန်လှံ့လ၊ ကြောင့်ကြဆယ်ဖြာ၊ ရှင်းရှင်းခွာ၍၊ အရိယာဝံသ၊ သီလပုလဲ၊ လည်ဝယ်ဆွဲလျက်၊ ရောင့်ရဲလွယ်

မှူ၊ နှစ်ဆယ်ခုတွင်၊ မျှော်ရှုဆင်ခြင်၊ ခုနစ်အင်လည်း၊ သန့်စင်စလွယ်၊ ဆယ့်ရှစ်သွယ်ဟု၊ ရှောင်ဖွယ်အပြစ်၊ ကင်းသည်ဖြစ်၍၊ ခုနစ်ပဉ္စာ၊ ဝေးဝေးခွာလျက်၊ ကူရိယာပုထ်၊ နှစ်ခြိုက်မညှောင်း၊ မြိုင်ရာကောင်းတွင်၊ ကိန်းအောင်ပြိုးပြို့၊ မြတ်ရာကြို့သည်။ နတ်တို့ သာဓုခေါ်ဘို့ဟု။

*(အရှင်မဟာရဋ္ဌသာရ)*

*အရှင်ဝိသုတာဘိဝံသ၊တောင်ပုလု၏ အမေရိကန်ဗုဒ္ဓသာသနာမော်ကွန်းတိုင်၊ စာ-၁၅၄-၈။*

ဖော်ပြပါ ရတုလင်္ကာများမှာ အင်းဝခေတ် တံခွန်စိုက် စာဆိုတော်ကြီးများ ဖြစ်ကြသော ဆရာတော်အရှင်မဟာသီလဝံသနှင့် ဆရာတော်အရှင်မဟာရဋ္ဌသာရတို့၏ လက်ရာမွန်များဖြစ်ကြောင်း သိရပါသည်။ ထို 'ခေတ်ပြိုင်စာဆိုကြီး' နှစ်ပါး၏ ထိုရတုကြီးနှစ်ပုဒ် စာပြီးနှစ်ကို ကောဇာ-၈၅၉ ခန့်ဟု ခန့်မှန်းကြပါသည်။

ဓုတင်ဆောင် တောမှီယောဂီကြီးတို့၏ ကြည်ညိုလေးမြတ်ဖွယ် အကျင့်စရဏနှင့် သရုပ်သဏ္ဌာန်တို့ကို ပီပြင်စွာ ပုံဖော်ဖွဲ့ဆိုထားသော လင်္ကာကြီးနှစ်ပုဒ်ကား တောရသာသနာအတွက် အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးကြီးမြင့်ပါသည်။ နေက္ခမ္မဓာတ်ခံရှိသူ ရဟန်းမြတ်တို့အား အလွန်ညို့နိုင်စွမ်းရှိသော လင်္ကာကြီးများပင် ဖြစ်ပါသည်။ တောမှီရဟန်းမြတ်တို့၏ စရဏနှင့်စပ်၍ သိသင့်သည်များကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှလည်းကောင်း၊ ထိုထို ကျမ်းကြီးတို့မှလည်းကောင်း အနှစ်ထုတ်၍ သိပ်သည်းစွာ ဖွဲ့ဆိုတင်ပြထားသည်ကို တွေ့နိုင်ပါသည်။ ထို့ပြင် စာဆိုတို့ မျက်မှောက်ပြုခဲ့ရသော ထိုခေတ်တောရသာသနာ မြင်ကွင်းများကိုလည်း မြင်အောင်ပြခဲ့သည်ကို ကြည်ညိုဖွယ် တွေ့ရပါသည်။

## ၄၈။ အုဂ်ဖိုရ်ဆရာတော်
## (မူလဗ္ဗါရ မဟာနိကာယ၏ အစွန်ဝတာဝ မဟာထေရ်)

အုဂ်ဖိုရ်ဆရာတော်ကြီးသည် သာသနာတွင် ရခဲသော ဝိနယဂရုက ပညာဝန္တ လဇ္ဇီ သူတော်ကောင်းကြီး စင်စစ်ဖြစ်တော်မူပါပေ၏။

**၄၈း၁ ကြွန္ဒြေတို့ကိုစောင့်စည်းတော်မူခြင်း။** ။သာသနာတော်၌ တည်နေကြကုန်သော ဥပသမ္ပန္နပုဂ္ဂိုလ် ဟူသမျှတို့သည် စက္ခု၊ သောတ စသော ကြွန္ဒြေဝတို့ကို သိမ်းဆည်းတော်မူကြသည်ချည်းပင် ဖြစ်လင့်စေကာမူ အုဂ်ဖိုရ်ဆရာတော်ကြီးမှာမူကား မြို့တွင်း ရွာတွင်းကို မဆိုထားဘိ အာရာမ်တွင်းရှိ တပည့်ဘပန်း ရဟန်း၊ သာမဏေတို့ကိုလည်းကောင်း၊ ထံတော်ပါးသို့ ရှိခိုးဝပ်တွား တရားနာယူရန် ရောက်လာကြသော ဥပါသကာ၊ ဥပါသိကာ အရပ်ရပ် ပရိသတ်တို့ကိုလည်းကောင်း မည်သည့်အခါမျှ စောင်းငဲ့မျှော်လှည့် ရှုကြည့်တော်မမူဘဲ အမြဲအားဖြင့် စက္ခုန္ဒြေကို ချတော်မူလေ့ရှိသည်။ သောတိန္ဒြေ စသော ကြွန္ဒြေတို့ကိုလည်း ထိုနည်းအတူပင် သိမ်းဆည်းတော်မူလေ့ရှိချေသည်။

**၄၈း၂ ရောင့်ရဲသည်းခံတော်မူခြင်း ။** ။ ဆရာတော်ကြီးသည် ပစ္စည်း(၄)ပါးတို့၌ အပ္ပိစ္ဆသဘောဖြင့် အခါခပ်သိမ်း ရောင့်ရဲတင်း

ဘာ်မ်တော်မူသည်ဖြစ်၍ ဥပုသ်ပဝါရဏာ သံဃာကိစ္စအစည်းအဝေး တို့၌ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၏ ပါယာသန္နိယဏာဘာတ် ၌ ဆောက်တည်ကျင့်သုံးသော ဥတ္တမမဟာအရိယာဝံသကျင့်ထုံးကို အမြဲနိစ္စ ဟောတော်မူလေ့ရှိ၏။ ကိုယ်တော်တိုင်လည်း ကျင့်ဆောင် တော်မူ၏။

အခါတစ်ပါး၌ ဇီးဖြူကုန်းတောရကျောင်းကြီးတွင် သီတင်း သုံးစဉ်. . . ။

သံဃာအများ သပ္ပါယမဖြစ်လောက်သော အပ္ပမတ္တက (အနည်းငယ်)ဆွမ်းမျှကိုသာရ၍ သံဃာတော်တို့ မသုံးစားတော့ဘဲ ထိုဆွမ်းကို စုပေါင်း၍ ဆရာတော်ကြီးအား ကပ်လှူကြကုန်၏။ ဆရာ တော်ကြီးသည်လည်း အလှူခံခြင်း၌ အတိုင်းအရှည်ပမာဏကို သိတော်မူတတ်သော ပဋိဂ္ဂဟဏမတ္တညုတရားကို နှလုံးထားပြီး ဖြစ်သည့်အားလျော်စွာ ထိုသို့ရလာသောဆွမ်းမှ လက်တော်ဖြင့် တစ်ဆုပ်မျှသောဆွမ်းဖြင့် မျှတရောင့်ရဲတော်မူလျက် ပရိယတ္တိဓမ္မ ပွဲကိုလည်း နေ့ညဥ့်မစဲ ပို့ချမြဲပင် ပို့ချတော်မူပေ၏။

ထိုမှတစ်ပါး သီဟိုဠ်ကျွန်းသို့ ကြွတော်မူသောအခါ အထူး ချမ်းသာတော်မူရန် ပထမခန်းဖြင့် ပင့်ဆောင်၍သွားသော်လည်း ပင်လယ်ခရီး၌ ကိုယ်လက်သုတ်သင် ပြုပြင်ဖွယ်အရေးမှာ အများနှင့် ယှက်ထွေး၍ ဝန်လေးအံ့သကဲ့သို့ ထင်တော်မူရကား တစ်နေ့တစ်နေ့ ဝယ် မျောက်ဂုံညင်းခန့် ဆွမ်းသုံးလုတ်နှင့် လက်ဖက်ရည်ကြမ်း သုံးကျိုက်မျှကိုသာ တစ်ဆယ့်ငါးရက်လုံးလုံး ကြန့်ကြာခြင်းရှိသော ပင်လယ်ခရီးအတွင်းဝယ် ထိုမျှသောအာဟာရဖြင့် ရောင့်ရဲတော်မူနိုင် ခြင်းသည် လူသာမန်တို့ သည်းခံနိုင်ခဲသော ရောင့်ရဲခြင်းမျိုးပင် ဖြစ်ချေတော့သည်။

**၄၈း၃ သန္တိန္ဒြိယဂုဏ်ထူးရှင်ဆရာတော်။**။ဆရာတော်

ကြီးသည် သတိ၊ ပညာ၊ သဒ္ဓါ ဝီရိယတရားတို့ဖြင့် ပေါ်လွင်ရှား လျက် ဆဒ္ဒါရိက ဝီထိစိတ်တို့၏ ဥပါဒ်ဖြစ်လာခိုက် (နိုးကြားအသိ သတိရှိခိုက်)ကို မဆိုထားဘိ၊ ဝီထိမုတ်စိတ်ဟူသော ဘဝင်သက်၍ ကျိန်းစက်တော်မူသောအခါသော်လည်း မကျိန်းစက်မီ ရှေးအဖို့က ပရိမဏ္ဍလသိက္ခာပုဒ်တော်နှင့် အညီအညွတ်ဝတ်ရုံအပ်သော သင်္ကန်း တော်သည် နံနက်ကျိန်းစက်ရာ ခုတင်ညောင်စောင်းထက်မှ နိုးကြား၍ ထတော်မူသည့်တိုင်အောင် ပရိမဏ္ဍလလက္ခဏာမပျက်ဘဲ လက် ကတော့တင်လွှမ်းပြီးကာ ညဥ့်ဦးယာမ်က ဝတ်ရုံဆင်မြန်းအပ်သော အတိုင်းသာလျှင် သက်လျှောမရွေ့ ပြကတေ့ အမြဲတည်ရှိတော်မူ၏။

၄၈း၄ ဒုက္ခဝေဒနာကို သမာဓိခွန်ဖြင့် သည်းခံတော်မူ ခြင်း။ ။ အခါတစ်ပါး၌ ဆရာတော်ကြီးသည် မဲဇလီဘုတ်ချောင်းရွာ ကျောင်း၌ ဒါယကာအများတို့အား ကျောင်းရေစက်ချတရား ဟော တော်မူလျက်ရှိ၏။ တရားဟောရာမဏ္ဍပ် ပက်လက်ကုလားထိုင် ထက်မှ ဖဝါးခြေနှစ်ဖက်ကိုချ၍ တရားဟောနေစဉ် ကင်းခြေများ တစ်ကောင်သည် မဏ္ဍပ်ပေါ်မှ ရုတ်တရက်ကျ၍ ခြေဖမိုးတော်ကို ကိုက်ခဲလေ၏။ ဆရာတော်ကြီးက ဒုက္ခဝေဒနာကို ပမာဏမထားဘဲ၊ တရားပွဲကြီး ပြီးဆုံးအောင် ကြီးမြတ်သော သမာဓိခွန်တော်ဖြင့် ဟောမြဲဟောလျက်သာ ရှိချေသည်။

အခါတစ်ပါး၌ ကျောပြင်တော်ဝယ် အကြီးအကျယ် အနာ့ပဆုပ် ပေါက်ရောက်သောအခါ အလွန်သည်းစွာသော ဒုက္ခဝေဒနာကို ခံစား တော်မူရ၏။ သို့သော်လည်း ညည်းတွားခြင်းကို မဆိုလင့်ဦး၊ စိတ်ထား မရွှင် ငြိုငြင်သော အခြင်းအရာကိုမျှ ပြတော်မမူချေ။

''ယခုပေါက်ရောက်ဆဲ အနာကား အကြီးအကျယ်ပြောပြ လောက်ဖွယ်မဟုတ်။ နာမ်၊ ရုပ်နှစ်ပါးနှင့် သဠာယတနတရား ခြောက်

ပါးတည်းဟူသော အိုင်းအမာကြီးငယ်တို့သည်သာလျှင် ဘဝဆက်တိုင်း ဆက်သွယ်၍ ခက်ခဲဖွယ်အရေး အလွန်တရာဝန်လေးလှစွာ ကြောက်မတ်ဖွယ်ရာ အိုင်းအမာကြီးပေတည်း''ဟု နာမရူပပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်း၍ သည်းခံလျက်သာ နေတော်မူ၏။ မည်သည့်အခါမျှ ထိုအနာကို ဆေးထည့်ရန် မိန့်တော်မမူ၊ ဖန်ရေဆေးဝါးတို့ဖြင့် ပြုစုကုသသော အလုပ်အကျွေးတပည့်အားလည်း မိမိအနာရောဂါ မည်သို့ရှိချေသနည်းဟု အနာ၏ အချင်းအရာကို တစ်ကြိမ်တစ်ခါမျှ မေးတော်မမူချေ။

**၄၈း၅ ဆရာတော်ကြီးနှင့် ရာဇဂုရုဘွဲ့တံဆိပ်တော်။ ။** ဆရာတော်ငယ်နုစဉ်ကာလ ပုဂံရွှေနန်းရှင်လက်ထက်၊ သာသနာပိုင်ဗားကရာဆရာတော်ကြီးက ရာဇဂုရုဘွဲ့ချီးမြှောက်ရန် အတွင်းတော်သို့ စာသွင်းစီမံပြီးဖြစ်သည်။'ရာဇဂုရု ဘွဲ့တံဆိပ်တော်'ကို အလှူခံရမည်ဟု သာသနာပိုင်ဆရာတော်ကြီးက အကြိမ်ကြိမ်အဖန်ဖန် တိုက်တွန်းခဲ့သော်လည်း လက်ခံတော်မမူခဲ့ပေ။ မင်းတုန်းမင်းတရားကြီးသည် မင်းသားဘဝတွင် မင်္ဂလာအိမ်တော်နှင့် စံနေတော်မူစဉ် ဆရာတော်ကို ဖူးမြော်လိုကြောင်းဖြင့် (မြသိန်းတန်ဆရာတော်ကြီးမှတစ်ဆင့်) ပင့်လျှောက်သည်။ ဆရာတော်ကြီးက သီတင်းနေ့လည်းဖြစ်သဖြင့် မိမိနှင့်အတူ မင်္ဂလာအိမ်တော်သို့ လိုက်ပါရန် ခေါ်တော်မူရာ သီတင်းနေ့ပင် ဖြစ်သော်ငြားလည်း စာကြည့်ပျက်အံ့မည်စိုး၍ မလိုက်ပါလိုကြောင်းဖြင့် ငြင်းပယ်လျှောက်ထားခဲ့သည်။

ထို့နောက် မင်းတုန်းမင်းတရား အထွတ်အထိပ်သို့ရောက်ချိန်တွင် ဖူးမြင်လိုပြန်သဖြင့် မိမိ တိုက်ရိုက်ပင့်သော် ရမရ၊ ကြွမကြွကို သိလို၍ ရွှေကျင်ဆရာတော်ဘုရားကြီးကို ဦးတိုက်လျှောက်ထား စုံစမ်းစေရာ ရာဇဝလ္လဘာအပြစ်နှင့် ရာမညတိုင်း၌ သာသနာ ဆုတ်နစ်

ခြင်းကို ဖော်ပြ၍ မင်းကြောင်ပြီး ပူဇော်ချီးမြှောက်လို၍ ပင့်သော်
ငြားလည်း မိမိသည် မန္တလေးရွှေမြို့တော်သို့ မကြွလိုကြောင်းဖြင့်
ရွှေကျင်ဆရာတော်အား ငြင်းပယ်တော်မူလိုက်လေသည်။

*ပန်းတောင်းဆရာတော်၏ 'ဝိပဿနာဉာဏလာတတ္တနိဒီပကာကျမ်း၊ စာ-၃၆-၅၃။*

၄၉း၁ ဆရာတော်ဒေါက်တာနန္ဒမာလာဘိဝံသ(သို့) မျက်မှောက်ခေတ် မြန်မာ့ပရိယတ္တိပညာရေးစနစ်၏ အလင်းတမန်။ ။

ဆရာတော်ကား ယနေ့ မြန်မာပြည်သာသနာ၌ ရခဲသော ရဟန်းမျိုးတည်း။

စွယ်စုံထူးချွန်ထက်မြက်သော ပညာရှင်ကြီးဖြစ်သော်လည်း ပညာရှင်နှင့်မတူ၊ ပညာရှင်တစ်ပါး၏ ဟန်မျိုး မာန်မျိုး အလျဉ်း မရှိ။ တောနေ သူမြတ်ပမာ အစဉ်တည်ကြည်ငြိမ်းချမ်းလျက်ရှိသည်။ ဆရာတော်ငယ်နုစဉ် ဘဝတုန်းက စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံကျောင်းတွင် (၆)နှစ်တိတိ တောရပျော်သာမဏေတစ်ပါး ဖြစ်ခဲ့သည်။ ထို့ကြောင့်ဖြစ်မည်ထင်သည်။ ဆရာတော်၏ (မိမိနာဖူးသော) သြဝါဒ တစ်ပုဒ်ကွင် တောရနံ့ဟောက်ဖြင့် ယနေ့တိုင်ထုံသင်းနေဆဲ။ ဆရာတော်ကာ မိန့်လေသည်။ "တောရကျောင်းမှာ နေချင်ပေမယ့် နေခွင့်မရဘူး၊ လုပ်ချင်တာနဲ့ လုပ်နေရတာ တခြားစီဖြစ်နေတယ်။ ဒါပေမဲ့ သာသနာအတွက်တော့ ကျေးဇူးရှိပါတယ်"

ဆရာတော်ကား အမြင်ကျယ်သည်။ ရေတိုကို မကြည့်၊ ရေရှည်ကိုသာ ကြည့်တတ်သည်။ ခေတ်စာသင်သားအများစုသည် ပါဠိပိဋကတ်ကို တတ်မြောက်အောင် သဒ္ဒါတရားဖြင့် သင်ချင်စိတ်နည်းပါးလာနေကြသည်။ အင်္ဂလိပ်စာမတတ်လျှင် ခေတ်မမီတော့ဟု ထင်လာကြသည်။ အခြေအနေအရ ယနေ့ခေတ်၏ ဆုတ်ယုတ်ခြင်း

ဝဲညြဲယတွင် မြန်မာ့သာသနာ့လှေကြီး တိမ်းမှောက်နစ်မြုပ်သွားနိုင်သည်ကို ဆရာတော်မြင်လေသည်။

ထို့ကြောင့် စိုးရိမ်တကြီး ဤသို့မိန့်တော်မူလေသည်။

''စာသင်သားလေးတွေ၊ပါဠိကို ဦးစားပေး မသင်ဘဲ အင်္ဂလိပ်စာကို ဦးစားပေး သင်သွားကြတော့မယ်ဆိုရင် ကိုယ့်ရှေ့က သွားနှင့်တဲ့ နောင်တော်တွေလိုပဲ ဖြစ်သွားမှာပေါ့။ သီဟိုဠ်တို့ ယိုးဒယားတို့ကို သွားလေ့လာကြည့်၊သူတို့ဆီမှာ သာသနာဘယ်လိုနေသေးသလဲဆိုတာ. . . .။''

ဆရာတော်သည် ''ဗုဒ္ဓတက္ကသိုလ်များ၏ ပညာရေး ဦးတည်ချက်''ဆောင်းပါး၌လည်း မြန်မာပြည်ရှိ သာသနာဆိုင်ရာတက္ကသိုလ်များသည် ပိဋကတ်ကို ဇောင်းမပေးဘဲ ဘာသာစကားကို ဇောင်းပေးလျှင် ရည်ရွယ်ချက်များ မအောင်မြင်နိုင်ကြောင်း ပညာရှင်များ လက်ခံနိုင်အောင် ပြည့်စုံစွာ ညွှန်ပြထားပါသည်။ဆရာတော်နှင့်စပ်၍ အရှင်ကုန္ဒကာဘိဝံသ(မြစကြာ)၏ ရေးသားချက်ကို ဆက်လက်ဖော်ပြပါမည်။

''ဆရာတော်ရဲ့ ပညာအရည်အသွေး မြင့်မားပုံ၊ အများအကျိုး သယ်ပိုးဆောင်ရွက်ပုံတွေဟာ အံ့အားသင့်စရာ၊ အားကျကြည်ညိုစရာချည်း ဖြစ်နေပါတယ်။ လောကီ၊ လောကုတ္တရာ အဆင့်မြင့် ဘွဲ့ထူး၊ ဂုဏ်ထူးတွေ ရခဲ့တယ်။ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နဲ့ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှာ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်နေဆဲပါ။

စာရေးသူဟာ ဆရာတော်နဲ့ အချိန်ကြာမြင့်စွာ မတွေ့ဆုံ၊ မဆွေးနွေးဖူးပါ။ အခိုက်အတန့်မျှသာ တွေ့ဆုံခွင့်၊ ဖူးမြော်ခွင့် ရခဲ့ဖူးပါတယ်။ ဖျတ်ခနဲ ဖူးမြော်ခွင့်၊ဆွေးနွေးခွင့်ရခဲ့တဲ့ အချိန်တိုအတွင်းမှာပဲ လျှောက်ရမယ့် အနာဂတ်လမ်းခရီးကို ထင်ရှားစွာ တွေ့မြင်လိုက်ရ

သလို ခံစားခဲ့ရပါတယ်။

လွန်ခဲ့တဲ့ ဆယ်နှစ်ခန့်ကပါ။ တနင်္သာရီတိုင်းက ကြွလာတဲ့ အာဂန္တုဆရာတော်တစ်ပါးနဲ့အတူ ဆရာတော်ထံ ရောက်ခဲ့ပါတယ်။ အာဂန္တုဆရာတော်က အဆင့်မြင့်သာမဏေကျော်စာမေးပွဲတစ်ခု တည်ထောင်ကျင်းပချင်နေတာ ဖြစ်ပါတယ်။ ဆရာတော့်ထံမှ အကြံဉာဏ်တောင်းလိုတဲ့အတွက် စာရေးသူက လိုက်ပို့ပေးရခြင်းပါ။စာမေးပွဲ ပြဋ္ဌာန်းစာထဲမှာ အင်္ဂလိပ်စာကို ဘာသာရပ်တစ်ခုအနေနဲ့ ထည့်သွင်း လိုတဲ့အကြောင်းကို အာဂန္တုဆရာတော်က လျှောက်ထားပါတယ်။

ဆရာတော်က အာဂန္တုဆရာတော်ရဲ့ လျှောက်ထားချက်ကို အလေးအနက် နားထောင်ပါတယ်။ ပြီးမှ အနာဂတ်သာသနာတော်မှာ လျှောက်လှမ်းသင့်တဲ့ လမ်းမှန်ကို စေတနာသန့်သန့်နဲ့ မီးမောင်း ထိုးပြခဲ့ပါတယ်''

''အခြေခံစာမေးပွဲတွေမှာ အင်္ဂလိပ်စာထည့်သွင်းပြဋ္ဌာန်းတာဟာ ခေတ်အခြေအနေအရ သိပ်ကောင်းပါတယ်။ အရှင်ဘုရားအနေနဲ့ ဘယ်လိုရည်ရွယ်ချက်နဲ့ ထည့်သွင်းချင်တာလဲဆိုတာကိုတော့ မေးစရာရှိတာပေါ့။ လမ်းဘေးချိတ်ထားတဲ့ ဆိုင်းဘုတ်ဖတ်တတ်ရုံ ရည်ရွယ်တာလား၊ နိုင်ငံခြားသားတွေနဲ့ စကားပြောတတ်ရုံလောက် ရည်ရွယ်တာလား။ ဒါမှမဟုတ် ဗုဒ္ဓဓမ္မတွေကို အင်္ဂလိပ်ဘာသာနဲ့ ကမ္ဘာအထိ ကျယ်ပြန့်သွားအောင်၊ သိသွားအောင် ဆောင်ရွက်ချင်တာ လား''

''ဆိုင်းဘုတ်ဖတ်တာလောက်ကိုပဲ ခေတ်အမြင်ရှိတယ်လို့ ယူဆရင်၊ နိုင်ငံခြားသားတွေနဲ့ စကားလက်ဆုံပြောတတ်တာကိုပဲ အမြင်ကျယ်တယ်လို့ ယူဆရင်တော့ အခြေခံတန်းတွေမှာ အင်္ဂလိပ်စာ ထည့်သွင်းပြဋ္ဌာန်းတာကို ဘာမျှမပြောလိုပါဘူး''

''ဒါပေမဲ့ ဗုဒ္ဓဓမ္မတွေကို ကမ္ဘာထိသိအောင်၊ ကျယ်ပြန့်သွား

အောင်လုပ်ဖို့ ရည်ရွယ်ပါတယ်ဆိုရင်တော့ ဒီနည်းစနစ်နဲ့ မသင့်တော်ဘူးထင်တယ်။ ပါဠိ၊ အဋ္ဌကထာ အသွားအလာကို 'ဓမ္မာစရိယတန်း' အောင်မြင်တဲ့အထိ မြန်မာနိုင်ငံက သင်ကြားနည်းစနစ်နဲ့ ကျကျနန သင်စေချင်တယ်။ ပြီးမှ အင်္ဂလိပ်စာကို သင်ယူတာက ပိုကောင်းမယ်။ တကယ်စိတ်ဝင်စားတယ်၊ ဉာဏ်အသင့်အတင့်ရှိတယ်ဆိုရင် အသက် (၃၀)ကျော် ဝန်းကျင်လောက်မှာ အင်္ဂလိပ်စာတတ်ကျွမ်းတဲ့ အဆင့်ထိ ရောက်နိုင်ပါတယ်''

''တပည့်တော်တို့ အများစုက 'အရှင်အဋ္ဌကထာဆရာ.. ဆရာသည်' ဆိုတဲ့ ဓမ္မာစရိယသင်ကြားနည်းကို 'ခေတ်နောက်ကျနေတဲ့စနစ်၊ ဒိတ်အောက်နေတဲ့ စနစ်'လို့ မြင်ကြတယ်။ သီရိလင်္ကာစတဲ့ နိုင်ငံခြားသားရဟန်းတော်တွေနဲ့ တွေ့ထိခွင့်ရမှ သိပ်ကောင်းတဲ့ နည်းစနစ်မှန်း သိရတော့တယ်။ ဒီစနစ်ကို တီထွင်ဖော်ထုတ်ခဲ့တဲ့ ရှေးရှေး ဆရာတော်တွေကိုလည်း ကျေးဇူးအများကြီးတင်တယ်''

''ဒီနည်းစနစ်ကို မပျောက်ပျက်အောင် စာသင်တိုက်ကြီးတွေက ဆက်ပြီး ထိန်းသိမ်းဖို့လိုတယ်။ ဒီနည်းစနစ်နဲ့ ကျင်းပတဲ့ စာမေးပွဲတွေလည်း ဆက်ပြီးတည်တံ့စေချင်တယ်။ ဆရာတော် ဦးသီလာနန္ဒာဘိဝံသ(အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပါမောက္ခချုပ်) ဆရာတော်ကလည်း ဒီလိုပဲ အမိန့်ရှိခဲ့ဖူးတယ်''

''နိုင်ငံခြားသား ရဟန်းတော်တွေဟာ ဘာသာရပ်တစ်ခုအနေနဲ့ အင်္ဂလိပ်စာကို တတ်ကျွမ်းကြပါတယ်။ ဒါပေမဲ့ မြန်မာရဟန်းတော်တွေလို ပါဠိ၊အဋ္ဌကထာ အသွားအလာကို သဒ္ဒါနည်းနဲ့ သေသေချာချာ မလေ့လာဖူးကြဘူး။ ဒီတော့ အင်္ဂလိပ်စာကို ဘာသာပြန်တဲ့နေရာမှာ အနက်၊ အဓိပ္ပာယ်တွေ တိမ်းစောင်းတာ တွေ့ရတယ်။ မြန်မာပြည်က လူပညာရှင်အချို့မှာလည်း ဒီအားနည်းချက်မျိုးတွေကို တွေ့နေရတယ်''

''ဥပမာဆိုကြပါစို့၊ 'ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ'တဲ့။ သတိပဋ္ဌာန်သုတ်ပါဠိတော်မှာပါတဲ့ ပါဠိလေးပါ''

''နိုင်ငံခြားသား ရဟန်းတော်အများစုဟာ 'ဝိနေယျ'မှာပါတဲ့ တွာ-ပစ္စည်းရဲ့ အနက်ကို ပုဗ္ဗကာလကြိယာဝိသေသန အနက်ပဲ သိကြတယ်။ အခြားအနက်တွေကို မသိကြဘူး။ ဒီတော့ အဘိဇ္ဈာ ဒေါမနဿကို ပယ်ပြီးမှ၊ ဈာန်ရအောင် အားထုတ်ပြီးမှ ဝိပဿနာ တရား ရှုမှတ်ပွားများရမယ်။ ဒီလို မှားယွင်းတဲ့ အနက်အဓိပ္ပာယ် တွေကို ဖော်ထုတ်မိတတ်ကြတယ်။ မြန်မာရဟန်းတော် အများစုက တော့ ငယ်စဉ်ကတည်းက ပါဠိအသွားအလာကို သဒ္ဒါနည်းနဲ့ သင်ယူ ခဲ့ကြတယ်။ တွာ-ပစ္စည်းဟာ သမာနကာလ ကြိယာဝိသေသနအနက် မှာလည်း သက်သေးတယ်။ ဒီလိုသိနေတော့ ဈာန်မရသေးလည်း ဝိပဿနာတရား အားထုတ်လို့ရတယ်။ အဘိဇ္ဈာဒေါမနဿကို အား ထုတ်ရင်းနဲ့ ပယ်ခွာသွားလို့ရတယ်။ ဒီလိုအဓိပ္ပာယ်မှန်ကို ဖော်ထုတ် နိုင်ကြတယ်။

'ပန'နိပါတ်ပုဒ်ကိုလည်း ကြည့်ပေါ့။ ဓမ္မာစရိယတန်းကို စနစ်တကျသင်ယူဖူးတဲ့ မြန်မာရဟန်းတော်တွေဟာ 'ဂရဟာဇောတ ကလား၊ သမ္ဘာဝနာဇောတကလား၊ ပက္ခန္တရဇောတကလား' ဆိုတာ ကို ခွဲခြားသိနိုင်ကြတယ်။ ခွဲခြားသိတော့ အနက်အဓိပ္ပာယ်၊ အယူ အဆ မတိမ်းစောင်းနိုင်တော့ဘူး။ သီရိလင်္ကာစတဲ့ နိုင်ငံခြားသား ရဟန်းအများစုကတော့ 'ပန' နိပါတ်တွေ့ရင်(But/However) 'သို့ သော်လည်း'လို့ အဓိပ္ပာယ်ပြန်ဆိုကြတာ များပါတယ်။ မြန်မာရဟန်း တော်တွေလို တိကျသေချာတဲ့ အနက်အဓိပ္ပာယ်မျိုးကို ခွဲခြားမသိ နိုင်ကြဘူး''

''ဒါကြောင့် ကိုရင်လေးတွေကစပြီး အင်္ဂလိပ်စာကို သင်ယူ

စေချင်တဲ့ အရှင်ဘုရားရဲ့ ဆန္ဒကတော့ မွန်မြတ်ပါရဲ့။ ဘယ်လိုရည်ရွယ်ချက်နဲ့ သင်ယူသင့်တယ်ဆိုတာကိုတော့ စဉ်းစားချင့်ချိန်ပြီးမှ ဆုံးဖြတ်ပါ''

ဆရာတော်ရဲ့ စကားဟာ အာဂန္တုဆရာတော်အတွက် တော့ ဘယ်လိုခံစားချက်မျိုးကို ပေးစွမ်းနိုင်တယ်ဆိုတာမသိ။ စာရေးသူအတွက်တော့ ရွေးချယ်လျှောက်လှမ်း‌သင့်တဲ့ လမ်းမှန်ကို မီးမောင်းထိုးပြလိုက်သလို ခံစားရပါတယ်။ ခေတ်စကားနဲ့ပြောရရင် ဆရာတော်ရဲ့ စကားတွေဟာ စာရေးသူအတွက်တော့ 'လမ်းပြကြယ်စင်' တွေပေါ့။

ဆရာတော့်အပေါ် လေးစားကြည်ညိုခဲ့၊ အားကျခဲ့တာဟာ ဘွဲ့ဒီဂရီတွေကြောင့် မဟုတ်ပါဘူး။ ဘွဲ့ဒီဂရီမြင့်တိုင်း ပိုင်ဆိုင်ခွင့်မရနိုင်တဲ့ ထက်မြက်စူးရှတဲ့ အတွေးအမြင်တွေကြောင့်ဆိုတာ ရိုးသားစွာ ဝန်ခံပါရစေ။

*'သာသနာ့ဗိသုကာဆရာတော်ဘုရား'*
*အရှင်ဣန္ဒကာဘိဝံသ (မြစကြာ)*
*အပ္ပမာဒမဂ္ဂဇင်း၊ အတွဲ(၁၁)၊ အမှတ်(၄)*

### ၄၉း၂ ဗုဒ္ဓတက္ကသိုလ်များ၏ ပညာရေးဦးတည်ချက်။

ဗုဒ္ဓ၏ အဆုံးအမသည် ယနေ့ကမ္ဘာအတွက် များစွာလိုအပ်သည်။ ကမ္ဘာကြီးသည် ဆက်သွယ်ရေးလမ်းကြောင်းများကြောင့် ကျဉ်းမြောင်းလာသလို ရှိ၏။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အနီးကပ်တွေ့ ရှိကြရသဖြင့် အဆင့်အတန်းကွာဟမှုသည် ပို၍ သိသာလာ၏။

အဆင့်အတန်း မတူညီမှုသည် ယှဉ်ပြိုင်မှုကို ဖြစ်ပေါ်လာစေ၏။ ယှဉ်ပြိုင်မှုသည် တိုးတက်မှုကို အထောက်အကူပြုသော်လည်း မမျှော်လင့်သည့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်စေ၏။

လိုချင်မှုတဏှာဆန္ဒကို ကြီးထွားစေ၏။ ကြီးထွားလာသော တဏှာဆန္ဒကို မထိန်းနိုင်သဖြင့် စွဲလမ်းမှုသည် အမြစ်တွယ်လာသည်။ မိမိထက်သာသူကို ရန်လိုမှုဣဿာတရား၊ မိမိ၏ အခွင့်အရေးမျိုး သူတစ်ပါးမရအောင် တားဆီးလိုမှု မစ္ဆရိယတရားများသည် လူ့စိတ်ကို လွှမ်းမိုးလာ၏။ လူအများသည် ဣဿာ၊မစ္ဆရိယ လွှမ်းမိုးထားသော ဤကမ္ဘာမှာ ပြဿနာမျိုးစုံနှင့် ကြုံတွေ့နေရပြီး ဘေးကင်းရန်ကွာ ငြိမ်းချမ်းသာယာမှုကို ဆုံးရှုံးနေကြရ၏။ ယနေ့ကမ္ဘာမှာ ကြုံတွေ့နေရသည့် ပြဿနာမျိုးစုံ၏ အဖြေကို ရှာတွေ့ဖြေရှင်းနိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ ဗုဒ္ဓတရားတော်သာဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓအဆုံးအမတော်သည် ယနေ့ကမ္ဘာအတွက် များစွာလိုအပ်လျက်ရှိသည်။

ယနေ့ကမ္ဘာအတွက် လိုအပ်ချက်ဖြစ်သည့် ဗုဒ္ဓတရားတော်များ ကမ္ဘာအနှံ့ ဖြန့်ဖြူးနိုင်ရန် သာသနာပြုပုဂ္ဂိုလ်ကျော်များ လိုအပ်သည်။ သာသနာပြု ပုဂ္ဂိုလ်ကျော်ဖြစ်လာစေရန် စနစ်တကျ လေ့ကျင့်သင်ကြားပေးဖို့ လိုသည်။ ထိုသို့ လေ့ကျင့်သင်ကြားပေးရန် ဗုဒ္ဓတက္ကသိုလ်များ တည်ထောင်ကြရ၏။ဗုဒ္ဓတက္ကသိုလ်များသည် ပညာရေးကဏ္ဍကို အဓိကဦးစားပေး ရေးဆွဲကြရ၏။ ပညာရေးကဏ္ဍကို ပီပြင်အောင် အကောင်အထည်ဖော်နိုင်မှသာ အရည်အချင်းပြည့် သာသနာပြုပုဂ္ဂိုလ်များ ပေါ်ထွက်နိုင်သည်။

အရည်အချင်းပြည့် သာသနာပြုပုဂ္ဂိုလ်ဆိုသည်မှာ–

၁။ သာသနာပြုစိတ်ဓာတ်ထက်သန်ခြင်း၊

၂။ ကိုယ်ကျင့်တရားခိုင်မာခြင်း၊

၃။ ပုဂ္ဂိုလ်ရေးထက် ဓမ္မရေးကို အလေးဂရုပြုခြင်း၊

၄။ ဗုဒ္ဓဓမ္မ၌ လိမ္မာကျွမ်းကျင်ခြင်း၊

၅။ ဘာသာစကား၌ ကျွမ်းကျင်လိမ္မာခြင်း စသည့် အရည်

အချင်းများရှိသော ပုဂ္ဂိုလ်မျိုး ဖြစ်သည်။ အဆိုပါ အရည်အချင်းမျိုး ရရှိစေနိုင်သည့် ပညာရေးဦးတည်ချက် ချမှတ်ကျင့်သုံးရမည်။ ဖော်ပြပါ အချက်(၅)ချက်အနက် ၁-၂-၃ ပါ အချက်များကို လေ့ကျင့်သင်ကြားပေးသင့်သည်။ စွမ်းရည်ခိုင်မာအောင် ပြုပြင်တည်ဆောက်ပေးသင့်သည်။

နံပါတ်(၄)အချက်အတွက် ပိဋကသုံးပုံပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့မှ ကောင်းနိုးရာရာ ရွေးကောက်၍ အနှစ်ချုပ်ကို ပိုင်နိုင်သိရှိအောင် သင်ကြားပို့ချရမည်။ အခြားဘာသာတရားများ အယူအဆအတွေးအခေါ်များနှင့် နှိုင်းယှဉ်လေ့လာစေရမည်။ ဗုဒ္ဓတက္ကသိုလ်များ၏ ပညာရေးဦးတည်ချက်မှာ အဓိကနံပါတ်(၄)အချက်ဖြစ်သင့်သည်။ နံပါတ်(၄)ကို ဦးစားမပေး၊ နံပါတ်(၅)ကို ဦးစားပေးလျှင် အောင်မြင်နိုင်လိမ့်မည်မဟုတ်။ ဆိုလိုသည်မှာ ဘာသာစကားကျွမ်းကျင်သော်လည်း ဗုဒ္ဓဝမ္မ မကျွမ်းကျင်လျှင် အရည်အချင်းရှိသာသနာပြုပုဂ္ဂိုလ် မဖြစ်နိုင်။ မဖြစ်နိုင်ရုံမျှမက ဗုဒ္ဓဝမ္မကို မှားမှားယွင်းယွင်း ယူဆပြောဟောမိလျှင် သာသနာပြုမဖြစ်ဘဲ သာသနာဖျက် ဖြစ်သွားနိုင်ပေသည်။

အချို့က ဗုဒ္ဓဝမ္မကို အင်္ဂလိပ်ဘာသာဖြင့် သင်ယူရခြင်းကိုပင် တကယ့်အဆင့်ကြီးဟု ထင်မြင်၏။ ဗုဒ္ဓဝမ္မကို ပါဠိမူရင်းမှ မိမိတို့ဘာသာစကားဖြင့်ဖြစ်စေ၊ အခြားဘာသာစကားတစ်ခုခုဖြင့်ဖြစ်စေ၊ သင်ယူခြင်း၊ အဋ္ဌကထာ၊ ဋီကာ ရှင်းလင်းချက်များ ဖြည့်စွက်သင်ယူခြင်း၊ သဒ္ဒါကျမ်းရှုထောင့်မှ သင်ယူခြင်းမျိုးကသာ အဆင့်မီသင်နည်းဖြစ်သည်။

ဗုဒ္ဓဝမ္မနှင့် စပ်လျဉ်း၍ ဘာသာပြန်စာအုပ်များကို များစွာအားမကိုးသင့်ပေ။ မူရင်းပါဠိတော်ကိုသာ အားကိုးသင့်၏။ ဘာသာပြန်ဆိုရာ၌ဖြစ်စေ၊ အဓိပ္ပာယ်ဖွင့်ဆိုရာ၌ဖြစ်စေ မှားယွင်းမှုမရှိစေ

ရန် သတိပြုရမည်ဖြစ်သည်။ ဘာသာပြန်များလျှင် အဓိပ္ပာယ်များနိုင်သည်။ အဓိပ္ပာယ်များလျှင် အသိများနိုင်၏။ အသိများလျှင် အကျင့်များနိုင်၏။ အကျင့်များလျှင် သံသရာတစ်လျှောက်လုံး ဒုက္ခရောက်နိုင်၏။

သို့ဖြစ်၍ ဗုဒ္ဓတက္ကသိုလ်များ၏ ပညာရေးဦးတည်ချက်မှာ အင်္ဂလိပ်ဘာသာစကား သင်ကြားရေးမဟုတ်၊ ဗုဒ္ဓဓမ္မသင်ကြားရေးသာဖြစ်သည်။ မှန်ကန်သော ဗုဒ္ဓဓမ္မကို ဘာသာစကားဖြင့် မှန်ကန်စွာဖြန့်ဖြူးရေးသို့ လျှောက်လှမ်းကြပါစို့။

*ဒေါက်တာနန္ဒမာလာဘိဝံသ ပါမောက္ခချုပ်၊ သီတဂူဗုဒ္ဓတက္ကသိုလ်*
*'သာသနာ့ဖန်မီးအိမ်' မြစ်ကြာကျောင်းတိုက် (၁၆)နှစ်ပြည့် အထိမ်းအမှတ်စာစောင်၊*
*စာ-၂၉၃၊ ၂၉၆*

**၅၀။အနော်ရထာမင်းစော သထုံကို ဘာကြောင့်တိုက်ခဲ့ရသလဲ။ ။**

အနော်ရထာမင်းစော အောက်ပြည်စုန်၍ သထုံကို တိုက်ခြင်းမှာ ပိဋကတ်ယူလိုခြင်းအကြောင်းထက် အင်အားတိုးတက်ကြီးမားလာသော အိန္ဒိယတိုင်းသား အခြေစိုက်သမားများကို ချေမှုန်းဖျက်ဆီးလိုခြင်းအကြောင်းက သာလွန်၍ ဖြစ်နိုင်ခွင့်ရှိကြောင်းဖြင့် ပါမောက္ခဒူးရွိုက်ဆဲက အဆိုပြုချက်ကို လက်ခံနိုင်လောက်သည်။

မွန်တို့သည် အုံ့ဩဖွယ်ကောင်းလောက်အောင် အေးချမ်းငြိမ်သက်စွာနေတတ်၍ ရောင့်ရဲလွယ်လွန်းလှသည်။ အဆိုပါ အိန္ဒိယကိုလိုနီဆရာတို့ကို အနော်ရထာမင်းစောဆင်း၍ မဖြိုလျှင် မွန်တို့အဝါးမျိုခံရမှာ ကျိန်းသေသလောက်ဖြစ်သည်။

တစ်ကြိမ်လည်း ပုတာတေဇေင်ကာခေါ် ဒီဘရစ်တိုးသည် မိမိတို့ မွန်နယ်အတွင်း၌ တစ်ဗိုလ်တစ်မင်း မင်းမူလာသည်ကို အသာပင် လက်ပိုက်၍ ကြည့်နေနိုင်ခဲ့သည်။

အနောက်ဘက်လွန်မင်းတရားကြီး၏ ကြိုးပမ်းမှုကြောင့် သန်လျင်မှာ မြန်မာပြည်၏ ဂိုဝါဖြစ်မည့်ဘေးမှ ကင်းဝေးခဲ့ရသည်။ ဂိုဝါလောက်သာဖြစ်လျှင် ကိစ္စမရှိ၊ အစိတ်စိတ်အဲမွှာမွှာဖြစ်နေသော မြန်မာပြည်ထောင်ငယ်တို့ကို တစ်ခုပြီးတစ်ခု ဝါးမျိုခဲ့လျှင် မွန်မြန်မာတို့ အမျိုးဘာသာ သာသနာအားလုံး ပျောက်ဆုံးသွားနိုင်ကြောင်း တွေးကြည့်လျှင် ကြက်သီးထဖွယ်မြင်ရပေလိမ့်မည်။

*"ပြဟ္မနိရုတ္တိနယသင်္ဂဟခေါ် မြန်မာစကားလုံး ပြောင်းထုံးကျမ်း"၊*
*ကျမ်းဦးမှတ်ဖွယ်(က္က)မှ၊ ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်၊*
*မဟာနာယကဆရာတော် ဦးကောသလ္လ၊ ဓမ္မာစရိယ (ဘီအေဂုဏ်ထူး-လန်ဒန်)။*

# အပိုင်း(၂)

# ဝိဇ္ဇာနုဝတ္တိကထာ

ညောင်စောင်းထက်ဝယ် နောက်ဆုံး(လဲလျောင်းခြင်းဖြင့်) လဲလျောင်းနေတော်မူသော ငြိမ်းလုလုဆီမီးပမာ ဝိနည်းမိုရ်တေဒဂ် မဟာသူတော်စင်ကြီး၏ ကျေးဇူးဂုဏ်အနှစ်တို့စုဝေးရာ ခန္ဓာတော်အစဉ်အား ကြည်ညိုလှစွာ အကြိမ်ကြိမ် ရှိခိုးပူဇော်ပါသတည်း။

*မဟာဝိဟာရဆရာတော်*
*၁၃၇၀-ပြည့်နှစ်၊ နယုန်လဆန်း၁၃-ရက်*
*(၁၆-၆-၂၀၀၈) တနင်္လာနေ့။*

**ကျမ်းကိုး**

၁။ ဝိနည်းအဋ္ဌကထာ (ပထမအုပ်)

၂။ ထေရာပဒါန်မြန်မာပြန်

၃။ ထေရဂါထာမြန်မာပြန်

၄။ ဆိဒ္ဓပိဓာနနီကျမ်း

၅။ ရွှေကျင်နိကာယသာသနာဝင်ကျမ်း

၆။ ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း(ပထမအုပ်) ။

# ဝိနည်းမိုရ် တေဇဝ်ရ အရှင်ဥပါလိမထေရ်မြတ်၏ ထေရာပဒါန်ကို ကြည်ညိုပူဇော်ခြင်း

## (၁)

ထေရာပဒါန်ဟူသည်ကား ဗုဒ္ဓခေတ် ရဟန္တာအရှင်မြတ်ကြီးတို့၏ အကောင်းအဆိုး အဖြစ်အပျက် အကြောင်းအရာများကို မထေရ်မြတ်တို့ကိုယ်တော်တိုင် ဂါထာများဖြင့် ရွတ်ဆိုဖော်ပြတော်မူချက် (ဖော်ပြသော ကျမ်းစာ)ပင် ဖြစ်ပါသည်။ (ထေရာ ပဒါန =ထေရ–ထေရ်၏+အပဒါန–အပဒါန်) အပဒါနဟူသော သဒ္ဒါသည် အကြောင်း အတ္ထုပ္ပတ္တိဟူသောအနက်ကို ဟောပါသည်။

ရဟန္တာမထေရ်မြတ်ကြီးတို့သည် မိမိတို့ ခံစားရရှိအပ်သော မင်္ဂချမ်းသာ ဖိုလ်ချမ်းသာကို ဝမ်းသာရွှင်မြူး ဥဒါန်းကျူးရင့်သောအားဖြင့် ဖြစ်စေ မိမိတို့၏ ပါရမီဖြည့်ကျင့်ခဲ့ပုံ၊ နိဗ္ဗာန်ကိုရှာဖွေခဲ့ပုံ၊ ဘုရားရှင်တို့ကို ဖူးတွေ့ခဲ့ရပုံ၊ သံသရာ၌ ဘဝယုတ်မြတ် ကျင်လည်ခဲ့ရပုံ၊ ဘုရားရှင်တို့၏ တန်ခိုးအာနုဘော်ကြီးမြတ်ပုံ,သာသနာတော်နှင့် ရဟာနာသုံးပါးတို့၏ ဂုဏ်တော်ကျေးဇူးတော် အဖုံဖုံ စသည်တို့ကို ဖော်ပြလျက်ဖြစ်စေ ဂါထာများဖွဲ့သီ၍ ရွတ်ဆိုကျူးရင့်တော်မူခဲ့ကြပါသည်။

အရှင်ဥပါလိမထေရ်မြတ်သည်ကား မိမိ၏ ထေရာပဒါန်၌ ဘုရားရှင်ကို လျှောက်ထားသည့် အနေဖြင့်လည်းကောင်း၊ ပရိသတ်

များကို ဆုံးမသည့် အနေဖြင့်လည်းကောင်း၊ မိမိဘာသာ အားရွှင်မြူး ဥဒါန်းကျူးရင့်သောအနေဖြင့်လည်းကောင်း ဂါထာပေါင်း၁၅၅-ဂါထာ တို့ကို ရွတ်ဆိုတော်မူခဲ့ပါသည်။

အရှင်မြတ်၏ ထေရာပဒါန်သည်ကား ဤသာသနာတော်၌ အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ ထေရာပဒါန်အောက် အခမ်း နားဆုံး၊အပြည့်စုံဆုံးဟု ဆိုနိုင်ပါသည်။ ဤ၌ အရှင်မြတ်၏ အပဒါန် လာ ဂါထာများ ကောက်နုတ်ချက်မြန်မာပြန်ကို ဖော်ပြထားပါသည်။

ဗုဒ္ဓသာသနာဝင် မြန်မာစာတော်ဖတ်ပရိတ်သတ် အများစုသည် အရှင်ဥပါလိထေရ်မြတ်၏ သက်တော်ထင်ရှား (ပထမသင်္ဂါယနာ တင်ရာ ကာလအထိ) သာသနာပြုပုံ ဖြစ်တော်စဉ် ဘဝသမိုင်းကို အပြည့်အစုံလောက်နီးပါး သိရှိကြည်ညိုနေကြသော်လည်း ထို၏ နောက်ပိုင်း (အရှင်ဥပါလိ၏ သာသနာ့သမိုင်း ဒုတိယပိုင်း)ကို သတိမူ မိကြမည် မထင်ပေ။ သတိမမူကြသော်လည်း ထိုအပိုင်းသည် ပို၍ပင် တောက်ပပါသေးသည်။ထိုစကား ဆိုသင့်စွ၊ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင် ပြီးနောက် မဇ္ဈိမဒေသ(အိန္ဒိယ) သာသနာတော်သည် အရှင်ဥပါလိ၏ ပခုံးပေါ်၌ လုံးလုံးလျားလျား ကျရောက်တည်မှီခဲ့သော ကာလတစ်ခုရှိ ခဲ့ဖူးပါသည်။ ထိုကာလသည် အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ စသော မထေရ်ကြီးတို့ ပရိနိဗ္ဗာန်စံဝင်ပြီးချိန် သို့မဟုတ် အလွန် အိုမင်းရင့်ရော်တော်မူကြသောကြောင့် သမာပတ်ဖြင့် ချမ်းချမ်းသာ သာ နေတော်မူကြချိန် ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဗုဒ္ဓခေတ်နောက် ပိုင်း အိန္ဒိယသာသနာဝင်ကို အရှင်ဥပါလိထေရ်ကို အစပြု၍ ရေတွက်ခဲ့ ကြရပါသည်။ မဇ္ဈိမဒေသ မထေရ်မြတ်တို့၏ ထေရ်စဉ်သာသနာဝင် ၅-ဆက်သည် အရှင်ဥပါလိနှင့် ယင်းမထေရ်မြတ်၏ တပည့်အစဉ် အဆက်များ ဖြစ်ကြသည်ဟု မှတ်တမ်းရှိပါသည်။ယင်းမှတ်တမ်းသည် သင်္ဂါယနာဝင် ရေးအဋ္ဌကထာ မှတ်တမ်းဖြစ်သောကြောင့် အလွန်

ခိုင်မာတိကျပါသည်။

မဇ္ဈိမဒေသ သာသနာဝင် ၅-ဆက်ဟူသည်မှာ-

အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ၊ အရှင်ဥပါလိ ဤသုံးပါးတို့ ပထမသင်္ဂါယနာတင်တော်မူကြကာ တစ်ပြိုင်နက်သာသနာပြုတော်မူခဲ့ကြသည့်နောက်ပိုင်း....

**၁။အရှင်ဥပါလိထေရ်။**
**၂။အရှင်ဥပါလိထေရ်၏တပည့် အရှင်ဒါသကထေရ်။**
**၃။အရှင်ဒါသကထေရ်၏တပည့် အရှင်သောဏကထေရ်။**
**၄။အရှင်သောဏကထေရ်၏တပည့် အရှင်သိဂ္ဂဝထေရ်နှင့် အရှင်စဏ္ဍဝဇ္ဇီထေရ်။**
**၅။အရှင်သိဂ္ဂဝထေရ်နှင့် အရှင်စဏ္ဍဝဇ္ဇီထေရ်တို့၏တပည့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်။**

အရှင်ဥပါလိထေရ်မှစ၍ အာစရိယပရမ္ပရအဆက်ဆက်တို့သည်ကား ဝိနည်းပိဋကမျှကိုသာ ဆောင်တော်မူခဲ့ကြ၊ ပို့ချတော်မူခဲ့ကြသည် မဟုတ်ပါ။ ငါးရပ်သောနိကာယ်တို့ကိုလည်းကောင်း, အဘိဓမ္မာ (၇)ကျမ်းတို့ကိုလည်းကောင်း ဆောင်တော်မူခဲ့ ပို့ချတော်မူခဲ့ကြကြောင်း 'နိကာယေ ပဉ္စ ဝါစေသုံ၊ သတ္တစေဝ ပကာရဏေ'ဟု ပေထက်အက္ခရာတင် (စတုတ္ထသံဂါယနာတင်) ရဟန္တာအရှင်မြတ်များက မှတ်တမ်းတင်တော်မူခဲ့ကြပါသည်။

"ဝိ၊ ၅၊ ၂။ ဝိ၊ ဋ္ဌ၊ ၄၊ ၁၃၉ နှင့် ယင်းအဖွင့် ဝိနည်းဋီကာများ"

(၁) **အရှင်ဥပါလိထေရ်**သည် မြတ်စွာဘုရားမျက်မှောက်တော်၌ ဝိနယ(ဓမ္မလည်းပါဝင်)သာသနာကို ကိုယ်တိုင်နာကြား သင်ယူခဲ့၍ တပည့်ပရိသတ်တို့အားလည်း ပို့ချသင်ကြားတော်မူရာ ဝိနည်းကျွမ်းကျင် ပညာရှင်တပည့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့ကား မရေတွက်နိုင်အောင် များပြားကုန်၏။ ဝိနည်းမိုရ်ရဟန္တာသည်ပင် ၁၀၀၀-မျှရှိကြောင်း အဋ္ဌကထာမှတ်တမ်းရှိပါသည်။

(၂) **အရှင်ဒါသကထေရ်**သည် အရှင်ဥပါလိထေရ်၏ ဥပဇ္ဈာယ်ယူ အတူနေတပည့်ဖြစ်ပါသည်။ အရှင်ဥပါလိထံတော်၌ ဝိနည်းပိဋကကို အာစရိယမုဋ္ဌိ လက်ဆုပ်ရအောင် သင်ယူ၍ အရှင်ဥပါလိအနီး၌ ပင်နေလျက် ဝိနည်းကို ပို့ချတော်မူပါသည်။ ထိုအရှင်ဒါသကထံ၌ ဝိနည်းပိဋကကို သင်ယူ၍ တတ်မြောက်ကျွမ်းကျင်ကြသော ပုထုဇဉ် ရဟန်းစသော ရဟန်းတော်တို့သည် မရေတွက်နိုင်အောင် များကုန်၏။ ရဟန္တာတို့သည်ပင် ၁၀၀၀-ရှိသည်ဟု ဆိုပါသည်။

ဝေသာလီပြည်သားဖြစ်သော အရှင်ဒါသကသည် ၁၂နှစ်အရွယ်ကပင် ဝေဒပါရဂူ ဖြစ်ခဲ့ပါသည်။ ဝေသာလီပြည် ဝါလိကာရုံကျောင်းတိုက်၌ အရှင်ဥပါလိထံ ချဉ်းကပ်၍ ဗေဒင်ကျမ်းဆိုင်ရာခဲရာခဲဆစ်တို့ကို မေးလျှောက်ပြီးနောက် ဗုဒ္ဓမန္တန်ကို သင်ယူခွင့်ရရန် တပည့် ၃၀၀-တို့နှင့်အတူ အရှင်ဥပါလိထံ၌ ရှင်သာမဏေ ပြုကြပါသည်။ အသက် ၂၀-တွင် ရဟန်းဘောင်သို့ တက်ကြပါသည်။ အရှင်ဒါသကသည် ရဟန်းဖြစ်ပြီးနောက်၌ အာသဝေါကင်းကွာ၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူပါသည်။ အရှင်ဥပါလိထေရ်သည် အရှင်ဒါသကကို ပဓာနပြု၍ ရဟန်း ၃၀၀-တို့ကို ပိဋကတ်သုံးပုံကို သင်ကြားပို့ချပေးတော်မူပါသည်။

(၃) **အရှင်သောဏကထေရ်**သည် ဗာရာဏသီပြည်၏ တစ်ဖက်ကမ်း ကာသိတိုင်းသား၊ ကုန်သည်မျိုးရိုးဖြစ်ပါသည်။၁၅-နှစ်

အရွယ်၌ မိဘများနှင့်အတူ ရာဇဂြိုဟ်မြို့သို့ ကုန်ရောင်းသွားခဲ့ပါသည်။ အရှင်ဒါသကထေရ်ကို ဝေဠုဝန်ကျောင်းတော်တွင် ဖူးတွေ့ရ၍ အလွန်ကြည်ညိုသဖြင့် မိဘများထံ အစာငတ်ခံပြီး ရဟန်းပြုခွင့်တောင်းကာ သူငယ်ချင်း ၅၅-ယောက်နှင့်အတူ သာမဏေဝတ်ကြပါသည်။ ထို့နောက် ရဟန်းဖြစ်ကြပြီးလျှင် မကြာမီ ရဟန္တာဖြစ်ကြပါသည်။ အရှင်ဒါသကထေရ်သည် အရှင်သောဏအား မြတ်စွာဘုရား၏ ဒေသနာအားလုံးကို သင်ကြားပို့ချတော်မူလေသည်။ အရှင်သောဏထေရ်သည်လည်း ဂဏပါမောက္ခကြီးတစ်ဆူအဖြစ်ဖြင့် များစွာသော တပည့်ရဟန်းတို့အား သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို သင်ကြားပို့ချတော်မူလေသည်။

(၄) **အရှင်သိဂ္ဂဝ**သည် အမတ်ကြီးသားဖြစ်၍ **အရှင်စဏ္ဍဝဇ္ဇီ**သည် သူဌေးသားဖြစ်ပါသည်။ နှစ်ဦးလုံး ပါဋလိပုတ်မြို့သားများဖြစ်ကြပါသည်။ တစ်နေ့သ၌ သိဂ္ဂဝလုလင်နှင့် စဏ္ဍဝဇ္ဇီလုလင်တို့သည် ပါဋလိပုတ်မြို့ ကုက္ကုဋာရုံကျောင်းတိုက်သို့ သွားကြရာ အရှင်သောဏထေရ် နိရောဓသမာပတ် ဝင်စားတော်မူနေသည်ကို အနီးကပ်ဖူးမြင်ကြရသည်။ အားရကြည်ညိုလှသဖြင့် ထိုလုလင်နှစ်ယောက်တို့သည် မိဘများထံခွင့်ပန်ကာ အဖော်၅၀၀တို့နှင့်အတူ အရှင်သောဏထေရ် အထံတော်၌ ရှင်ရဟန်းပြုကြပါသည်။ အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီထေရ်တို့သည် အရှင်သောဏထေရ်ထံ၌ပင် ဓမ္မဝိနယ သာသနာတော်ကို သင်ကြားကြကုန်၍ နောက်အဖို့၌ ဆဠဘိညာရဟန္တာကြီးများအဖြစ်သို့ ရောက်ကြလေကုန်၏။

(၅) **အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်**အကြောင်းကို အကျဉ်းရုံး၍ သိသာရုံမျှ ဖော်ပြပါမည်။ သာသနာနှစ် ၁၀၀-၌ ဝေသာလီပြည်တွင် ဝဇ္ဇီတိုင်းသားရဟန်းတို့ အဓမ္မဝတ္ထု ၁၀-ပါးကို ဟောပြော ကျင့်သုံးနေကြ၏။ ထိုသတင်းကို ကြား၍ အရှင်

ယသထေရ် (ဒုတိယသင်္ဂါယနာ၏ ပဓာနရှေ့ဆောင်ဖြစ်လတ္တံ့သော ထေရ်)ဝေသာလီသို့ ကြွရောက်လာ၊ ထိုရဟန်းတို့အား မအပ်ကြောင်း ဟောပြော၊ ထိုရဟန်းတို့က အရှင်ယသကို နှင်ထုတ်ကြကုန်အံ့ဟု စည်းဝေးကုန်စဉ် အရှင်ယသထေရ်မြတ်သည် ကောင်းကင်ခရီးဖြင့် ကောသမ္ဘီသို့ ကြွတော်မူ၏။

ထို့နောက် အရှင်ယသသည် ပါဝေယျကတိုင်းနှင့် အဝန္တိ ဒက္ခိဏာပထတိုင်းတို့ရှိ သံဃာများထံ တမန်များစေလွှတ်၍ ဤ အဓိကရုဏ်းကို ငြိမ်းအောင်ပြုကြရန် သံဃာစုတော်မူပါသည်။ အဟောဂင်္ဂါတောင်၌ သီတင်းသုံးတော်မူသော အရှင်သမ္ဘူတ ထေရ်၊ သောရေယျအရပ်၌ သီတင်းသုံးတော်မူသော အရှင်ရေဝတထေရ် (ဓမ္မဓရ၊ဝိနယဓရ၊လဇ္ဇီပေသလ၊သိက္ခာကာမ)တို့၏ အားပေးထောက်ခံ မှုကို ရယူတော်မူ၊ ထိုအချိန်၌ ဝါတော် ၁၂၀–ရှိ အရှင်သဗ္ဗကာမီ မဟာထေရ်ကြီး (အရှင်အာနန္ဒာ၏ သဒ္ဓိဝိဟာရိကတပည့်ရင်း)သည် ဝေသာလီ၌ သီတင်းသုံးနေ၊ အရှင်ရေဝတ အရှင်သမ္ဘူတတို့သည် အရှင်သဗ္ဗကာမီမဟာထေရ်ကြီးထံ ညအိပ်ဆည်းကပ်ကာ အကြောင်း အကျိုးပြ၍ လျှောက်ထားကြ၊ နောက်ဆုံး၌ ဝေသာလီပြည် ဝါလိကာရုံ ကျောင်းတိုက်သို့ အားလုံးကြွရောက် စည်းဝေးတော်မူကြသည်။ ထို သံဃာ့အစည်းအဝေးကြီး၌ အရှင်ရေဝတက မေးလျှောက်၍ အရှင် သဗ္ဗကာမီမဟာထေရ်က ဖြေဆိုသည့်အတိုင်း သံဃာတော်က ၁၀– ပါးသော အဓမ္မဝတ္ထုတို့ကို ပယ်ချကာ အတည်ပြုဆုံးဖြတ်ပြီး အဓိ ကရုဏ်းကို ငြိမ်းအေးစေပြီးလျှင် ထိုမဟာထေရ်ကြီးတို့သည် တိပိဋက ဓရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီး (၇၀၀)တို့ကို ရွေးကောက်တော်မူကြ၍ ဒုတိယသင်္ဂါယနာ တင်တော်မူခဲ့ကြပါသည်။

ထိုဒုတိယသင်္ဂါယနာတင်ပွဲ၌ ပါဝင်တော်မူကြသော မထေရ် ကြီးတို့တွင် အရှင်သဗ္ဗကာမီ၊ အရှင်သာဠှ၊ အရှင်ရေဝတ၊ အရှင်

ခုဇ္ဇသောဘိ, အရှင်သာဏသမ္ဘူတ ၅-ပါးတို့သည် အရှင်အာနန္ဒာ၏ သဒ္ဓိဝိဟာရိက တပည့်ရင်းတို့ ဖြစ်ကြပါသည်။ အရှင်သုမန, အရှင် ဝါသဘ မဟာထေရ် နှစ်ပါးတို့သည် အရှင်အနုရုဒ္ဓါ၏ (သဒ္ဓိဝိဟာရိက =ဥပဇ္ဈာယ်ယူအတူနေ) တပည့်များ ဖြစ်ကြပါသည်။ ထိုမထေရ် ၇-ပါးတို့သည်ကား ဘုရားရှင်ကို မီလိုက်၍ ဖူးမြင်ကြရသော အရှင်မြတ် တို့ပင်တည်း။ ထိုသင်္ဂါယနာ၌ **အရှင်ဒါသက, အရှင်သောဏ**တို့လည်း ပါဝင်ကြလိမ့်မည်ဟု ပညာရှိတို့ ယုံကြည်ကြပါသည်။ **အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီ**တို့မှာကား ရဟန်းငယ်များဖြစ်ကြ၍ ပါဝင်ခွင့်မရကြဘဲ တတိယသင်္ဂါယနာ အတွက်သာ ကြိုတင်တာဝန်ပေးအပ်ခြင်း ခံကြ ရပါသည်။

ဒုတိယသင်္ဂါယနာ၏ ဦးစီးရှေ့ဆောင်ဖြစ်တော်မူကြသော အရှင်ယသ၊ အရှင်သဗ္ဗကာမီ၊ အရှင်ရေဝတစသော မဟာထေရ်တို့ သည် သင်္ဂါယနာကိစ္စ ပြီးသောအခါ 'အနာဂတ်ကာလ၌ ယခုကဲ့သို့ သာသနာ့အန္တရာယ်ပေါ်ဦးမည်လော'ဟု အနာဂတံသဉာဏ်တော်ဖြင့် ကြည့်တော်မူကြ၊သာသနာနှစ်၂၁၈,သိရီဓမ္မာသောက မင်းတရား လက်ထက်တွင် တိတ္ထိတို့ သာသနာတော်တွင်း ဝင်ရောက်ပူးသတ်မူ ကြောင့် သာသနာတော်၌ ကြီးစွာသော အန္တရာယ်ဖြစ်မည်ကို မြင် တော်မူကြ၊ ယင်းသာသနာ့အန္တရာယ်ကို ငြိမ်းစေခြင်းငှါ စွမ်းနိုင်မည့် သူကို ကြည့်ရှုကြရာ တိဿဗြဟ္မာကြီးကိုမြင်၍ ဗြဟ္မာ့ပြည်သို့ ကြွ တော်မူကြကာ တိဿဗြဟ္မာကြီးကို တိုက်တွန်းတော်မူကြသည်။ ဗြဟ္မာကြီးလည်း ''ငါသည် မြတ်စွာဘုရားသာသနာတော်၌ ဖြစ်ပေါ် လာလတ္တံ့သော ဘေးအန္တရာယ်ကို သုတ်သင်ရှင်းလင်း၍ သာသနာ တော်ကို ချီးမြှောက်နိုင်မည်''ဟု ဝမ်းပန်းတသာ လက်ခံလိုက်လေ သည်။

မထေရ်မြတ်တို့သည် အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီတို့ကို

တိဿသူငယ်ကို စောင့်ရှောက်ရန် တာဝန်ပေးတော်မူကြ၏။ ထို မထေရ် ၂-ပါးသည် သီတင်းငယ်(ဝါငယ်)များဖြစ်ကြသော်လည်း တိပိဋကဓရ၊ ပဋိသမ္ဘိဒါပတ္တ၊ ခီဏာသဝတို့ပင်ဖြစ်ကြ၏။

အရှင်ယသ စသော မထေရ်ကြီးတို့က "ငါ့ရှင်တို့.. အသင်တို့ သည် ယခုပြီးခဲ့သော အဓိကရဏ်းကိစ္စ၌ အကူအညီမပြုခဲ့ကြ၊ သို့ဖြစ်၍ သင်တို့ကို ဒဏ်ထားခဲ့မည်။ တိဿပြဟ္မာသည် မောဂ္ဂလိ ပြဟ္မာဏအိမ်၌ ပဋိသန္ဓေတည်နေလိမ့်မည်။ တိဿသူငယ်ကို တစ်ဦးက သာမဏေဖြစ်အောင် ဆောင်ရွက်၍၊ တစ်ဦးက ပိဋကတ်သုံးပုံကို သင်ကြားပေးရမည်"ဟု ဒဏ်ထားတော်မူကြကာ အာယုကပ်ပတ် လုံး တည်နေတော်မူကြပြီးနောက် ပရိနိဗ္ဗာန်စံဝင်ကြလေကုန်၏။ထို အရှင်သိဂ္ဂဝ၊အရှင်စဏ္ဍဝဇ္ဇီမထေရ် ၂-ပါးတို့၏ ကျရောက်သောတာဝန် ကို ကျေပွန်စွာဆောင်ရွက်မှုဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿဟူသည့် တိပိဋကဓရ၊အဂ္ဂဒက္ခိဏေယျ ရဟန္တာအရှင်မြတ် ပေါ်ထွန်းလာရပါသည်။

**အရှင်ဥပါလိထေရ်မြတ်၏ ပဥ္စမမြောက်တပည့် အရှင် မဟာမောဂ္ဂလိပုတ္တတိဿထေရ်နှင့် သီရိဓမ္မာသောက မင်း တရားကြီးတို့ ဆရာ,ဒကာလက်တွဲ၍** တတိယသင်္ဂါယနာ မဟာ မှတ်တိုင်ကြီး စိုက်ထူတော်မူခဲ့ကြ၊ ကိုးတိုင်း ကိုးဌာန သာသနာပြု သမိုင်းမော်ကွန်းတော်ကြီး ရေးထိုးတော်မူခဲ့ကြ၊ ယင်းကဲ့သို့ ကိုးတိုင်း ကိုးဌာန သာသနာပြုဖြန့်ချိရာတွင် နောက်ဆုံးပိတ်အဖွဲ့လည်းဟုတ်၊ အကြီးမားဆုံးသော အောင်မြင်မှုကိုလည်း ထောင်စုနှစ်နှင့်ချီ၍ ဖြစ်ထွန်းစေခဲ့သော အဖွဲ့ကား သီဟိုဠ်အဖွဲ့ပင် ဖြစ်ပါသည်။ ထိုအဖွဲ့၏ ခေါင်းဆောင်ထေရ်ကား **အရှင်ဥပါလိထေရ်မြတ်၏ ဆဋ္ဌမမြောက် တပည့် အရှင်မဟိန္ဒထေရ်** (သီရိဓမ္မာသောက မင်းတရား၏ သား တော်)တည်း။ ထိုအရှင်မဟိန္ဒနှင့် တပည့်သာဝက သာဝိကာ အဆက် ဆက်တို့၏ ကြီးမားသော စွမ်းပကားကြောင့် (အိန္ဒိယ၌ သာသနာ

ဆုတ်ယုတ်သွားချိန်တွင်) သီဟိုဠ်သည် ကမ္ဘာပေါ်၌ ဒုတိယမြောက် ဓမ္မနိုင်ငံတော် ဖြစ်လာခဲ့ရပါသည်။ ရှစ်ခုမြောက် သာသနာပြုအဖွဲ့ သည် သုဝဏ္ဏဘူမိ (ရတနာရွှေမြေ)သို့ ကြွချီတော်မူလာခဲ့ကြပါသည်။ ထိုအဖွဲ့၏ ခေါင်းဆောင် အရှင်သောဏထေရ်နှင့် အရှင်ဥတ္တရထေရ် တို့သည်လည်း အရှင်ဥပါလိထေရ်မြတ်၏ တပည့်သာဝက အဆက် အနွယ်များပင် ဖြစ်လေမည်လားဟု တွေးမိပါသည်။ ဤမထေရ် နှစ်ပါးနှင့် တပည့်သာဝကများ၏ ဂုဏ်တော် ကျေးဇူးတော်တို့ကြောင့် လည်းကောင်း (သီဟိုဠ်သာသနာစောင့် မထေရ်တို့၏ ဂုဏ်တော် ကျေးဇူးတော်တို့ကြောင့်လည်းကောင်း)သုဝဏ္ဏဘူမိဝင် ဤရတနာ ရွှေမြေ မြန်မာပြည်သည် ယနေ့ကမ္ဘာ၌ တတိယမြောက် ဓမ္မနိုင်ငံတော် အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရှင်သန်ရပ်တည်လျက် ရှိပါသတည်း။

ဤကား အရှင်ဥပါလိ၏ သာသနာ့သမိုင်း ဒုတိယပိုင်းအကျဉ်း ချုပ်ပါတည်း။

(၂)

အရှင်မြတ်သည် ရဟန္တာဖြစ်လတ်၍ ထို့နောက်ကာလ ဝိနည်း တေဒဂ်ရချိန်တွင် ဝမ်းသာရွှင်ပြ ရွှေအိုးရသည့်ပမာ ဆိုလတ္တံ့သော ဂါထာ စကားတို့ဖြင့် ဘုရားရှင် ရှေ့တော်ပါးဝယ် လျှောက်ထား ချီးမွမ်းလေ သတည်း။

၁။ မြတ်စွာဘုရား. . . . အကျွန်ုပ် ဥပါလိသည် နှစ်၊ လ၊ နေ့၊ ရက်တို့ဖြင့် မရေတွက်နိုင်သော ကမ္ဘာတစ်သိန်းအထက် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်ကာလကို အစပြု၍ ရှင်ပင်ဘုရား၏ အဆုံးအမ(သာသနာ)တော်ကို တောင့်တခဲ့ပါ၏။ သံယောဇဉ် အလုံးစုံ ကုန်ခြင်း ဟုဆိုအပ်သော ထိုအကျိုးသို့ အကျွန်ုပ်ဥပါလိ အစဉ်

ရောက်အပ်ပါပြီ. . . . . ဘုရား။

❀ တံကျင်လျှိုထားအပ်သော မင်းပြစ်မင်းဒဏ်ဖြင့် ခြိမ်းခြောက်အပ်သော ယောက်ျားသည် တံကျင်၌ သက်သာရာကို မရသည်ဖြစ်၍ လွတ်မြောက်ခြင်းကိုသာ အလိုရှိသကဲ့သို့၊ ထို့အတူ သာလျှင်. . . . .

၂။ မဟာဝီရ– ကြီးမြတ်သော လုံ့လဝီရိယရှိတော်မူသော မြတ်စွာဘုရား. . အကျွန်ုပ်ဥပါလိသည် ဘဝတည်းဟူသော အပြစ်ဒဏ်ဖြင့် ခြိမ်းခြောက်အပ်သည်ဖြစ်၍ ကုသိုလ်ကံ အကုသိုလ်ကံတည်းဟူသော တံကျင်လျှိုအပ်သည်ဖြစ်၍ တဏှာဆာလောင် မွတ်သိပ်ခြင်းပြင်းပြစွာသော ဝေဒနာသည် နှိပ်စက်အပ်သည်ဖြစ်၍၊ မီး၃–ပါးတို့သည် လောင်အပ်သည်ဖြစ်၍ ဘဝ ၃–ပါး၌ သက်သာရာကို မရခဲ့ပါ။ မင်းဒဏ်သင့်သော ယောက်ျားကဲ့သို့ ဘဝမှလွတ်ခြင်းကို ရှာ၍လာခဲ့ပါသည်. . . . ဘုရား။

❀ အဆိပ်ကို စားမျိုမိသော ယောက်ျားကို အဆိပ်သည် ထက်ဝန်းကျင် ပူပန်နှိပ်စက်သည်ဖြစ်၍ ထိုယောက်ျားသည် အဆိပ်ကို ဖြေဖျောက်ခြင်းငှာ အကြောင်းဖြစ်သော ဆေးကောင်းကို ရှာမှီးရာပါ၏။

❀ ရှာမှီးသောယောက်ျားသည် အဆိပ်ကို ဖြေဖျောက်နိုင်သော ဆေးကောင်းကို တွေ့မြင်ရာပါ၏။ ထိုဆေးကောင်းကို သောက်မျို၍ အဆိပ်မှ ကင်းလွတ် ပြေပျောက်သဖြင့်၊ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသည် ဖြစ်ရာသကဲ့သို့၊ ထို့အတူသာလျှင်. . . . .

၃။ မဟာဝီရ– ကြီးမြတ်သော လုံ့လဝီရိယရှိတော်မူသော မြတ်စွာဘုရား. . . အကျွန်ုပ် ဥပါလိသည် အဆိပ်မိသောလူကဲ့သို့

အဝိဇ္ဇာမောဟသည် ပြင်းပြစွာနှိပ်စက်အပ်သည်ဖြစ်၍ သူတော်ကောင်းတရားတည်းဟူသော ဆေးတော်ကြီးကို ရှာမှီးခဲ့ပါပြီ ..ဘုရား။

❀ တရားဆေးကို ရှာသော အကျွန်ုပ်သည် အလုံးစုံသော ဆေးတို့ထက် မြတ်သော သာကီနွယ်စင် ရှင်ပင်ဘုရား၏ တရားအဆုံးအမတည်းဟူသော ဆေးတော်ကြီးကို တွေ့မြင်ရပါပြီ။ အလုံးစုံသော ငြောင့်၊ တံသင်းတို့ကို ပယ်ရှင်းနုတ်ထွင်တတ်သော တရားအဆုံးအမ တည်းဟူသော ဆေးကို သောက်မျိုရ၍ အလုံးစုံသော အဆိပ်ကို ပယ်နုတ်ရပါပြီ။ အကျွန်ုပ် ဥပါလိသည် အိုခြင်း၊ သေခြင်းမရှိသော အပူကင်းဝေး ချမ်းအေးခြင်းသဘောရှိသော နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် မြင်ရပါပြီ....ဘုရား။

❀ ဘီလူးနှိပ်စက်အပ်သော ယောကျ်ားသည် ဘီလူးဖမ်းစားခြင်းဖြင့် နှိပ်စက်ငြိုငြင် ပူပင်ဆင်းရဲသည်ဖြစ်၍ မြေဘုတ်ဘီလူးဘေးမှ လွတ်မြောက်ခြင်းငှာ ဘုတ်ဘီလူး ချွတ်သော ဆေးသမားကို ရှာမှီးရာပါ၏။ ရှာမှီးသောယောကျ်ားသည် ဘုတ်ဘီလူး ချွတ်ခြင်းအတတ်၌ လိမ္မာသောဆေးသမားကို တွေ့မြင်ရာပါ၏။ ထိုဆေးဆရာသည် ထိုဘုတ်ဘီလူး ဖမ်းစားအပ်သူ၌ ပူးကပ်သော ဘုတ်ဘီလူးတစ္ဆေကို ပယ်ဖျောက်ရာသကဲ့သို့ ဘုတ်ဘီလူး ဝင်ခြင်း၏ အကြောင်းရင်းနှင့်တကွဖြစ်သော အစွဲအလမ်းကို ဖျောက်ရာသကဲ့သို့၊ ထို့အတူသာလျှင်.....

၄။ မဟာဝီရ– ကြီးမြတ်သော လုံ့လဝီရိယရှိတော်မူသော မြတ်စွာဘုရား..အကျွန်ုပ် ဥပါလိသည် ကိလေသာအမိုက် ဖမ်းစားခြင်းဖြင့် နှိပ်စက်ငြိုငြင်၊ ပူပင်ဆင်းရဲသည်ဖြစ်၍ ကိလေသာအမိုက်မှ လွတ်ခြင်းငှာ ဉာဏ်ရောင်အလင်းကို ရှာမှီးခဲ့ပါပြီ...ဘုရား။

❀ ထိုအခါ၌ ကိလေသာအမိုက်မှောင်ကြီးကို ဖျက်ဆီး

သုတ်သင်ပေးတတ်သော ထိန်ထိန်လင်းပြောင် ဉာဏ်တော်ရောင်ဖြင့် တန်ဆောင်တိုင်ကြီးသဖွယ် သာကီနွယ်ဖွား ရှင်ပင်ဘုရားကို တွေ့မြင်ရပါပြီ။ ထိုသာကီနွယ်ဖွား ရှင်ပင်ဘုရားသည် အကျွန်ုပ် ဥပါလိ၏ ကိလေသာမှောင်မိုက်ကို ပယ်ဖျောက်တော်မူပါပြီ။ ဘုတ်ဘီလူး ချွတ်သော ဆေးဆရာသည် ဘုတ်ဘီလူး ပူးဝင်သောရောဂါကို ပယ်နုတ်သကဲ့သို့ပါတည်း။

❀ အကျွန်ုပ် ဥပါလိသည် သံသရာရေအယဉ်ကို ကောင်းစွာဖြတ်ပြီးပါပြီ။ တဏှာရေအယဉ်ကို တားမြစ်ပြီးပါပြီ။ ဘုတ်ဘီလူး ချွတ်သော ဆေးဆရာသည် ဘုတ်နာရောဂါကို အမြစ်၊ အရင်း၊ ပင်းနှင့်တကွ နုတ်ခွာပယ်ရှားသကဲ့သို့ အလုံးစုံသောဘဝကို အဝိဇ္ဇာ၊ တဏှာ ဟူသော အမြစ်အရင်းနှင့်တကွ ပယ်ခွါနုတ်ပြီးပါပြီဘုရား။

❀ ဂဠုန်ငှက်မင်းသည် မိမိ၏ အစာဖြစ်သော နဂါးကို ဖမ်းယူခြင်းငှာ အကြင်အရပ်၌ သက်ဆင်း၏။ထိုအရပ်မှ ထက်ဝန်းကျင် ယူဇနာတစ်ရာတိုင်တိုင် သမုဒ္ဒရာအိုင်ကြီးစွာကို တုန်လှုပ် ချောက်ချားစေပါ၏။

❀ ထိုဂဠုန်ငှက်မင်းသည် နဂါးကို ဖမ်းယူ၍ ဦးစောက်တွဲလဲ ပြုကာ ခါတွက်ညှဉ်းဆဲလျက် အလိုရှိရာအရပ်သို့ ယူဆောင်ဖဲခွာသွားသကဲ့သို့၊ ထို့အတူသာလျှင်. . . .

၅။ မဟာဝီရ– ကြီးမြတ်သော လုံ့လဝီရိယရှိတော်မူသော မြတ်စွာဘုရား. . . အကျွန်ုပ် ဥပါလိသည် ကြီးမားသော ခွန်အားဗလ ရှိသော ဂဠုန်ငှက်မင်းကဲ့သို့ နိဗ္ဗာန်ကို ရှာမှီးလျက် တစ်ထောင့်ငါးရာ ကိလေသာအပြစ်တို့ကို ခါတွက်သုတ်သင်ခဲ့ပါပြီဘုရား။

❀ အကျွန်ုပ် ဥပါလိသည် မြတ်သောတရားဖြစ်သော၊ အတု မရှိသော ပူပန်ခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန်တရားတော်မြတ်ကို

သိမြင်ရပါပြီဘုရား။

❁ ဂဠုန်ငှက်မင်းသည် နဂါးကို ဖမ်းယူ၍ နဂါးအဆီကို သောက်မျိုကာ ဆာမွတ်ပျောက်ပြေ ချမ်းသာစွာနေလေသကဲ့သို့ ထို နိဗ္ဗာန်တရားကို မဂ်ဉာဏ်ဖြင့်ယူ၍ နိဗ္ဗာန ရသကို ဖိုလ်ဉာဏ်ဖြင့် သုံးဆောင်ခံစားလျက် တဏှာကင်းလွတ် ဆာမွတ်ပျောက်ပြေ ချမ်းသာစွာနေရပါပြီ. . . ဘုရား။

❁ အာသာဝတီ မည်သောနွယ်သည် စိတ္တလတာဥယျာဉ်၌ ပေါက်ရောက်ပါ၏။ထိုအာသာဝတီနတ်ပန်းနွယ်သည် အနှစ်တစ်ထောင် ကြာမြင့်မှ တစ်ကြိမ်သာ အသီးသီးပါ၏။ ထိုမျှလောက် အနှစ်တစ် ထောင်ကြာမြင့်မှ အသီးသီးသော ထိုအာသာဝတီနွယ်နီသီးကို တာဝတိံသာ နတ်တို့သည် ချဉ်းကပ်ကြပါကုန်၏။ နွယ်တို့တွင် အမြတ်ဆုံးဖြစ်သော ထိုအာသာဝတီနတ်ပန်းနွယ်ကို နတ်တို့သည် သို့စဉ်ကလောက် (ဤမျှလောက်ပင်) ချစ်မြတ်နိုးအပ်ပါကုန်၏။

၆။ မုနိ– မုနိ ၅ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ် ဥပါလိသည် ကမ္ဘာတစ်သိန်းကိုအစပြု၍ ရှင်ပင်ဘုရားကို စိတ်ရည်မှန်းလျက် ခရမ်းဆည်းကပ်ပါ၏။ ညဉ့်၊ နံနက် ရှိခိုးပူဇော် ပါ၏။နတ်တို့သည် အာသာခင်မင် နတ်ပန်းပင်ကို ချဉ်းကပ် လုပ်ကျွေး ကုန်သကဲ့သို့ပါ. . . ဘုရား။

❁ ရှင်ပင်ဘုရားကို မှန်းထားလုပ်ကျွေးခြင်းသည် အကျိုး မမြုံပါ။ ရှိခိုးခြင်းသည်လည်း အချည်းနှီးမဖြစ်ပါ။ တစ်သိန်းကမ္ဘာ ရှည်ဝေးစွာက လာခဲ့ရသည်ဖြစ်ပါလျက် ရှင်ပင်ဘုရား ပွင့်တော်မူရာ ဤဗုဒ္ဓုပ္ပါဒ ခဏသည် အကျွန်ုပ်ဥပါလိကို မလွဲချော်စေပါ . . . . . ဘုရား။

❁ အကျွန်ုပ် ဥပါလိသည် ဘဝတို့ကို စူးစမ်းဆင်ခြင်လတ်

သော် နောင်ဘဝ၌ ဖြစ်ရမည့် ပဋိသန္ဓေကို မမြင်ရပါပြီ။ခန္ဓာကိလေသာ ဟူသောဥပဓိ မရှိတော့ပါ။ ကိလေသာတို့နှင့် မယှဉ်သည်ဖြစ်၍ ကိလေသာဟူ အပူခပ်သိမ်း ငြိမ်းသည်ဖြစ်၍ အကျွန်ုပ် ဥပါလိ သွားလာနေထိုင်ရပါပြီ်....ဘုရား။

❀ အထပ်တစ်ရာပဒုမ္မာကြာပန်းမည်သည် နေရောင်ခြည် တွေ့သဖြင့် ပွင့်သကဲ့သို့၊ ထို့အတူသာလျှင်....

၇။ မဟာဝီရ– ကြီးမြတ်သော လုံ့လဝီရိယရှိတော်မူသော မြတ်စွာဘုရား.... အကျွန်ုပ် ဥပါလိသည် မြတ်စွာဘုရား တရား ဒေသနာတော် ရောင်ခြည်ကို တွေ့သဖြင့် မှောင်ရိပ်မလွှမ်း မဂ်ဖိုလ်လှမ်း ၍ ပွင့်လန်းရပါပြီ....ဘုရား။

❀ ဖျိုင်းအောက်(ဖျိုင်းနှမ်း)မျိုး၌ အခါခပ်သိမ်း အဖိုမရှိပါ။ ထိုဖျိုင်းအောက်တို့သည် မိုးတို့ထစ်ကြိုးကုန်သည်ရှိသော် အခါခပ် သိမ်း ကိုယ်ဝန်ကို ယူကြပါကုန်၏။ မိုးမရွာသေးသရွေ့ ကာလပတ်လုံး ကြာမြင့်စွာလည်း ကိုယ်ဝန်ကို ဆောင်ကြပါကုန်၏။ မိုးရွာသော အခါ၌ကား ကိုယ်ဝန်မှ လွတ်မြောက်ပါကုန်၏။

❀ အကျွန်ုပ် ဥပါလိသည် တရားမိုးဖြင့် ချုန်းဟုန်း ထစ်ကြိုး သွန်းဖြိုးတော်မူသော ပဒုမုတ္တရ ဘုရားမြတ်၏ တရားတည်းဟူသော မိုးသံဖြင့် တရားတည်းဟူသောကိုယ်ဝန်ကို ဆောင်ယူခဲ့ပါပြီ။

❀ အကျွန်ုပ် ဥပါလိသည် ကမ္ဘာတစ်သိန်းကို အစပြု၍ ကောင်းမှုပါရမီ ကိုယ်ဝန်ကို လွယ်ဆောင်ခဲ့ရပါ၏။ တရားမိုး မရွာ သေးသရွေ့ တရားကိုယ်ဝန်မှ မလွတ်ရပါ။

၈။ သကျမုနိ– သာကီနွယ်ဖွား ရှင်ပင်ဘုရား.... ရှင်ပင် ဘုရားသည် နှလုံးမွေ့လျော်ဖွယ်ရှိသော ကပိလဝတ်ခေါ် နေပြည်တော်

၌ ဓမ္မမိုးဖြင့် ထစ်ကြိုးရွာသွန်းတော်မူပါ၏။ ထိုအခါ၌ အကျွန်ုပ် ဥပါလိသည် တရားကိုယ်ဝန်မှ လွတ်မြောက်ဖွားမြင်ရပါပြီ. . . ဘုရား။

❀ သုညတမဂ်ကိုလည်းကောင်း၊ အနိမိတ္တမဂ်ကို လည်းကောင်း၊ ထိုမှတစ်ပါး အပ္ပဏိဟိတမဂ်ကိုလည်းကောင်း၊ ဖိုလ် ၄-ပါး တို့ကို လည်းကောင်း၊ တရားအားလုံးတို့ကို အကျွန်ုပ် ဥပါလိသည် ဖြစ်စေသောအားဖြင့် မွေးဖွားပါပြီ. . . . ဘုရား။

❀ နှစ်၊ လ၊ နေ့၊ ရက်တို့ဖြင့် မရေတွက်နိုင်သော ကမ္ဘာ တစ်သိန်းကို အစထား၍ ရှင်ပင်ဘုရား၏ သာသနာတော်မြတ်ကို တောင့်တခဲ့ပါပြီ။ အကျွန်ုပ် ဥပါလိသည် ငြိမ်းအေးရာ နိဗ္ဗာန်ဟူသော အတုမဲ့အကျိုးကို အစဉ်ရအပ်ပါပြီ. . . . ဘုရား။

❀ ပဒုမုတ္တရဘုရားလက်ထက် ဝိနည်းဆောင် တေဒဂ်ရ သော ပါဠိကရဟန်းကဲ့သို့ ဝိနည်းပိဋကတော်၌ ကမ်းအဆုံးသို့ ရောက် ရပါပြီ။ အကျွန်ုပ်နှင့်တူမျှသော ဝိနည်းဆောင်ပုဂ္ဂိုလ်သည် မရှိပါ။ အကျွန်ုပ် ဥပါလိသည် သာသနာတော်ကို ရွက်ဆောင်ရပါ၏. . . . ဘုရား။

❀ ဥဘတောဝိဘင်း၌လည်းကောင်း၊ မဟာခန္ဓက၊ စူဠဝဂ္ဂခန္ဓက၊တိကသံဃာဒိသေသ် စသည်၌လည်းကောင်း ပရိဝါသ်လည်းကောင်း၊ ဝိနည်းငါးကျမ်း၌ အကျွန်ုပ် ဥပါလိအား ယုံမှားခြင်း မရှိပါ။ အက္ခရာပုဒ်ဗျည်းတို့၌လည်း ယုံမှားခြင်းမရှိပါ။

❀ (ပါပိစ္ဆရဟန်းကို) နှိပ်ခြင်း၌လည်းကောင်း၊ အာပတ်ကို ကုစားခြင်း၌လည်းကောင်း၊ အရာဟုတ်သည် မဟုတ်သည်၌ လည်းကောင်း လိမ္မာပါ၏။ (ကံငြိမ်းသောရဟန်းကို) သွင်းခြင်း၌ လည်းကောင်း၊ အာပတ်မှထစေခြင်း၌လည်းကောင်း အလုံးစုံသောအရာတို့၌ အထွတ်အထိပ်သို့ ရောက်ပါ၏။

❁ ဝိနည်း၌လည်းကောင်း, ခန္ဓက၌လည်းကောင်း အကျွန်ုပ် ဥပါလိသည် မာတိကာပုဒ်ကို ချထားလျက်ဝိနည်း၊ ခန္ဓက၂-ပါးစုံ၌ ဖြေရှင်းကာ နည်းကိုဆောင်၍ ကိစ္စအားဖြင့် သွင်းနိုင်ပါ၏။

❁ ဝေါဟာရ၌ အလွန်လိမ္မာ၏။ အကျိုးရှိ၊ မရှိ၌လည်း (တိုးပွါးခြင်း၊ ဆုတ်ယုတ်ခြင်း၌လည်း)လိမ္မာ၏။ အကျွန်ုပ်သည် မသိအပ်သော အရာမရှိ။ မြတ်စွာဘုရား သာသနာတော်၌ အကျွန်ုပ် တစ်ယောက်တည်းသာ ဝိနည်းအရာ၌ အမြတ်ဆုံးဖြစ်ပါ၏။

❁ ယခုအခါ၌ အကျွန်ုပ် ဥပါလိသည် သာကီဝင်မင်းသား မြတ်စွာဘုရား၏ သာသနာတော်၌ ဝိနည်းအဆုံးအဖြတ်၌ လိမ္မာပါ၏။ အလုံးစုံသော ယုံမှားမှုကို ပယ်ဖျောက်ပါ၏။ အလုံးစုံသော ယုံမှား သံသယကို ဖြတ်တောက်ပါ၏။

❁ ဗိုလ်ပါအင်အား ရဲမက်သားတို့နှင့် ပြည့်စုံသော ပြည့်ရှင်မင်းသည် စစ်သည်တစ်ဖက် ရန်အမျက်ကို တိုက်ဖျက်အောင်မြင်ပြီး၍ ကျုံး၊မြောင်း၊ မြို့ရိုး၊ ပြအိုး၊ပစွင်၊ တံခါးတိုင်၊ တံခါးမုခ်၊ ခရီးဆုံ၊ ခရီးခွ၊ လမ်းမ၊ လမ်းသေး၊ အိမ်၊ ဈေး၊ သဘင်စသော မြို့အင်္ဂါတို့နှင့် ပြည့်စုံသော မြို့ကြီးကို တည်ထောင် ဖန်ဆင်းပြီးလျှင် သူပုန်တို့ကို တားမြစ်ခြင်း၊ အပေါက်အကြားကိုသိခြင်း၊ ဗိုလ်ပါ စစ်သည်တို့ကို စောင့်ရှောက်ခြင်း၌ လိမ္မာကျွမ်းကျင်သူကို စစ်သူကြီးအရာ၌လည်းကောင်း၊ ရွှေငွေဘဏ္ဍာတို့ကို သိုမှီးသိမ်းဆည်းခြင်း၌ လိမ္မာကျွမ်းကျင်သူကို ရွှေတိုက်ဝန် ဘဏ္ဍာစိုးအရာ၌လည်းကောင်း၊ မင်း၏ စီးပွားကို အလိုရှိ၍ တရားဓမ္မသတ်တတ်သိသူကို တရားသူကြီး အမတ်အရာ၌လည်းကောင်း၊ ဥပ္ပါတ၊ နိမိတ္တ၊ လက္ခဏာကျမ်းတို့၌ လိမ္မာကျွမ်းကျင် ဗေဒင်သုံးပုံကို တတ်သိသော မင်းဆရာကို ပရောဟိတ်အရာ၌ လည်းကောင်း အသီးသီးခန့်ထား၍ မင်းစည်းစိမ်ကို ခံစားသကဲ့သို့....

❁ (မြတ်စွာဘုရားသည်) ငါးပါးသောမာရ်၊ တိတ္ထိတည်း

ဟူသော သူပုန်ရန်တို့ကို တွန်းလှန်ပယ်ရှားလျက် တရားမြို့တော်ကို တည်ထောင်ဖန်ဆင်းတော်မူ၍ နတ်လူလောကကို အစိုးရသော ဓမ္မ ရာဇာ မဟာဓမ္မရာဇ်မင်းတရား ဖြစ်ပါပေသည်ဘုရား။

❋ ထို တည်ထောင်ဖန်ဆင်းအပ်သော တရားမြို့တော်ကြီး၌ စတုပါရိသုဒ္ဓိသီလသည် တံတိုင်းမြို့ရိုးပေတည်း။ ရှင်ပင်ဘုရား၏ သဗ္ဗညုတစသော ဉာဏ်တော်သည် တံခါးမုခ်နှင့် တူပါ၏။

၉။ ဝီရ–လုံ့လဝီရိယရှိတော်မူသော မြတ်စွာဘုရား. . . . ရှင်ပင်ဘုရား၏ သဗ္ဗညုတဉာဏ်ကို ရကြောင်းသဒ္ဓါသည် တံခါးတိုင်ပါ တည်း။ ဒွါရခြောက်ဖုံ လုံအောင်စောင့်စည်းခြင်း (သံဝရ)သည်ကား တံခါးမှူးသဖွယ်ပါတည်း။

၁၀။ မုနေ–မုနိ ၅–ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား . . . . . သတိပဋ္ဌာန်လေးပါးသည် ရှင်ပင်ဘုရား၏ ပြအိုး ပစ္စင်ပါ တည်း။ပါဠိပ္ပဟာရိက စသော ပညာတော်သည် ရှင်ပင်ဘုရား၏ ခရီးဆို သဖွယ် ဖြစ်ပါ၏။ ဣဒ္ဓိပ္ပါဒ်လေးပါးသည်ကား ခရီးလမ်းမသဖွယ် ဖြစ်ပါ၏။ ရှင်ပင်ဘုရားသည် ဗောဓိပက္ခိယတရား ၃၇–ပါးသော လမ်းသေး၊ လမ်းမြွာတို့ကို ကောင်းစွာဖန်ဆင်းတော်မူအပ်ပါကုန်ပြီ ဘုရား။

❋ သုတ္တန်သည်လည်းကောင်း၊ အဘိဓမ္မာသည်လည်း ကောင်း၊ ဝိနည်းသည်လည်းကောင်း မြတ်စွာဘုရား၏ အင်္ဂါကိုးပါး ရှိသော စကားတော် အားလုံးသည်လည်းကောင်း ဤအလုံးစုံသည် ရှင်ပင်ဘုရား၏ တရားဆုံးဖြတ်ရာ လွှတ်ရုံးသဘင်ပါတည်း။

❋ သုညတဝိဟာရ (အနတ္တာနုပဿနာဖြင့်ရသောမဂ်) သည်လည်းကောင်း၊ အနိမိတ္တဝိဟာရ (အနိစ္စာနုပဿနာဖြင့် ရသော

မဂ်)သည်လည်းကောင်း၊ အပ္ပဏိဟိတဝိဟာရ (ဒုက္ခာနုပဿနာဖြင့် ရသောမဂ်)သည်လည်းကောင်း၊ အာနေဉ္စဝိဟာရ (တုန်လှုပ်ခြင်းမရှိသော ဖိုလ်၄-ပါး)သည်လည်းကောင်း ဤအလုံးစုံသည် ရှင်တော်ဘုရား၏ တရားစည်းစိမ်ခံစားရာ တရားရွှေနန်းတော်ကြီးပါတည်း။

❁ ပညာအားဖြင့် အမြတ်ဆုံးဟု ထားအပ်သည်ဖြစ်၍ လွတ်လွတ်ပြုအပ်သော ပညာကိစ္စ၌ လိမ္မာတော်မူသော အမည်အားဖြင့် အရှင်သာရိပုတ္တရာဟု ထင်ရှားသော မထေရ်သည်ကား ရှင်ပင်ဘုရား၏ တရားစစ်သူကြီးပါတည်း. . . . ဘုရား။

၁၁။ မုနေ - မုနိ ၅-ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား. . . . စုတိ၊ ပဋိသန္ဓေအရာ၌လိမ္မာ၍ တန်ခိုး၏ အထွတ်အထိပ်ရောက်ပြီးလျှင် အမည်အားဖြင့် ကောလိတဟု ထင်ရှားသော အရှင်မောဂ္ဂလာန် မထေရ်သည်ကား ရှင်တော်ဘုရား၏ ပုရောဟိတ်ပညာရှိပါတည်း။

၁၂။ မုနေ - မုနိ ၅-ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား. . . . ရှေးအရိယာတို့၏ အနွယ်အကျင့်ကို ဆောင်တတ်သော၊ ထက်မြက်သောတန်ခိုးအရှိန်အဝါရှိသော၊ ချဉ်းကပ်ဝံ့ခဲသော၊ ကိလေသာကို ခါတွက်ကြောင်း ကောင်းသောဓုတင်အကျင့်ကို ဟောပြောလေ့ရှိသော၊ ဓုတင်ဆောင်သော ဂုဏ်အားဖြင့် အမြတ်ဆုံးဖြစ်သော မဟာကဿပ မထေရ်သည် ရှင်ပင်ဘုရား၏ တရားအရာ လိမ္မာပွန်းတည်းတရားသူကြီးပါပေတည်း. . . . ဘုရား။

၁၃။ မုနေ-မုနိ ၅-ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား. . . . များသောအကြားအမြင်ရှိသော အာဂမာဓိဂမတရား

တို့ကို ဆောင်သော သာသနာတော်၌ ပိဋကတ်သုံးပုံအလုံးစုံကို အာဂုံ နှုတ်တက် ဆောင်ရွက်ရွတ်ဖတ်တတ်သော အမည်အားဖြင့် အရှင် အာနန္ဒာဟု ထင်ရှားသော မထေရ်သည်ကား တရားမင်းဖျား ရှင်ပင် ဘုရား၏ တရားဘဏ္ဍာစိုးပါပေတည်း ..... ဘုရား။

❀ သီလက္ခန္ဓ စသည် ကျေးဇူးဂုဏ်အထူးကို ဆည်းပူးရှာ မှီးတော်မူပြီးသော မြတ်စွာဘုရားသည် ထိုအလုံးစုံသော ဓမ္မသေနာ ပတိ အစရှိသော ပုဂ္ဂိုလ်မြတ်တို့ကို ကျော်လွန်၍ ပညာရှိဘုရားမြတ် သည် ဟောပြတော်မူအပ်သော ဝိနည်းအဆုံးအဖြတ်ကို အကျွန်ုပ် ဥပါလိအား တာဝန်လွှဲထား ပေးသနားတော်မူပါသည်။

❀ မြတ်စွာဘုရား၏ တစ်စုံတစ်ယောက်သော တပည့် သာဝကသည် ဝိနည်းအရာ၌ ပြဿနာကို မေးလာငြားအံ့၊ ထိုပြဿနာ ၌ အကျွန်ုပ်အား ကြံစည်တွေးတောရခြင်းမရှိဘဲ၊ ထိုအနက်သဘော ကိုပင်လျှင် ကောက်နုတ်ဖြေဆိုနိုင်ပါ၏။

❀ 'မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ္တ၊ ဂေယျ စသည်သွယ်ဖြာ အင်္ဂါကိုးပါးရှိသော ဘုရားအဆုံးအမတော် ရှိသမျှအားလုံးသည် ဝိနည်း၌ အကျုံးဝင်၏။ ဝိနည်းလျှင် အရင်းရှိ ၏'ဟူ၍ သိမြင်သော အကျွန်ုပ်၏ ရှေးကဆုပန် ကောင်းမှုကံကို ယထာကမ္မူပဂ– အတီတံသဉာဏ်တော်ဖြင့် ရှုမျှော်အောက်မေ့၍ သာကီဝင်မင်းတို့၏ ရှေ့သွားအမှူးဖြစ်တော်မူသော ဂေါတမနွယ်ဖွား ရှင်ပင်ဘုရားသည် ရဟန်းသံဃာအလယ်၌ ထိုင်နေတော်မူ၍ အကျွန်ုပ် ကို တေဒဂ်အရာ၌ ထားတော်မူပါပေပြီ။

❀ မြတ်စွာဘုရား.. အကျွန်ုပ် ဥပါလိသည် ကမ္ဘာတစ်သိန်း ကို အစပြု၍ တေဒဂ်ရာထူးကို တောင်းဆုပန်ခဲ့ပါပြီ။ ထိုဆုပန် တိုင်းသော အကျိုးသည် အကျွန်ုပ် ဥပါလိအား အစဉ်ရောက်ပါပြီ။ ဝိနည်းအရာ၌ အထွတ်အထိပ်သို့ ရောက်ရပါပြီ.... ဘုရား။

❀ အကျွန်ုပ် ဥပါလိသည် ရှေးလူဖြစ်စဉ်အခါ၌ သာကီဝင်မင်းတို့ကို နှစ်သက်စေတတ်သော ဆံမုတ်ဆိတ်ကို ပယ်ရိတ်သုတ်သင် ပြင်ဆင်တတ်သော ဆတ္တာသည်ကျွန်သည် ဖြစ်ရဖူးပါပြီ။ ထိုယုတ်ညံ့ဖျင်းဆိုး ဆတ္တာသည် ကျွန်ဇာတ်မျိုးကို စွန့်ပစ်ခဲ့၍ မြတ်စွာဘုရား၏ ရွှေရင်တော်နှစ် သားတော်စစ် ဖြစ်ရပါပြီဘုရား . . . ဟု လျှောက်ထားပြီးလျှင် ကျွန်မျိုး၌ ဖြစ်ရကြောင်း ဤဘဒ္ဒကမ္ဘာမှ အထက် နှစ်ခုမြောက်သောကမ္ဘာ၌ ပစ္စေကဗုဒ္ဓါကို ပြစ်မှားခဲ့ဟောင်း မကောင်းမှုကို ဖော်ပြပြီးလျှင် ဘုရားရှင့်ရှေ့တော်တွင် စည်းဝေးလာရောက်သော ပရိသတ်များကို ဟောကြားဆုံးမပြန်သတည်း။

ဤ၌ ကျွန်ဆိုသည်မှာ မင်းမျိုးမင်းနွယ်တို့က သာမန်အရပ်သား (ပြည်သူပြည်သား)တို့ကို ကျေးတော်မျိုး၊ ကျွန်တော်မျိုးဟု သုံးနှုန်းကြခြင်း ဖြစ်ပါသည်။

❀ ငြိမ်သက်သောစိတ်ရှိသော၊ တည်ကြည်သော၊ အလိုလိုပွင့်တော်မူသော အရှင်ပစ္စေကဗုဒ္ဓါကို စိတ်ဆိုးပြစ်မှားခဲ့၍ ထိုမကောင်းမှုကံကြောင့် ယခုဘဝ၌ ငါသည် ယုတ်ညံ့သော ဆတ္တာသည်မျိုးရိုး၌ ဖြစ်ရ၏။

❀ သင်တို့သည် ဘုရားပွင့်ရာကာလ'ဗုဒ္ဓုပ္ပါဒ နဝမခဏ' ကို မလွဲချော်ကြစေကုန်လင့်။ မှန်၏၊ မင်္ဂဖိုလ်ရမည့်ကာလ နဝမခဏကို ကုန်လွန်စေသောသူတို့သည် စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းရကုန်၏။ သင်တို့သည် မိမိ၏ အကျိုးစီးပွား၌ လုံ့လပြုကြကုန်လော့။ ကောင်းစွာကြိုးကုတ် အားထုတ်ကြကုန်လော့။ သင်တို့သည် ဘုရားပွင့်ရာကာလ 'ဗုဒ္ဓုပ္ပါဒ နဝမခဏ'ကို ပြီးပြည့်စေအပ်၏။

❀ ထိုဘုရားရှင်တို့သည် သည်းခံခြင်းဖြင့်လည်းကောင်း မညှဉ်းဆဲခြင်း ကရုဏာဖြင့်လည်းကောင်း၊ မေတ္တာစိတ်ရှိသည်၏ အဖြစ်ဖြင့်လည်းကောင်း နတ်နှင့်တကွသောလောကကို ကယ်တင်

တော်မူ၏။ ထို့ကြောင့် ထိုဘုရားရှင်တို့ကို ချွတ်ချော်တိမ်းပါး မပြစ်မှား အပ်ကုန်။

❀ ဘုရားရှင်တို့သည် လာဘ်ပေါခြင်း၊ လာဘ်ရှားခြင်း၌ လည်းကောင်း၊ မြတ်နိုးရှိသေခြင်း၊ မမြတ်နိုး မရှိသေခြင်း၌လည်း ကောင်း မတုန်လှုပ်ကုန်၊ မြေကြီးနှင့်အလား တူတော်မူကြကုန်၏။

❀ အသေသတ်မည် ကြံစည်အားထုတ်သော ဒေဝဒတ်၌ လည်းကောင်း၊ အသေခုတ်သတ် လက်ညှိုးဖြတ်မည်ဟု ကြံစည် ရှေးရှုလိုက်လာသော အင်္ဂုလိမာလ ခိုးသူ၌လည်းကောင်း၊ ရင်နှစ် သည်းခြာ သားတော်ရာဟုလာ၌လည်းကောင်း၊ သတ်မည်လာဘိ ဓနပါလ အမည်ရှိသော နာဠာဂီရိဆင်၌လည်းကောင်း၊ ခပ်သိမ်း သော သတ္တဝါတို့၌လည်းကောင်း မြတ်စွာဘုရားသည် တူမျှသော စိတ် ရှိတော်မူ၏။

❀ ထိုဆန့်ကျင်သောသူတို့အား အမျက်ထားခြင်းမရှိ။ ဤ မဆန့်ကျင်သောသူတို့အား တပ်နှစ်သက်ခြင်းမရှိ။ အသေသတ်မည် ကြံစည်အားထုတ်သောသူအားလည်းကောင်း၊ ရင်နှစ်သားတော်အား လည်းကောင်း၊ ခပ်သိမ်းသောသူတို့အားလည်းကောင်း မြတ်စွာဘုရား သည် ချစ်ခြင်းမခွ တူမျှသောစိတ် ရှိတော်မူ၏။

❀ မစင်လိမ်းကျံသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၏ အလံတံခွန်သဖွယ်ဖြစ်သော သင်္ကန်းကို လမ်းခရီး၌ စွန့်ထားအပ် သည်ကို မြင်လတ်သော် ဦးခေါင်း၌ လက်အုပ်ချီလျက် ရှိခိုးအပ်လှ ပေ၏။

❀ ရှေးလွန်လေပြီးကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်မြတ်တို့သည်လည်းကောင်း၊ ယခုဖြစ်ဆဲကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့သည်လည်းကောင်း၊ နောင်လာ လတ္တံ့ကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့သည်

လည်းကောင်း ဤဖန်ရည်စွန်းသော သင်္ကန်းအလံ အောင်တံခွန်ဖြင့် ကိလေသာညစ်ထေး သံသရာဘေးမှ ကင်းဝေးစင်ကြယ်တော်မူကြကုန်၏။ ထို့ကြောင့် ဤဖန်ရည်စွန်းသော သင်္ကန်းအလံ အောင်တံခွန်ကို ရှိခိုးထိုက်လှပေသတည်း။

ဤသို့ ပရိသတ်များကို ဟောကြားဆုံးမပြီး၍ မိမိရအပ်သော ဂုဏ်ကျေးဇူးကို လျှောက်တင်ပြန်သတည်း။

၁၄။ မြတ်စွာဘုရား.... အကျွန်ုပ် ဥပါလိသည် ရှင်ပင်ဘုရားနှင့် အလားတူသော ကောင်းမြတ်သောဝိနည်းကို နှလုံးဖြင့်ဆောင်ထားပါ၏။ အခါခပ်သိမ်းဝိနည်းကို ရှိခိုးလျက်နေပါအံ့။

❁ **ဝိနယော အာသယော မယှံ**= ဝိနည်းတရားတော်သည် အကျွန်ုပ် ဥပါလိ၏ နေရာ ကျောင်းပါတည်း။

**ဝိနယော ဌာန စင်္ကမံ**= ဝိနည်းတရားတော်သည် အကျွန်ုပ် ဥပါလိ၏ ရပ်တည်ရာ၊ စင်္ကြံသွားရာ အရပ်ပါတည်း။

**ဝိနယေ ဝါသံ ကပ္ပေမိ**= အကျွန်ုပ် ဥပါလိသည် ဝိနည်းတရားတော်၌ နေထိုင်ခြင်းကို ပြုပါ၏။

**ဝိနယော မမ ဂေါစရော**= ဝိနည်းတရားတော်သည် အကျွန်ုပ် ဥပါလိ၏ ကျက်စားရာအရပ်ပင် ဖြစ်ပါတော့သည်.. ဘုရား။

၁၅။ မဟာဝီရ– ကြီးမြတ်သော လုံ့လဝီရိယရှိတော်မူသော မြတ်စွာဘုရား.... ဝိနည်းအရာ၌ အထွတ်အထိပ်သို့ ရောက်သော အဓိကရုဏ်းလေးထွေကို ငြိမ်းစေတတ်သော သမထ (၇)ပါး၌လည်း အလွန်လိမ္မာသော သားတော်ဥပါလိသည် ဆရာဖြစ်တော်မူသော ရှင်ပင်ဘုရား၏ ခြေတော်အစုံ ကြာပဒုံကို ရှိခိုးပါ၏ဘုရား။

၁၆။ မဟာဝီရ–ကြီးမြတ်သော လုံ့လဝီရိယရှိတော်မူသော မြတ်စွာဘုရား…အကျွန်ုပ် ဥပါလိသည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်၏ ကောင်းသောတရား၏အဖြစ်ကို သိ၍ တရားတော်မြတ်ကိုလည်းကောင်း ရှိခိုးဦးညွှတ်လျက် တစ်ရွာမှ တစ်ရွာသို့ တစ်မြို့တစ်ပြည်မှ တစ်မြို့တစ်ပြည်သို့ လှည့်လည်သွားလာပါအံ့ ဘုရား။

၁၇။ မဟာဝီရ–ကြီးမြတ်သော လုံ့လဝီရိယရှိတော်မူသော မြတ်စွာဘုရား… အကျွန်ုပ် ဥပါလိသည် ကိလေသာတို့ကို ရှို့မြှိုက်စေအပ်ပါကုန်ပြီ။ အလုံးစုံသောဘဝတို့ကို ပယ်နုတ် ချုတ်ပစ်အပ်ပါကုန်ပြီ။ အလုံးစုံသော အာသဝေါတို့သည် ထက်ဝန်းကျင် ကုန်ခန်းပါကုန်ပြီ။ ယခုအခါ၌ တစ်ဖန်ဘဝသစ်၌ ဖြစ်ရခြင်း မရှိပါပြီဘုရား။

ဤသို့လျှောက်ထားပြီး၍ မြတ်စွာဘုရား ရှေ့တော်တွင် ဝမ်းမြောက်သော ဥဒါန်းစကားကို မြွက်ဆိုသီကျူးပြန်သတည်း။

❀ မြတ်စွာဘုရား၏ ထံတော်ပါးသို့ အကျွန်ုပ် ရောက်လာရခြင်းသည် စင်စစ်ကောင်းသောရောက်လာရခြင်းဖြစ်ပါ၏။ သုံးပါးသော ဝိဇ္ဇာဉာဏ်တို့သည် အစဉ်ရောက်လာပေကုန်ပြီတကား။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပေပြီတကား။

❀ လေးပါးကုန်သော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း၊ ရှစ်ပါးကုန်သော ဤမဂ်ဖိုလ်ဝိမောက္ခတို့ကိုလည်းကောင်း၊ အဘိညာဉ် ၆–ပါးကိုလည်းကောင်း မျက်မှောက်ပြုအပ် ရအပ်ပေကုန်ပြီတကား။

(၃)

❁ အရှင်မြတ်ဘုရား… အရှင်မြတ်ဘုရား၏ ထေရာပဒါန်သည် **အရှင်မြတ်၏ သက်ရှိရုပ်တုသဖွယ်ပါတည်း။** အရှင်မြတ်၏ ထေရာပဒါန်ကို ဖတ်ရှု ကြားနာရသည်မှာ အရှင်မြတ်ကို သက်တော်ထင်ရှား ဖူးတွေ့ရဘိသို့ အားရကြည်ညိုမဆုံး ဖြစ်ကြရပါသည် အရှင်ဘုရား။

❁ အရှင်မြတ်ဘုရား… အရှင်မြတ်၏ ထေရာပဒါန်သည်ကား ရဟန်းကိစ္စ နှစ်ဝရ၌ ပျင်းရိဆုတ်နစ်သူတို့အတွက် အာရဒ္ဓဝီရိယ(အားထုတ်အပ်သောလုံ့လရှိသည်)ကို ကောင်းစွာဖြစ်စေသော **နတ်ဆေးတော်ကြီးသဖွယ်ပါတည်း။**

❁ အသက်ထက် သီလကို ချစ်မြတ်နိုးသူတို့အတွက် အတုယူစံပြုထိုက်သော **ဂုရုကြီးတစ်ဆူ** ကဲ့သို့ပါတည်း။

❁ သံသရာအမိုက်တိုက်၌ မျက်စိလည် လမ်းမှားနေသူတို့အတွက် **မီးရှူးတန်ဆောင်** ကဲ့သို့ပါတည်း။

❁ အရှင်မြတ်ဘုရား… အရှင်မြတ်၏ ထေရာပဒါန်သည်ကား သံဃဂါရဝ(သံဃာ၌ ရိုသေ့တ်ကိုင်းရှိုင်းမှု)မရှိသူတို့အတွက် သံဃာ၌ ရိုသွတ်စေ၊ ကြည်ညိုစေခြင်းဖြင့် ထိုသူတို့၏ နှလုံးအိမ်၌ ရတနာမြတ်သုံးပါး ကိန်းဝပ်စေသော အဆုံးအမည္ဓြဝါဒတို့ တည်ရှိရာ **ရတနာ ရွှေကြုတ်သဖွယ်ပါတည်း။**

❁ အရှင်မြတ်ဘုရား… အရှင်မြတ်၏ အနာဂတ်သာသနာတော်အတွက် ပြုခဲ့ဖူးသော ကျေးဇူးဂုဏ်အင်တို့ကို ပိုင်းခြားရေတွက်ခြင်းငှာ မစွမ်းနိုင်ပါ။ မျက်လုံးအစုံ၌ တိမ်သလ္လာများ ဖုံးအုပ်နေ၍ အမြင်အာရုံ ကောင်းစွာမသန်စွမ်းသူတစ်ဦး တိမ်စင်ည၏ ကောင်းကင်ကြယ်တာရာများကို မော့ကြည့်နေရသည်နှင့် ပမာတူပါသည်…. အရှင်ဘုရား။

❀ အရှင်မြတ်ဘုရား... အရှင်မြတ်သည် ရဟန်းပြုသစ်စ အချိန်၌"ကမ္မဋ္ဌာန်းသင်ယူပြီးလျှင် တောကျောင်း၌ နေလိုပါကြောင်း" ဘုရားရှင်ထံခွင့်ပန်ဖူးပါသည်။ ဘုရားရှင်က....

"ဉပါလိ... ငါဘုရားတိုက်တွန်းပါ၏။သံဃာများကြားဝယ် ဝိနည်းပရိယတ်ကို သင်ယူရင်း နေထိုင်ပါလော့။ တောရဆောက်တည်ခြင်းဖြင့် ဝိပဿနာဓုရတစ်ပါးတည်းသာ ပြည့်စုံလိမ့်မည်။ သံဃာ့ပရိသတ်ထဲ၌ နေထိုင်ခြင်းဖြင့် ဝိပဿနာဓုရနှင့် ဂန္ထဓုရနှစ်ပါးလုံးပြည့်စုံလျက် မကြာမြင့်မီပင်လျှင် ရဟန္တာဖြစ်ပေလိမ့်မည်။ ဝိနည်းပိဋကတ်၌လည်း ရေဝံ့စွာဆုံးဖြတ်နိုင်သော အကြီးအမှူးဖြစ်ပေလိမ့်မည်။" ဤသို့ မိန့်ကြားတားမြစ်တော်မူပါသည်။ သို့ဖြစ်ရကား အရှင်မြတ်သည် ဝိနည်း(ဓမ္မ)ကို နှုတ်ပြန်ညပြန် ပို့ချလျက် ဝိနည်းဆောင် ရဟန်းအပေါင်းတည်းဟူသော တောအုပ်၌ ရာသက်ပန် လှည့်လည်စံပယ်တော်မူရင်း သံသရာဦးခေါင်းချခဲ့ရသော ကေသရီဇာတ် ခြင်္သေ့မြတ်ပါ.... အရှင်ဘုရား။

❀ အရှင်မြတ်ဘုရား.လက်ယာတော်ရံ ပညာတေဒဂ်ရ ပထမအဂ္ဂသာဝက မထေရ်မြတ်ကြီး၏ ထေရာပဒါန်၌ "နိရောဓော သယနံမမ= နိရောဓသမာပတ်သည် အကျွန်ုပ်၏ အိပ်ရာနေရာတည်း" ဟု မြွက်ဆိုကျူးရင့်တော်မူခဲ့ပါသည်။ ဤသည်မှာ ရဟန္တာအရှင်မြတ်တို့၏ ဓလေ့တံထွာ ဓမ္မတာအတိုင်း (အားလပ်ခွင့် ရလျှင်ရတိုင်း မိနစ်ပိုင်း စက္ကန့်ပိုင်းပင်ဖြစ်စေ) သင်္ခတလောကီနယ်ကို မျက်နှာလွှဲတော်မူကြ၍ အသင်္ခတဓာတ် နိဗ္ဗာန်ချမ်းသာမြတ်ဖြင့် စံပျော်တော်မူကြပုံကို သိစေပါသည်။

❀ အရှင်မြတ်၏ ထေရာပဒါန်၌ကား" ဝိနယော အာသယော မယှံ= ဝိနည်းတရားတော်သည် အကျွန်ုပ် ဉပါလိ၏ နေရာ

ကျောင်းပါတည်း။

ဝိနယော ဌာန စက်မံ= ဝိနည်းတရားတော်သည် အကျွန်ုပ် ဥပါလိ၏ ရပ်တည်ရာ၊ စကြံသွားရာ အရပ်ပါတည်း။

ဝိနယေ ဝါသံ ကပ္ပေမိ= အကျွန်ုပ် ဥပါလိသည် ဝိနည်းတရားတော်၌ နေထိုင်ခြင်းကို ပြုပါ၏။

ဝိနယော မမ ဂေါစရော= ဝိနည်းတရားတော်သည် အကျွန်ုပ် ဥပါလိ၏ ကျက်စားရာ အရပ်ပင် ဖြစ်ပါတော့သည်''ဟု မိမိအဓိဋ္ဌာန်ချက်ကို ဘုရားရှင်အား လျှောက်တင်ခဲ့ပါသည်။ ဤအဓိဋ္ဌာန်ချက် ဥဒါန်းစကားတော်ဖြင့် အရှင်မြတ်၏ ခန္ဓာအိမ်အတွင်း၌ အဆက်မပြတ် မနားတမ်းစီးဆင်းနေသော ဝိနယဂင်္ဂါမြစ်၏ စီးဆင်းခြင်းအဟုန်နှင့် နက်ရှိုင်းကျယ်ဝန်းပုံတို့ကို ပီပြင်စွာ သရုပ်ဖော်နေသည်သို့ရှိပါသည်. . . . . အရှင်ဘုရား။

❀ အရှင်မြတ်ဘုရား. . အရှင်မြတ်၏ ဤမည်သောဝိနည်းအဓိဋ္ဌာန်ချက်သည်ကား နောင်လာနောက်သားတို့အား ''သင်တို့သည် ငါ့ကို အတုယူရစ်ကြကုန်လော့၊ ငါ့နည်းတူစွာ ဝိနည်းတရားတော်၌ ကြီးမြတ်သောအဓိဋ္ဌာန်ချက်ကိုပြုလျက် သာသနာတော်မြတ်ကြီးကို စောင့်ရှောက်ရစ်ကြကုန်လော့''ဟု မိန့်မြွက်နေသည်သို့ ရှိပါသည်. . . . အရှင်ဘုရား။

❀ အရှင်မြတ်ဘုရား. . မြတ်စွာဘုရား၏ အမြိုက်နိဗ္ဗာန်ကို ပေးစွမ်းနိုင်သော ဓမ္မဝိနယမိုးကြီးသည် အရှင်မြတ်၏ နှလုံးသားစမ်းရေအိုင်၌ အကြိမ်ပေါင်းများစွာ ရွာသွန်းခဲ့ပါသည်။ ထိုအမြိုက်ရေစင်ထဲ၌ အရှင်မြတ်၏ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ပညာစသော သူတော်ကောင်းဓာတ်တို့နှင့် ပေါင်းဆုံမိသောအခါ ဓမ္မဝိနယမဟာနဒီအဖြစ် ပြောင်းလဲသွားခဲ့ပါသည်။ထို့နောက် မြစ်လက်တက်ပေါင်းများစွာ သဖွယ် ထောင်ပေါင်းများစွာသော ဝိနည်းဆောင်တပည့် အဆက်

ဆက်တို့၏ နှလုံးသားများဆီသို့ တငြိမ့်ငြိမ့် စီးဝင်သွားခဲ့ကြပါသည် ....အရှင်ဘုရား။

❁ အရှင်မြတ်ဘုရား..အရှင်မြတ်၏ နှလုံးသားရေကန်တော်သည် ကြည်သန့်သော၊ ချမ်းမြသော၊ ဖွေးနစ်သောရေတို့ဖြင့် ပြည့်လျှံနေပါသည်။ ယင်းသို့ဖြစ်ရသည်မှာ ဝိနည်းတရားတော်သည် မြတ်စွာဘုရား၏ မဟာကရုဏာတော်မြတ် အတွင်းခါတ်မှ မြစ်ဖျားခံစီးဆင်းလာခဲ့ရကား အရှင်မြတ်၏ နှလုံးအိမ်သည် ယင်းဝိနည်းတရားတော်ခပ်သိမ်း၏ ထာဝရတည်ရာ ကိန်းရာဖြစ်ခဲ့သောကြောင့်ပင်ဖြစ်ပါသည်...အရှင်ဘုရား။

❁ အရှင်မြတ်ဘုရား.. ရဟန်းသံဃာအပေါင်းတည်းဟူသော ဆင်အုပ်အလယ်မှ ရဟန်းမြတ်ဆင်ဖြူတော်ဟုဆိုလျှင် အရှင်မြတ်ကို ရည်ညွှန်းပါသော် သင့်မြတ်ရာပါ၏။ ထိုအဓိပ္ပာယ်သည် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်ပိုင်း (ပထမသင်္ဂါယနာခေတ်နောက်ပိုင်း)ကာလ ဆယ်စုနှစ်များတွင် ပို၍ပို၍ပီပြင်ထင်ရှားခဲ့ပါသည်.....အရှင်ဘုရား။

❁ အရှင်မြတ်ဘုရား..အရှင်မြတ်၏ ထေရာပဒါန် တစ်နေရာ၌ ''သတ္ထုကပ္ပံ သုဝိနယံ ဓာရေမိ ဟဒယေ နဟံ= အကျွန်ုပ်ဥပါလိသည် ရှင်ပင်ဘုရားနှင့် အလားတူသော ကောင်းမြတ်သောဝိနည်းကို နှလုံးဖြင့် ဆောင်ထားပါ၏''ဟု မြွက်ဆိုလျှောက်ထားခဲ့ပါသည်။ ယင်းစကား၌ သတ္ထုကပ္ပံပုဒ်ဝယ် ကပ္ပ–ပစ္စည်းသည် 'အနည်းငယ် မပြည့်စုံခြင်း, အနည်းငယ်လိုနေခြင်း'အနက်ရှိပါသည်။ ထိုစကားဖြင့် ဝိနည်းတရားတော်သည် (ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးရာနောက်ကာလ၌) သက်တော်ထင်ရှား ဘုရားရှင်လောက်နီးနီး တန်ခိုးအရှိန်အဝါရှိသည်ဟု ဆိုလိုရာရောက်ပါသည်။ ဝိနည်းထွန်းကားရာအရပ်တိုင်း နေရာတိုင်း၌ ဘုရားရှင်ရှိသည်နှင့် တူညီသလောက်ရှိ

သည်ဟု ဆိုရာရောက်ပါသည်။ ဤဂါထာပါဒဖြင့် အရှင်မြတ်သည် နောင်လာနောက်သားတို့အား ဝိနယဂါရဝကို ကောင်းစွာဖြစ်စေ၊ ထက်သန်စေခဲ့ပါသည်.. ...အရှင်ဘုရား။

❀ အရှင်မြတ်ဘုရား..အရှင်မြတ်သည် ရဟန္တာဖြစ်ပြီးနောက် တစ်နေ့သ၌ ဥပုသ်ပြုရာဝယ် ရဟန်းတို့အား ဩဝါဒပေးသောအနေဖြင့် ဂါထာသုံးပုဒ်ကို ရွတ်ဆိုတော်မူခဲ့ပါသည်။ ယင်းဂါထာတို့၏ မြန်မာပြန်မှာ–

(၁) ယုံကြည်မှု 'သဒ္ဓါ'ဖြင့် လူ့ဘောင်မှထွက်ခွါ၍ ယော်စဉ်ကပင် ရဟန်းပြုသော ရဟန်းငယ်သည် စင်ကြယ်သော အသက်မွေးခြင်း ရှိကုန်သော, ပျင်းရိခြင်းမှကင်းကုန်သော အဆွေခင်ပွန်းကောင်းတို့ကို မှီဝဲရာ၏။

(၂) ဂုဏ်ကို ယုံကြည်မှု 'သဒ္ဓါ'ဖြင့် လူ့ဘောင်မှထွက်ခွါ၍ ငယ်စဉ်ကပင် ရဟန်းပြုသော ပညာရှိရဟန်းငယ်သည် သံဃာ့ဘောင်၌နေလျက် ဝတ်ကြီးဝတ်ငယ်ကို ဖြည့်သည်၏ အစွမ်းဖြင့် ဝိနည်း (ပရိယတ်)ကို သင်ရာ၏။

(၃) ယုံကြည်မှု'သဒ္ဓါ'ဖြင့် လူ့ဘောင်မှထွက်ခွါ၍ ငယ်စဉ်ကပင် ရဟန်းပြုသော ရဟန်းငယ်သည် အဝ်သည်၊ မအဝ်သည်တို့၌ လိမ္မာသည်ဖြစ်၍ (ပစ္စည်းလေးပါးတို့၌) တောင့်တမှုကင်းလျက် ကျင့်ရာ၏။

အရှင်မြတ်၏ ဖော်ပြပါ ဩဝါဒဂါထာတို့၌ သဒ္ဓါပဗ္ဗဇိတရဟန်းငယ်သည် (၁)သီလကို ချစ်မြတ်နိုးသော ဆရာကောင်း သမားကောင်း ကလျာဏမိတ္တတို့ကို မှီခိုဆည်းကပ်၍ နေရမည်။ (၂) သံဃာများ စုဝေးနေထိုင်ရာ (ပရိယတ္တိသင်ကြားပို့ချရာ)ဌာန၌ နေထိုင်၍ ဆရာဥပဇ္ဈာယ် စသူတို့၏ ဝတ်ကြီးဝတ်ငယ်တို့ကိုလည်း ဖြည့်ကျင့်

ရမည်။ (၃) ဝိနည်း(ပရိယတ်)ကိုလည်း သင်ယူဆည်းပူးရမည်။ (၄) ထိုသဒ္ဓါပဗ္ဗဇိတ ရဟန်းငယ်သည် ဝိနည်းအရာ၌ ကျွမ်းကျင်လိမ္မာသည်ဖြစ်၍ (ပစ္စည်းလေးဖြာ၊ ဒါယကာ စသည်တို့၌ မတွယ်တာဘဲ) တဏှာငြိမ်းအောင် သမဏဓမ္မ (ရဟန်းတရား)ကို အားထုတ်၍ နေရမည်ဟု ဆုံးမတော်မူခဲ့ပါသည်။ ထိုအဆုံးအမတော်သည် သဒ္ဓါပဗ္ဗဇိတ ရဟန်းငယ်များကိုသာ ရည်ရွယ်၍ ဘယာပဗ္ဗဇိတတို့ကို မရည်ရွယ်။ ပါပမိတ္တပုဂ္ဂိုလ်တို့ထံ မှီခိုဆည်းကပ် နေထိုင်ခွင့်မပြု။ သံဃာပရိသတ်နှင့် ကင်းကွာလျက် အဆုံးအမဩဝါဒကင်းဝေးရာ၊ ပရိယတ္တိသင်ယူခွင့် မရရှိနိုင်သော နေရာတို့၌ နေထိုင်ခွင့်မပြု။ ဝတ်ကြီး ဝတ်ငယ် (ခန္ဓကကျင့်ဝတ်)တို့ကို ဖြည့်ကျင့်မှ သီလပြည့်စုံသူဖြစ်လိမ့်မည်။ ပရိယတ်ကို မသင်သူ၊ မသိသူမဖြစ်ကြစေနှင့်ဟု မိန့်ခြွေခဲ့ပါသည်။ ဝိနည်းအရာ၌ မလိမ္မာလျှင် အာပတ်သံသရာ လည်နေရလိမ့်မည်။ ဝိနည်းမသိ၍ပြုမိသော မိစ္ဆာဇီဝအမှု စသည်တို့ကြောင့်သော်လည်း အရောင်အဝါကင်းမဲ့သောရဟန်း ဖြစ်ရတတ်သည်။(ပစ္စည်းလေးဖြာ၊ ဒကာ ဒကာမစသည်တို့၌ ကပ်ငြိတွယ်တာနေသူသည်) သမဏသုခ (ရဟန်းဘဝချမ်းသာ)ကို အဘယ်မှာ ရနိုင်မည်နည်းဟု သိစေ၊ နားလည်စေခဲ့ပါသည်. . . . . အရှင်ဘုရား။

❋ အရှင်မြတ်ဘုရား. . . မြန်မာသာသနာ့ထိပ်ခေါင်တင် မထေရ်ကြီးတို့၏ ခေတ်အဆက်ဆက်ကျင့်သုံးလာခဲ့သော ဝိနည်းအဝိက ပဋိပတ်မကင်းသော ပရိယတ်မှုသည်ကား အရှင်မြတ်တို့၏ ဩဝါဒနှင့် ထပ်တူပင်ဖြစ်ပါတော့သည်။ အရှင်မြတ်တို့၏ ဩဝါဒတော်ကို လုံးဝလိုက်နာ ကောင်းစွာကျင့်သုံးလာခဲ့ကြပါသည်။ ထို့ကြောင့်လည်း ဤနိုင်ငံ၌ ဓမ္မဝိနယသာသနာတော်သည် မူရင်းမပျက် တိကျခိုင်မာစွာ ရှင်သန်နေရခြင်း ဖြစ်ပါသည်. . . . . အရှင်ဘုရား။

❋ အရှင်မြတ်ဘုရား. . . ဤသုဝဏ္ဏဘူမိဝင် ရတနာရွှေမြေ

**ဓမ္မနိုင်ငံတော်၌** လူဖြစ်ရသူတို့သည် တကယ့်ရတနာလူသားများ **ဖြစ်ခွင့်**ရကြပါသည်။ ကမ္ဘာ့နိုင်ငံပေါင်း မြောက်မြားစွာမှ ရဟန်းရှင်လူ ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာတို့သည် တကယ့်ရတနာစစ်ကို ရှာဖွေရန် ဤရတနာရွှေမြေသို့ စဉ်ဆက်မပြတ် ရောက်ရှိလာကြပါသည်။ သို့ဖြစ်ရသည်မှာ ဤနိုင်ငံသည် ဓမ္မဝိနယ သာသနာတော်၏ သာယာငြိမ့်ညောင်းသော ဆည်းလည်းသံတည်းဟူသော သန္တရသဖြင့် လွှမ်းခြုံအပ်သော နိုင်ငံဖြစ်သောကြောင့်ပါ..... အရှင်ဘုရား။

❋ အရှင်မြတ်ဘုရား... ဤသုဝဏ္ဏဘူမိဝင် ရတနာရွှေမြေ ဓမ္မနိုင်ငံတော်၌ ခေတ်အဆက်ဆက် သာသနာတော်ကို စောင့်ရှောက်လာခဲ့ကြကုန်သော မဟာထေရ်ကြီး(အနုထေရ်၊ သီတင်းလတ်၊ သီတင်းငယ်ရဟန်း)အဆက်ဆက်တို့သည် အရှင်မြတ်တို့နှင့်ထပ်တူ ဤသို့ဤပုံ ကြီးမြတ်သောအဓိဋ္ဌာန်ပြုကာ ဘုရားရှင့်သာသနာတော်ကို စောင့်ရှောက်ခဲ့ကြလိမ့်မည်ဟု မှန်းမျှော်ယုံကြည်မိပါသည် ... အရှင်ဘုရား။

ဝိနည်းတရားတော်သည် ငါ၏ လှေတည်း။
ဝိနည်းတရားတော်သည် ငါ၏ စမ္ဗခဏ်(သားရေနွယ်)တည်း။
ဝိနည်းတရားတော်သည် ငါ၏ ဓမ္မကရိဏ်(ရေစစ်)တည်း။
ဝိနည်းတရားတော်သည် ငါ၏ လက်စွဲတောင်ဝှေးတည်း။
ဝိနည်းတရားတော်သည် ငါ၏ လမ်းပြကြယ်တည်း။
ဝိနည်းတရားတော်သည် ငါ၏ ကညစ်(ကလောင်)တည်း။
ဝိနည်းတရားတော်သည် ငါ၏ ထွက်သက်ဝင်သက်တည်း...
... စသည်။

ဤစာစုဖြင့် လောကဟိတ သာသနဟိတ အကျိုးနှစ်ဝကို အာယုကပ်ပတ်လုံး (တစ်သက်တာလုံး) ကြိုး၍ မနေမနား အားသစ် ရွက်ဆောင်တော်မူရင်း (ဝါ) ရွက်ဆောင်တော်မူခဲ့ရသောကြောင့် ရုပ် ခါတ်ခန္ဓာ ပင်ပန်းနွမ်းနယ်ခြင်းအတိဖြင့် ပရိနိဗ္ဗာန်စံဝင်ရာ ညောင် စောင်းထက်ဝယ် နောက်ဆုံး (လဲလျောင်းခြင်းဖြင့်) လဲလျောင်းနေ တော်မူသော ငြိမ်းလုလု ဆီမီးပမာ ဝိနည်းမိုရ်ဝေတဒဂ် မဟာသူတော် စင်ကြီး၏ ကျေးဇူးဂုဏ်အနုစ်တို့စုဝေးရာ ခန္ဓာတော်အစဉ်အား ကြည်ညိုလှစွာ အကြိမ်ကြိမ်ရှိခိုးပူဇော်ပါသတည်း။

*မဟာဝိဟာရဆရာတော်*
*၁၃၇၀-ပြည့်နှစ်၊*
*နယုန်လဆန်း၁၃-ရက်၊ (၁၆-၆-၂၀၀၈) တနင်္လာနေ့။*

**ကျမ်းကိုး**

၁။ ဝိနည်းအဋ္ဌကထာ (ပထမအုပ်)
၂။ ထေရာပဒါန်မြန်မာပြန်
၃။ ထေရဂါထာမြန်မာပြန်
၄။ ဆိဒ္ဓပိဓာနနီကျမ်း
၅။ ရွှေကျင်နိကာယသာသနာဝင်ကျမ်း
၆။ ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း (ပထမအုပ်)

## ဝိနည်းဆောင် ရှေးထေရ်တော်ထောင်းကြီးများ အကြောင်း

ဓမ္မဝိနယသာသနာတော်အကြောင်း ဆောင်းပါးတစ်ပုဒ်ရေးရန် အားထုတ်သောအခါ ရှေးဦးစွာ မြတ်စွာဘုရား၏ ပထမဝိနယဓရသုတ်တော်ကို အကြိမ်ကြိမ်ဖတ်ရှုကြည့်ညိုခဲ့ပါသည်။ ထိုသုတ်တော်ကို အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ ဝိနယဝဂ်၌ သံဂါယနာတင်တော်မူခဲ့ကြပါသည်။ ထို့နောက် ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ကြီး၏ ဝိနယဓရ ဩဝါဒကထာကို ယင်းပါဠိတော်နှင့်တိုက်ဆိုင်လျက် စေ့စပ်သေချာ ဖတ်ရှုကြည့်ညိုခဲ့ပါသည်။ ဖတ်ရှုရင်း၊ ကြည့်ညိုရင်း အတိတ်နှင့် ပစ္စုပ္ပန်သာသနာ(၂)ရပ်ကို နှိုင်းယှဉ်လေ့လာကြည့်မိပါသည်။မြတ်စွာဘုရားရှင်သည် ဝိနယဓရသုတ်တော်၌ ဝိနည်းဆောင်ရဟန်းတို့၏ အင်္ဂါရပ်တို့ကို အောက်ပါအတိုင်း ဟောတော်မူခဲ့ပါသည်။

၁။ အာပတ်ကို အာပတ်ဟုသိ၏။ (မည်သည့်ပြစ်မှု ကျူးလွန်လျှင် မည်သည့်အာပတ်သင့်သည်ဟု သိ၏။)

၂။ အာပတ်မဟုတ်သည်ကို (အာပတ်မသင့်ရောက်ခြင်းကို) အာပတ်မဟုတ်ဟု (အာပတ်မသင့်ဟု) သိ၏။

၃။ အပေါ့စား၊ အသေးစားဖြစ်သော (ပေါ့ပါးသောဝိနည်း

ကံဖြင့် စင်ကြယ်သော) အာပတ်ကို လဟုကအာပတ်ဟု သိ၏။

၄။ ကြီးလေးသော (ကြီးလေးသော ဝိနည်းကံဖြင့် စင်ကြယ်သော)အာပတ်ကို ဂရုကအာပတ်ဟု သိ၏။ (မည်သည့်ပြစ်မှုကြောင့် မည်သည့်ဂရုကအာပတ်သင့်သည်ဟု အကြောင်းရင်းဝတ္ထုနှင့်တကွ ဂရုကအာပတ်နှစ်မျိုးကို ခွဲခြား၍သိ၏။)

၅။ သီလရှိ၏၊ ပါတိမောက် သီလတည်းဟူသော အပိတ်အဆီးဖြင့် ကာယဒွါရ၊ ဝစီဒွါရတို့ကို ပိတ်ဆို့စောင့်စည်းလျက် (ဝါ) ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံလျက် (ရဟန်းတို့အား လျောက်ပတ်သော အကျင့်နှင့်လည်းကောင်း၊ဆွမ်းစသည်အတွက် သွားလာဝင်ထွက် ကျက်စားသင့်ရာဌာနနှင့်လည်းကောင်း ပြည့်စုံလျက်)နေ၏။အနုမြူသဖွယ် အလွန်သေးငယ်ကုန်သော အကုသိုလ်အပြစ်တို့၌ ကြောက်ဖွယ်ဘေးဟု ရှုလေ့ရှိလျက်၊သီလသိက္ခာ ကုသိုလ်အဖို့တို့၌ ဖြည့်ကျင့်ဖွယ်ရာ သီလသိက္ခာအားလုံးကို ကောင်းစွာဆောက်တည်၍ ဖြည့်ကျင့်၏။

၆။ ထူးချွန်လွန်ကဲသော ဥပစာရဈာန်စိတ်၌ ဖြစ်ကုန်၊မှီတည်ကုန်သော ယခုမျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်ကုန်သော လေးပါးကုန်သော ရူပါဝစရဈာန်တို့ကို မိမိအလိုဆန္ဒအတိုင်း ရနိုင်ခြင်းရှိ၏။ ( ဝါ)အလိုရှိရာခဏ၌ပင် ဝင်စားနိုင်၏။ထိုဈာန်လေးပါးတို့ကို မပင်မပန်းချမ်းသာစွာရနိုင်ခြင်းရှိ၏။ (ဝါ) ဆန့်ကျင်ဘက်တရားတို့ကို ပယ်ရှား၍ လွယ်ကူစွာ ဝင်စားနိုင်၏။ သတ်မှတ်ထားသည့် အချိန်ပိုင်း၌ ထနိုင်၊ ရပ်တန့်နိုင်၏။

၇။ အာသဝတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝမရှိသော၊ ကိလေသာတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ်သမာဓိ(စေတောဝိမုတ္တ)ကို လည်းကောင်း၊ ကိလေသာတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာ (ပညာဝိမုတ္တိ)ကိုလည်းကောင်း၊ ယခုဘဝ၌ပင်ထူးသော ပစ္စဝေက္ခဏာဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြု၍ ရောက်၍ ရ၍ ပြီးစေ၍ နေ၏။

*(အံ၊ သျှ၊ ၄၊ စာ- ၂၇၅-၆)*

ဤပါဠိတော်၌လာသော ဝိနည်းဆောင်အရှင်မြတ်တို့၏ ဂုဏ်အင်္ဂါ(၇)ရပ်တို့ကို ခြုံငုံကြည့်ပါလျှင် (၁)(၂)(၃)(၄) အင်္ဂါရပ်တို့သည် ပရိယတ္တိသာသနာတော်ကိစ္စကို ညွှန်ပြလျက်ရှိပြီး ကျန်သုံးပါးမှာ (ဝိနည်းပဋိပတ်၊ သုတ္တန်ပဋိပတ်အကျင့်မြတ်များနှင့်) ယင်းပဋိပတ်ကြောင့် ဖြစ်ထွန်းလာသော အဓိဂမခေါ် ပဋိဝေဓတရားထူးများပင်ဖြစ်ကြောင်းကို တွေ့ရှိနိုင်ပါသည်။

တစ်နည်းဆိုရလျှင် သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်ဟူသော သာသနာ့ကျင့်စဉ်ကြီးသုံးရပ်ကို အထွတ်အထိပ် အရဟတ္တဖိုလ်တိုင်အောင် မိန့်မြွက်တော်မူထားသည်ကို တွေ့ရှိနိုင်ပါသည်။

ဆက်ဦးအံ့။ ဤသုတ်တော်ဖြင့် မြတ်စွာဘုရားသည် သာသနာ့သမုဒ္ဒရာ၏ အနက်ရှိုင်းဆုံးနေရာ (အရဟတ္တဖိုလ်)တိုင်အောင် ညွှန်ပြတော်မူပါသည်။ ဝိနည်းဆောင်ရဟန်းတို့သည် သီလနှင့် ပရိယတ္တိမျှဖြင့် ရောင့်ရဲတင်းတိမ်နေတော်မမူခဲ့ကြပေ။ ရေနက်ပိုင်း သမုဒ္ဒရာထဲအရောက် ရည်သန်ကူးခတ်တော်မူခဲ့ကြလေသည်။ အဘယ့်ကြောင့်ပါနည်း။

ကမ်းခြေအနီး ရေတိမ်ပိုင်းသမုဒ္ဒရာသည် အမှိုက်သရိုက် အညစ်အကြေး စသည်တို့ဖြင့် ညစ်ညမ်းရှုပ်ထွေးနေတတ်ရကား တကယ့် သမုဒ္ဒရာ၏ ရသကို မတွေ့နိုင်သောကြောင့်ပင်။

(၂)

မြောင်းမြဆရာတော်ကြီး (၁၂၅၀–၁၃၃၇)၏ ဩဝါဒကထာ ကောက်နုတ်ချက်ကို ဆက်လက်ဖော်ပြပါမည်။

**ဝိနယော နာမ သာသနဿ အာယု၊**

**ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ နာမ။**

**ဝိနည်းဆိုတာ ဗုဒ္ဓသာသနာတော်ရဲ့ အသက်ပါပဲ။ ဝိနည်းတည်လို့ရှိရင် သာသနာတော်ဟာ တည်ပါတယ်။** ဒီ စကားကို အဋ္ဌကထာကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသက ဝိနယ အဋ္ဌကထာ၊ ဒီဃနိကာယ်အဋ္ဌကထာ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ များမှာ မှတ်တမ်းတင်တော်မူခဲ့ပါတယ်။အဋ္ဌကထာနှင့် ဋီကာကျမ်းပြု ဖြစ်တော်မူသော အရှင်ဓမ္မပါလ မထေရ်ကလည်းပဲ ထေရဂါထာ အဋ္ဌကထာမှာ မှတ်တမ်းတင်ထားခဲ့ပြန်ပါတယ်။

အဲဒီစကားတွေထဲမှာ ပါလာတဲ့ ဗုဒ္ဓသာသနာဆိုတာ–

၁။ ဘုရားဟောပါဠိတော်နှင့် အဋ္ဌကထာများကို သင်ယူ ပို့ချမှုဆိုတဲ့ ပရိယတ္တိသာသနာ။

၂။ အဲဒီ ပါဠိတော်အဋ္ဌကထာများရဲ့ ညွှန်ပြချက်အတိုင်း လက်တွေ့လိုက်နာကျင့်သုံးမှု၊ တရားအားထုတ်မှုဆို တဲ့ ပဋိပတ္တိသာသနာ။

၃။ အဲဒီလို လက်တွေ့လိုက်နာကျင့်သုံးကြတဲ့အတွက် ပေါ်ပေါက်ရရှိ သိမြင်လာတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ ပဋိဝေဓသာသနာလို့ သာသနာ သုံးမျိုးသုံးစားရှိ

နေပါတယ်။

အဲဒီ ဗုဒ္ဓသာသနာတော် သုံးရပ်လုံးဟာ ဝိနည်းအပေါ် မှီခို တည်နေကြရပေတယ်။ ဝိနည်းရှိမှ တည်တံ့နိုင်မယ်၊ ဝိနည်းမရှိက မတည်တံ့နိုင်ပါဘူး။ ဒါကြောင့်မို့ ဝိနည်းတရားတော်ဟာ သာသနာတော်သုံးရပ်ရဲ့ အသက်ဖြစ်ပေတယ်လို့ ကြောင်းကျိုးဆက်စပ်ပြီး မှတ်သားနားလည်ထားသင့်ပါတယ်။

ဒါတွင်မကသေးပါဘူး။ မိလိန္ဒပဉ္စာမှာလာတဲ့ သာသနာ ကွယ်ပျောက်မှု သုံးမျိုးကိုလည်း ဆက်လက်မှတ်သားထားမှ ပြည့်စုံ လိမ့်မယ်ထင်ပါတယ်။

သာသနာတော်ရဲ့ ပျောက်ကွယ်မှုက...

၁။ မဂ်ဖိုလ်နိဗ္ဗာန်တို့ရဲ့ ကွယ်ပျောက်မှုဆိုတဲ့ အဓိဂမအန္တရဓာနတစ်ပါး၊

၂။ ကျင့်ဝတ်ပဋိပတ်တို့ ကွယ်ပျောက်မှုဆိုတဲ့ ပဋိပတ္တိအန္တရဓာနတစ်ပါး၊

၃။ ရှင်၊ ရဟန်းအသွင် ကွယ်ပျောက်မှုဆိုတဲ့ လိင်္ဂအန္တရဓာနတစ်ပါးလို့ သုံးပါးရှိပါတယ်။

မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ အဓိဂမကွယ်ပျောက်လို့ရှိရင် ဘယ်လိုပင် တရားအားထုတ်ကြစေကာမူ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ တရားထူး မရနိုင်တော့ပါဘူး။ အကျင့်ပဋိပတ် ကွယ်ပျောက်လို့ရှိပြန်လျှင်လည်း သိက္ခာပုဒ်ပညတ်တော်များ ကွယ်ပျောက်ရတော့တာပါပဲ။ ရှင်၊ ရဟန်း အသွင်ကတော့ ကျန်နိုင်သေးတယ်။ ရှင်၊ရဟန်းအသွင် ကွယ်ပျောက် ရင်တော့ သာသနာဟာ လုံးဝအဆက်ပြတ်တော့တာပဲ၊အဲဒီလို မိလိန္ဒ ပဉ္စာမှာ ပြဆိုထားပါတယ်။

ယခုသာသနာတော်တွင်းမှာ ရှင်၊ ရဟန်းအသွင်တွေ မကွယ် ပျောက်သေးပါဘူး၊ အများအပြားပဲ ရှိနေပါသေးတယ်။ လိုတာ

ထက်တောင် ပိုကောင်း ပိုနေပါလိမ့်မယ်။ ကျင့်ဝတ်ပဋိပတ်ဘက်ကျ တော့ တယ်အားရစရာ မရှိလှတော့ပါဘူး။ အတော်ကို လျော့ပါးနေ ပါပြီ၊ ဒါဟာ လူတိုင်း မျက်မြင်ကိုယ်တွေ့ပါပဲ။ ဒီတော့ သိက္ခာပုဒ် တော်များ ကွယ်ပျောက်ဖို့ရန် အင်မတန် နီးကပ်နေပြီလို့ ဆိုရတော့ မှာပဲ။ သိက္ခာပုဒ်ပညတ်တော်များ ကွယ်ပျောက်သွားခဲ့လို့ရှိရင် ဝိနည်း ရယ်လို့ ရှိနိုင်ပါဦးမလား။ ဘယ်နည်းနဲ့မျှ မရှိနိုင်တော့ပါဘူး။ ဝိနည်း ကွယ်ပျောက်သွားတာနဲ့တစ်ပြိုင်နက် ဗုဒ္ဓသာသနာတော်ဆိုတာဟာ လည်း မရှိနိုင်တော့ပါဘူး။ဒီအချက်ကို ဗုဒ္ဓဘာသာဝင်တိုင်း လေးလေး နက်နက် စဉ်းစားသင့်ပါတယ်၊ မှတ်သားသင့်ပါတယ်။ ဒီတော့ သာသနာတော်တည်မြဲအောင် ဘယ်လိုလုပ်သင့်သလဲလို့ မေးစရာရှိပါ တယ်။ ဝိနယဓရပုဂ္ဂိုလ်တွေ၊ ဝိနည်းအကျင့်၊ သုတ္တန်အကျင့်ကို ကျင့်တဲ့ပုဂ္ဂိုလ်တွေ များများစားစား ပေါ်ထွက်လာအောင် အားပေးရ ပါမယ်။

*သွမဏ်လ ဓမ္မဒေသနာ ၈- ၂၁၂၅၊*

* * * * *

ဤဆရာတော်ကြီးကား နယ်နယ်ရရ သူလိုငါလို သာမန် ဘုန်းကြီးမျိုးမဟုတ်၊ တစ်ခေတ်တစ်ယောက်ဆိုရလောက်သော သာသနာစောင့်အာဇာနည် မထေရ်မြတ်ကြီးပင် ဖြစ်ပါသည်။ သာသနာရေးနှင့်စပ်လျှင် မည်သူ့မျက်နှာကိုမျှမထောက်။ ဘုရားမျက်နှာတော်ကိုသာကြည့်၍ ခြင်္သေ့ဟောက်သည့်အလား ရဲရဲတောက် မိန့်တော်မူတတ်ပါသည်။ သည်ဘက် သာသနာတော်ခေတ် တွင် ဆရာတော်ကြီး၏ သာသနာပြုသမိုင်းသစ်မော်ကွန်းကား လွန်စွာ ပြောင်မြောက်လှလေသည်။ မျက်မှောက်ခေတ် မြန်မာပြည်၏ စံပြု

လောက်သော ဝိနည်းအလေးပြု ကျောင်းတိုက်များစွာသည် ယောဘုယျအားဖြင့် ဆရာတော်ကြီး၏ သိဿာနုသိဿ တပည့် အဆက်အနွယ်များဖြစ်ကြလေသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် ဆရာတော်ကြီး၏ အားနှင့်သတ္တိကို မှန်းဆနိုင်ပါသည်။

ယနေ့ခေတ်တွင် ရဟန်းရှင်လူ မည်သူမဆို ဘုရားအလို တော်ကျ သီလလမ်းရိုးအတိုင်း တည့်မတ်စွာလျှောက်ဖို့ သတ္တိ တကယ်လိုအပ်ပါသည်။ ဤအဆိုနှင့် စပ်လျဉ်း၍ ဆရာတော်ကြီး၏ ဘဝနိဂုံးနောက်ဆုံးမှာတမ်းကို ရှုစေချင်ပါ၏။

''တို့– ရှိရှိ မရှိရှိ လုပ်စရာရှိတာများကို အချင်းချင်းတိုင်ပင် ပြီး စေ့စေ့စပ်စပ် ကြည့်လုပ်ကြ၊ တို့က သူတော်ကောင်းလမ်းစဉ်ကို အသက်ပေးပြီး စောင့်ရှောက်ထိမ်းသိမ်းနေကြတာ၊ အမှားမခံနိုင်ဘူး။ ခုလုပ်နေကျပုံမှန်အတိုင်းသာ တိတိကျကျလုပ်ကြ၊ အချိန်ကျရင် သူ့ဟာသူ ဖြစ်လာမှာပါ။ အမှတ်တမဲ့ ပေါ့ပေါ့ဆဆ ဘာမျှ မလုပ်မိ ကြစေနဲ့။ သာသနာပြုပုဂ္ဂိုလ်ဆိုတာ 'သတ္တိရှိ ရတယ်'၊ မမိုက်ရဘူး၊ အမှန်အတိုင်း ပြောဝံ့လုပ်ဝံ့ပြီး အမှားကို ရှောင်နိုင်တာကို သတ္တိရှိတယ် လို့ ခေါ်တယ်။ အမှားကို ပြောဝံ့ပြီး အမှန်ကို ရှောင်တာကျတော့ 'မိုက်တယ်'လို့ ခေါ်တယ်။ ဒါကို မှတ်ထားကြ၊ သေသေချာချာ မှတ်ထားကြ။ အဲ– ဒါပဲ။ သတိထားပြီး လုပ်ကြပေတော့။''

*မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ၊ စာ-၅၃၃-၄။*

(၃)

ဤနေရာ၌ ခေတ်သစ်သုဘဒ်ရဟန်းကြီးတစ်ပါး၏ အဆိုကို ဖော်ပြပါမည်။ "ခေတ်နှင့်တစ်ပြေးညီ သာသနာပြုရေးမှာ ဝိနည်း သိက္ခာပုဒ်တွေဟာ အဟန့်အတားဖြစ်နေတယ်။ ဥပမာအားဖြင့် ထေရ ဝါဒနဲ့ မဟာယာနကို ယှဉ်ကြည့်၊ ထေရဝါဒသာသနာ ကမ္ဘာမှာ ကျယ်ကျယ်ပြန့်ပြန့်မထွန်းကားတာဟာ ဝိနည်းကြောင့်ပဲ။ ဝိနည်း မရှိတဲ့ မဟာယာနဗုဒ္ဓဘာသာဟာ ကမ္ဘာမှာ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားနေတယ်။ အဲဒါ သိထားဖို့လိုတယ်"ဟူသတတ်။

(မှတ်ချက်။ ။ ဤဖော်ပြချက်ဖြင့် မည်သူ့ကိုမျှ ပုဂ္ဂိုလ် ရေးနစ်နာစေရန် မရည်ရွယ်ပါ။ ဝိနည်းပယ်လိုသူတို့၏ လွှမ်းမိုးလာ နိုင်ဖွယ်ရှိသော သာသနာ့အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန် ဓမ္မ ရေးသက်သက်သာ ရည်ရွယ်ပါကြောင်း...)

ဤအဆိုရှင်သည် မြောက်ပိုင်းမဟာယာနဝါဒီတို့ကို အားကျ နေသည်သို့ အဓိပ္ပာယ်ရိပ်ထင်သော်လည်း တကယ်စင်စစ်မှာတော့ သိက္ခာပုဒ်သီလတော်တို့၌ မရိုသေမှု(သိက္ခာအဂါရဝစိတ်ထား) အရင်း ခံလျက် မြတ်စွာဘုရားကို ကျေးဇူးမဲ့ ကဲ့ရဲ့စကား ဆိုမိချေလေသည်။

ဤအတွေးအခေါ်သည် ပိဋကတ်ကို ကျောခိုင်းထားသော အတွေးအခေါ် ဖြစ်သောကြောင့် သမ္မာအယူမဟုတ်၊ မိစ္ဆာအယူ စင်စစ် သာဖြစ်ကြောင်း နားလည်ထားအပ်ပါသည်။ ပိဋကတ်ကို ကျောခိုင်း လိုက်လျှင် အဘယ်မှာ ထေရဝါဒဗုဒ္ဓသာသနာပြု ဖြစ်ပါတော့မည် နည်း။ ဤအတွေးအခေါ်မျိုး မျိုးဆက်သစ် ရှင်ငယ်၊ ရဟန်းငယ်များ အပေါ် လွှမ်းမိုးသွားလျှင် မြန်မာသာသနာသည် ရာစုနှစ်ဝက်ခန့် အတွင်းတွင် ရေတိမ်နစ်ရဖွယ် ရှိပါသည်။

* * * * *

ဤနေရာ၌ **'ဝိနည်းသည် သာသနာ၏အသက်'** ဟူသော အဆိုအမိန့်နှင့်စပ်၍ ဤသို့ မေးခွန်းထုတ်နိုင်ပါသည်။ 'ဝိနည်းကြောင့် သာသနာအသက်ရှည်ရသည်' ဟု ဆိုပါလျှင် ဝိနည်းချစ်ခင်သူတော်စင်ဆရာတော်ဘုရားကြီးများ တည်ထောင် ဖန်ဆင်းအပ်သော ဩဇာအရှိန်အဝါ အလွန်ကြီးလှသော သာသနာ့ခံတပ် ကျောင်းတိုက်ကြီးအချို့သည် အဘယ့်ကြောင့် သက်တမ်းအာယု ကြာမြင့်စွာမရှည်ကြပါသနည်း။(ဝါ) ထိုကျောင်းတိုက်ကြီးများ၏ အာဒိမာမကရှေးဦးအစတည်ထောင်ဖန်ဆင်းတော်မူခဲ့ကြသော မူလဆရာတော်ကြီးများနှင့် မူလဒါယကာ၊ဒါယိကာမတို့၏ မူလပဓာန ရည်ရွယ်ချက်များသည် တဖြည်းဖြည်းချင်း ဖျော့တော့မှေးမှိန် ပျက်ပြယ်သွားကြရပါသနည်း။

ထိုမေးခွန်းများ၏ အကျစ်လျစ်ဆုံးသော အဖြေမှာ. . .

**ရှေးလူ နောက်လူ ဓာတ်ချင်းမတူသောကြောင့်** ဟူ၍ပင်ဖြစ်ပါသည်။ မှန်၏၊ ဓာတ်ချင်းတူမှ ဓာတ်ကူး၍ရနိုင်၏။ လောက၌ဆရာနှင့်တပည့်ပင်ဖြစ်စေ၊ မိဘနှင့် သားသမီးပင်ဖြစ်စေ ဓာတ်ချင်းမတူလျှင် (ဓာတ်ချင်းဆန့်ကျင်လျှင်) ထိုတပည့်၊ သားသမီးတို့သည် ဆရာကောင်း၊ မိဘကောင်းတို့၏ ဗဟိဒ္ဓအသွင်အပြင်ပိုင်းကိုသာ ကြည့်တတ်မြင်တတ် ပုံတူကူးယူတတ်ကြ၏။ သို့ရာတွင် တကယ့်အသက်ဝင်သော ပုံတူမျိုးတော့ မဖြစ်တတ်ပြန်ပေ။ ဆရာကောင်း၊ မိဘကောင်းတို့၏ အဇ္ဈတ္တပုံရိပ်နှင့် အဇ္ဈတအသံတို့ကိုကား မြင်နိုင်ကြားနိုင် နားလည်နိုင်ခြင်း အလျှင်းမရှိကြချေ။ သို့ဖြစ်ရကား သာသနာတော်အရေးတွင် သူတော်ကောင်းဓာတ် (လဇ္ဇီဓာတ် (ဝါ) ဓာတ်ကောင်း) ရှိသူတို့ကိုသာ နေရာတိုင်း၌ အလိုရှိထိုက်ပါကြောင်း အထူးဖော်ညွှန်းအပ်ပါသတည်း။

ဤဆောင်းပါးကို တောင်မြို့ဆရာတော်ကြီး(၁၂၆၁–၁၃၃၉)၏

ညြဝါဒဖြင့် နိဂုံးအုပ်ပါမည်။

"တရားတွေက အလွန်မြင့်ပါတယ်၊ စိတ်ကိုမြှင့်ထားကြပါ၊ ဝိပဿနာကို လက်ကိုင်ထားပြီး ကိလေသာရန်သူများကို တိုက်ဖျက်ပေးကြပါ။"

*နံနက်ခင်း ဩဝါဒများ။ စာ-၅။*

"လိုရင်းကတော့ အတွင်းစိတ်ဓာတ် ကောင်းရမယ်၊ ဘုရားသာသနာတော်အတွက် စိတ်ဓာတ်ကောင်းတဲ့သူ၊ သာသနာသွေး၊ ဘာသာသွေးရှိသူ များများလိုအပ်တယ်။ ဦးပဉ္စင်းတို့၊ ကိုရင်တို့ စိတ်ထားကောင်းလိုက်ကြစမ်းပါ၊ ပြုပြင်လိုက်ကြစမ်းပါ၊ သာသနာသွေး မွေးကြစမ်းပါ၊ သာသနာတော်ကြီးကို သံယောဇဉ်ကြီးကြစမ်းပါ၊ သတ္တိရှိရှိနဲ့ သာသနာ့တာဝန်ကို ထမ်းကြစမ်းပါ။"

*နံနက်ခင်းဩဝါဒများ - စာ- ၃၁၊*

*(အရှင်ယောသိတ ရေးသားပူဇော်သည်)။*

*မဟာဝိဟာရဆရာတော်*

*၁၃၆၉ ခု၊ တန်ဆောင်မုန်းလပြည့်နေ့၊*

*(၂၄-၁၁-၂၀၀၇) စနေနေ့။*

## တို့ပြည် တို့ရွာ တို့ထာထနာ

မျက်မှောက်ခေတ် မြန်မာသာသနာတော်သည် မြန်မာဆရာတော်များနှင့် မြန်မာဒကာ ၊ ဒကာမတို့၏ နှလုံးအိမ်၌ ကြွမြန်းစမ္ပာယ်လျက်ရှိ၏ ။ ရှေးရှေး သူတော်ကောင်း (ဆရာ၊ ဒကာ)တို့၏ ကျေးဇူးကြောင့် ရွှေအစစ်နှင့်တူစွာ၊ မူရင်းဓမ္မဝိနယ သာသနာတော်သည် မိမိတို့၏ လက်တွင်း၌ ယခုရောက်ရှိနေ၏။ ရှေးသူတော်ကောင်းတို့၏ကျေးဇူးကား ဆပ်၍မကုန်နိုင်အောင် ကြီးမားလှပါဘိ ။

မျက်မှောက်ခေတ် (ဆရာ၊ဒကာ) ရဟန်းနှင့်လူ ဆိုသည်မှာ တကယ့်ရဟန်းနှင့် တကယ့်လူ ဒါယကာ–ဒါယိကာမများကို ပဓာနနည်းအားဖြင့် ဆိုလိုခြင်းဖြစ်ပါ၏။ ထိုဆရာ ဒကာ (ရဟန်းနှင့်လူ)တို့၏ ရုပ်ပိုင်း နာမ်ပိုင်း (အတွင်း အပြင်) စွမ်းအင်များနှင့် ဘုန်းကံအနိမ့်အမြင့်၊အတက်အကျသည် မျက်မှောက်သာသနာတော်အား တိုးတက်မှု (သို့မဟုတ်) ဆုတ်ယုတ်မှုကို ဖြစ်ပေါ်စေလျက်ရှိပါ၏ ။ သတိ၊ ပညာမျက်စိရှင်တို့က ထိုမြင်ကွင်းကို ကောင်းစွာမြင်နေကြပါ၏ ။

ယင်းသို့ဆိုသော် **တကယ့်ရဟန်းဟူသည်** အဘယ်နည်း။

❀ မြတ်ဗုဒ္ဓ၏ အဆုံးအမတော်အားလုံးကို ခြွင်းချက်မထား၊

လုံးဝလိုက်နာ ကောင်းစွာကျင့်သူ၊အသက်ဟူသော အကြောင်းကြောင့်သော်မျှ သီလသိက္ခာကို မစွန့်သူ၊ သိက္ခာပုဒ်တစ်ပုဒ်သည် သာသနာ(ဘုရားအဆုံးအမ)တစ်ခု၊ ထိုသာသနာတစ်ခုသည် သဗ္ဗညုတဉာဏ်တော်ကြီးကို ကိုယ်စားပြုသည့်အရာ၊ထိုဉာဏ်တော်ကြီးအတွက် ဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ရင်းနှီးစွန့်စား တည်ဆောက်ခဲ့ရသည်ဟု ပြက်ပြက်ထင်ထင် သက်ဝင်ယုံကြည်သူ ။ (သမာဓိသိက္ခာ၊ ပညာသိက္ခာတို့၌လည်း ထိုနည်း အတိုင်း ပင်တည်း ။)

ကာမသုခလ္လိက၊ အတ္တကိလမထ ဟူသော လက်ယာ၊ လက်ဝဲ အစွန်းနှစ်ဘက်ကိုရှောင်၍ မဇ္ဈိမပဋိပဒါအကျင့်မြတ်အတိုင်း ဖြောင့်မတ်စွာကျင့်သူ၊ လူကျင့်၊ တိတ္ထိကျင့်တို့ကို ဝေးစွာရှောင်သဖြင့် လူစော်၊ တိတ္ထိစော်မနံသူ။

❀ ဂုဏ်လာဘ် အကျော်အစောဟူသော လောကအာမိသကို လုံးလုံးမငဲ့၊ နိဗ္ဗာန်ရရေး (သို့) ပါရမီကုသိုလ် ဖြစ်ရေးမှ တစ်ပါး၊ တခြားဘာကိုမျှ မလိုလားသူ၊သိက္ခာ ၃–ရပ် ကြား မလပ်အောင် ဖြည့်ကျင့်ခြင်းဖြင့် အစွန်းအညစ်မထင် အလွန်ဖြူစင်သူ ။

❀ တိုင်းသူပြည်သားတို့၏ ရှိသေသမှုပြုအပ်သော လျှုဒါန်းခြင်းများနှင့် ထိုက်တန်လျော်ကန်အောင် ကျင့်သူ၊ 'အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဥ္ဇတိ' ဟူသော အမိန့်တော်သံကို ဦးထိပ်ပန်၍ မေတ္တာဘာဝနာ၊ဈာနဘာဝနာ၊ သတိပဋ္ဌာန်ဘာဝနာစသော ဘာဝနာတစ်မျိုးမျိုးကို ပွားစေလျက် မိမိ၏ဂုဏ် အရည်အသွေးကို တိုးမြှင့်ကာ ပြည်သူတို့၏ ဆွမ်း(ပစ္စည်းလေးပါး) ကို အကျိုးကြီးအောင် ချီးမြှောက်သူ ။

❖ သာသနာတော်အရေးနှင့် ပတ်သက်လျှင် ဘယ်တော့မျှ ကြောင့်ကြမဲ့မနေ၊ပညာသတိ အမြဲရှိနေသူ၊ သာသနာတော် အရှည်ခံ့ထည်ထွန်းကားရေးအတွက် သာသနစိရဋ္ဌိတိက စိတ်ဓာတ် ထက်သန်ပြင်းပြသူ၊ သာသနာရေးနှင့် စပ်သည့် မည်သည့်ကိစ္စကိုမျှ လျော့ရဲရဲပြုလေ့မရှိ၊ ကိစ္စခပ်သိမ်းကို လေးလေးနက်နက် စေ့စေ့စပ်စပ်ဆောင်ရွက်တတ်သူ၊ သာသနာတော် ရေရှည်တည်တံ့ရေးအတွက် ပရိယတ္တိ (သို့ မဟုတ်) ပဋိပတ္တိလုပ်ငန်း တစ်မျိုးမျိုးကို အခြေခံကာ တပည့်ပရိသတ်ကို ချီးမြှောက်လျက် သာသနာကို ထိန်းရာ၌ ဆရာရော တပည့်ပါ သိက္ခာ ၃-ရပ် မတိမ်းချွတ်စေဘဲ၊ သာရသာရ ပရိဝါရ(အနှစ်ကို အနှစ်ရံသော)သာသနာ့ကျက်သရေဆောင် ပရိသတ်မျိုးဖြစ်အောင် အစဉ်သတိရှိ စောင့်ရှောက်သူ ။ ထိုကဲ့သို့သော လဇ္ဇီလူတော်ကောင်းမျိုးကို **'တကယ့်ရဟန်း'**ဟု ခေါ်ဆိုသမုတ်ကြလေသည် ။

## 'တကယ့် (လူ) ဒါယကာဒါယိကာမ' ဟူသည် အဘယ်နည်း။

အဆင့်မြင့်လက်ရွေးစင် ဥပါသကာဂုဏ်ရည်တို့သည် (၁၀) ချက်ရှိကုန်၏။မိလိန္ဒမင်းကြီးအား အရှင်နာဂသိန် ရဟန္တာမထေရ်မြတ်ကြီးက ဟောခဲ့ခြင်းဖြစ်၏။ မိလိန္ဒပဉှာပါဠိတော်၌လာ၏။

ယင်းတို့မှာ-

၁။ ရဟန်းသံဃာနှင့် တူမျှသော ချမ်းသာ ဆင်းရဲရှိခြင်း။

၂။ တရားတော်လျှင် ကြီးမှူးပိုင်စိုးထားခြင်း ။

၃။ ပစ္စည်းအင်အားအလျောက် ဝေဖန်ခွဲခြမ်း လှူဒါန်းခြင်း။

၄။ ဘုရားသာသနာဆုတ်ယုတ်မည်ကိုကြားသိတွေ့မြင်ခဲ့သော် တိုးတက်စည်ပင်ခြင်းငှာ လုံ့လစိုက်ထုတ်ခြင်း။

၅။ မှန်ကန်သော အယူဝါဒရှိခြင်း ။
၆။ ကိုယ်နှုတ်စောင့်စည်းခြင်း။
၇။ လူအထင်ကြီးရုံမျှ သာသနာရေးကို မပြုလုပ်ရခြင်း။
၈။ ဘုရားကို ကိုးကွယ်ခြင်း ။
၉။ တရားကို ကိုးကွယ်ခြင်း ။
၁၀။ သံဃာကို ကိုးကွယ်ခြင်းတို့ ဖြစ်၏ ။

ထိုဂုဏ်ရည်များ၏ အတွင်းသား တရားကိုယ်တို့မှာ (ရတနာ ၃–ပါး) သာသနာနှင့် သံဃာအပေါ် ထားရှိအပ်သော မေတ္တာဓာတ်၊ သဒ္ဓါဓာတ်၊ပညာ ၊ ဝီရိယ၊ စာဂ(စွန့်ကြဲခြင်း)၊ သီလ၊ သတိ၊ သံဝရ (စောင့်စည်းခြင်း) ၊ဥဇု( ရိုးဖြောင့်ဂုဏ် )တို့ပင် ဖြစ်၏ ။ ထိုဂုဏ်ရည် (၁၀)ချက်တွင် လေးခုမြောက်ဂုဏ်ကို အထူးသတိပြုရမည်ဟု ပညာရှိသူတော်ကောင်းကြီးတို့ မိန့်မှာတော်မူခဲ့ကြကုန်၏။ အထူးသတိရှိကြလေ..........။

*မဟာဝိဟာရဆရာတော်*
*၁၃၆၇-ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့)။*

# သီဟိုဠ်ထာထနာနှင့် မြန်မာထာထနာ

(၁)

သူတော်ကောင်းတရား ရှည်မြင့်စွာတည်တွန့်ရန် အားထုတ်ခြင်းကို သာသနာပြုသည် ဟုခေါ်ရ၏။ အတိတ်သာသနာတော်ခေတ်အဆက်ဆက်၌လည်းကောင်း၊ မျက်မှောက်ခေတ်၌လည်းကောင်း၊ သာသနာ့ထိပ်ခေါင်တင် ထေရ်ရှင်မြတ်ကြီးများနှင့် သာသနာ့ဒါယကာ (မင်းနှင့်ပြည်သူ)တို့သည် အနုဂ္ဂဟ(ချီးမြှောက်ခြင်း) နှစ်မျိုးဖြင့် သာသနာတော်ကို ချီးမြှောက်စောင့်ရှောက်ခဲ့ကြ၏။ ဆရာတော်များဘက်က ဓမ္မာနုဂ္ဂဟ (ဓမ္မဖြင့်ချီးမြှောက်ခြင်း)နှင့် ဒကာများဘက်က ပစ္စယာနုဂ္ဂဟ (ပစ္စည်းလေးပါးဖြင့်ချီးမြှောက်ခြင်း)တို့ဖြင့် တာဝန်ကိုယ်စီ ဦးထမ်း ပခုံးထမ်း ညီခဲ့ကြ၏ ။

ယင်းသို့ချီးမြှောက်ခြင်းဖြင့် သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းသံဃာတော်တို့ ပရိယတ်၊ ပဋိပတ်ကို ချမ်းသာစွာ အားထုတ်နိုင်စေရန်၊ ထိုသို့အားထုတ်တော်မူကြခြင်းဖြင့် သူတော်ကောင်းတရား ရှည်မြင့်စွာသော ကာလပတ်လုံး တည်တံ့နေစေရန်ဟူ၍ အားသစ်ရည်သန်တော်မူခဲ့ကြ၏ ။

ယင်းကျေးဇူးကြောင့်ပင် ထေရဝါဒသာသနာမြစ်ကြီးသည် နှစ်ပေါင်း ၂၅၀၀ ကျော် ရှည်လျားသောခရီးကို သန့်ရှင်းစွာ ရှင်သန်

စီးဆင်းနိုင်ခဲ့ပြီ မဟုတ်လော။

(၂)

သာသနာတော်ကို စောင့်ရှောက်ကြရာ၌ ပရိယတ္တိအဓိကမှုနှင့် ပဋိပတ္တိအဓိက မှုဟူ၍ မှု(၂)မျိုးရှိခဲ့သည်ကို သတိမူသင့်ပါ၏။ ဤနေရာ၌ သီဟိုဠ်နှင့် မြန်မာသာသနာမြစ်ကြီးနှစ်စင်း စီးဆင်းဖြတ်သန်းခဲ့ပုံ အတိတ်ခရီးကို တစေ့တစောင်း ပြန်လှည့်ကြည့်ရသော်… သီဟိုဠ်နှင့် မြန်မာတို့သို့ သာသနာတော်သည် သီရိဓမ္မာသောက မင်းတရားခေတ်ကပင် မရှေးမနှောင်း ရောက်ရှိလာခဲ့သော်လည်း သာသနာတော် (ပရိယတ္တိ) အထူးစည်ပင်ရာတွင်ကား သီဟိုဠ်သည် မြန်မာထက် နှစ်( ၆၀၀ )စောခဲ့သည်ဟု အဆိုရှိ၏ ။ ထိုနှစ်(၆၀၀)ကာလ သီဟိုဠ်၏ သာသနာတော် ရွှေခေတ်တွင် ပရိယတ္တိသာသနာ အထူးစည်ပင်ခဲ့သကဲ့သို့ ပဋိပတ္တိသာသနာလည်း အထူးထွန်းကားခဲ့ပါသည်။ သို့ရာတွင် ယင်းကာလ၏ နောက်ပိုင်း၌ သီဟိုဠ်သည် ပရိယတ္တိဘက်တွင် အားနည်း၍ ပဋိပတ္တိဘက်တွင် အားသန်သွားခဲ့၏။ ထို့နောက် တစ်စတစ်စ ဝိနည်းဘက်တွင် လျော့ရဲလာခဲ့၏။

မြန်မာကတော့ ဝိနည်းအဓိက ပရိယတ္တိမှုဖြင့် သာသနာကို မတိမ်းမစောင်း ထိန်းသိမ်းထားနိုင်ခဲ့၏။ နေ့ပရိယတ် ၊ ညပဋိပတ်ဟု မူချလျက် သင်ရင်းကျင့်၊ ကျင့်ရင်းသင်ခဲ့၏။ (သို့သော် များသောအားဖြင့် ပရိယတ္တိဘက်တွင် ပို၍သံယောဇဉ်ကြီးတော်မူခဲ့ကြ၏။) '**ဝိနည်းသည်အသက်၊ ပရိယတ္တိသည်ဘဝ**'ဟု ပြဋ္ဌာန်းတော်မူခဲ့ကြကုန်၏။

ထိုအကြောင်းအရာနှင့်စပ်၍ ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီးက ဤသို့မိန့်တော်မူခဲ့ပေသည် ။

"**ပရိယတ္တိဟာ မူလပဲ၊ သီဟိုဠ်ကျွန်းနဲ့ မြန်မာပြည်ကြည့်။ တိုတိုပြောမယ်၊ သီဟိုဠ်ကျွန်းက ပဋိပတ္တိသန်**

တယ်၊ မြန်မာပြည်က ပရိယတ္တိသန်တယ်။ သီဟိုဠ်ကျွန်းက ပဋိပတ္တိမှာ ဘယ်လောက်သန်ပြီးတော့ ဘယ်လိုဖြစ်သွားသလဲဆိုရင် စာထဲမှာ ပါလာတာက ရဟန္တာမဖြစ်ဘူးတဲ့ ကျောင်း၊ လိုဏ်ဂူ၊ ဇရပ်၊ သစ်ပင်အောက်ရယ်လို့ မရှိတော့ဘူးတဲ့၊ ဖြစ်တဲ့နေရာချည်းပဲတဲ့။ သူတို့ဆိုတာက အဲသလိုဆိုတာပဲ ။

အဲဒီရဟန္တာ မဖြစ်ဘူးတဲ့နေရာမရှိတဲ့ သီဟိုဠ်ကျွန်းကြီး ခုဘယ်လို ဖြစ်နေသလဲလို့၊ သေသေချာချာ စစ်ကြည့်ရင် ဝိနည်းသာသနာလည်း မရှိသလောက်ဖြစ်သွားပြီ၊ အဘိဓမ္မာဆိုတဲ့ ဥစ္စာကလည်း မရှိသလောက်ဖြစ်နေပြီ၊ အဘိဓမ္မာ သာသနာလည်း သူတို့ဆီ ကွယ်သလောက်ဖြစ်နေတာပဲ၊ ဝိနည်းသာသနာလည်း ကွယ်သလောက်ဖြစ်နေတာပဲ၊ သုတ္တန်ကတော့ သူတို့မှာ ရှိသေးတယ်။

မြန်မာပြည်က စာထဲများ လာတာလည်း မတွေ့ရဘူး ရဟန္တာ ဘယ်က ဘယ်လောက်ဖြစ်တယ်၊ ဘယ်ပုဂ္ဂိုလ်ဖြစ်တယ်ဆိုတာလည်း မတွေ့ရဘူး၊ နည်းနည်းပါးပါးလေး ကြားဖူးရုံမျှသာဖြစ်တယ်။

အဲဒီ ပရိယတ္တိသန်တဲ့ မြန်မာပြည်နဲ့ ပဋိပတ္တိသန်တဲ့ သီဟိုဠ်ကျွန်း ဘယ်လိုဖြစ်နေကြသလဲ။ ဟော‥ အခုမြန်မာပြည်မှာ ပရိယတ္တိတိုက်ကြီးတွေ သေသေချာချာရှိနေတယ်၊ တကယ့်ပရိယတ္တိတိုက်ကြီးတွေ၊ တကယ်တတ်နေတဲ့ ပရိယတ္တိပုဂ္ဂိုလ်ကြီးတွေ အခုထက်ထိ မြန်မာပြည်မှာ ရှိနေတုန်းပဲ။

ရှိနေတော့ မြန်မာပြည်က ဘာဖြစ်နေသလဲ၊၊ တစ်ခါတည်း ပရိယတ်တတ်နေတဲ့ ပုဂ္ဂိုလ်တွေက ဆင့်ပွား

ပြီးတော့လုပ်နေတဲ့ ပဋိပတ္တိတိုက်ကြီးတွေလည်း ရှိလာတယ်၊ အဲဒါ ဘာပြုလို့လဲ။ ပရိယတ္တိအားကောင်းလို့။ ဒီတော့ ပဋိပတ္တိကို သွားနိုင်တယ်၊ပဋိပတ္တိဘက်ကို လှည့်နိုင်တယ်။

သီဟိုဠ်ကျွန်းက ဘာဖြစ်သွားသလဲ။ ပရိယတ္တိ သူတို့မှာမှ မရှိဘဲပဲ၊ မရှိတော့ ပဋိပတ္တိလည်း သူတို့မှာ ပျောက်ကုန်ပြီ၊မရှိတော့ဘူး။ ဒါ့ကြောင့်မို့ မြန်မာပြည်က ပဋိပတ္တိနည်းကို ယူပြီးတော့ သူတို့ လုပ်နေရတာ။ ဘာမျှမရှိတော့ဘူး။အဲဒါ ပရိယတ္တိနဲ့ ပဋိပတ္တိကွာခြားပုံ''

*စာ-၄၇၀ ၊ ၄၇၁*

*(ဝိသုဒ္ဓါရုံကျောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ)*

(၃)

'ပရိယတ္တိ သာသနဿ မူလံ'(ပရိယတ္တိသည် သာသနာတော်၏ အရင်းအမြစ်ပေတည်း။)'ဝိနယော နာမ သာသနဿ အာယု'(ဝိနည်းသည် သာသနာတော်၏ အသက် ဝိညာဏ်ပေတည်း။)

ဤအဆိုအမိန့်နှစ်ခုသည် ရှေးမြန်မာသာသနာတော်အပေါ် လုံးဝသြဇာသက်ရောက်ခဲ့ခြင်းမှာ မြန်မာတို့အဖို့ အလွန်မှကံကောင်းလှပါ၏ ။ ထိုကြောင့်လည်း ထောင်စုနှစ်နှင့်ချီ၍ သာသနာထွန်းကားလာခဲ့သော ဓမ္မနိုင်ငံတော်၊ ယနေ့ကမ္ဘာ၌ ပြိုင်ဘက်မဲ့ တစ်ခုတည်းသော ထေရဝါဒနိုင်ငံတော်အဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်၏ ။

သို့သော် ကံကောင်းခြင်းအမွေကို ဆက်ထိန်းထားဖို့ မိမိ

တို့တွင် သဒ္ဓါ၊ သီလ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ စသော စွမ်းအားများ များစွာလိုအပ်ပါလိမ့်မည်။ ဆုတ်ခေတ်၏ ဆုတ်ယုတ်ခြင်း အလျဉ်သည် သာသနာတော်ကို တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်၍ တစ်ဖုံ၊ အရှိန်အဟုန်ဖြင့် စီးဝင်လာတော့၏။ ဘောင်ဘင်ခတ်စေ၏။ ဤအခြေအနေ၌ ချဉ်းကပ်မှုမမှန်သော ပရိယတ္တိသည် သာသနာတော်ကို ရေရှည်ထိန်းထားနိုင်ပါမည်လော၊ ဝိနည်း(သီလ)မပါဘဲ အနှစ်သာသနာတော်ကို တည်ဆောက်နိုင်၊ စောင့်ရှောက်နိုင်ပါမည်လော။ ဉာဏ်ဖြင့်သက်ဝင် ဆင်ခြင်သင့်ပေစွ။

ဝိနည်းအဓိက ပရိယတ္တိမူလဟူသော ရှေးလမ်းရိုးဟောင်း (မူဟောင်း) ပျောက်ဆုံးသွားပါက (ဝါ) ပျက်စီးသွားပါက သာသနာတော်နှင့်အတူ မြန်မာတို့၏ မဟာကျဆုံးခြင်းပင် ဖြစ်ရပေလိမ့်မည်။

**အထူးသတိရှိကြပါလေ သူတော်ကောင်းတို့. . . . ။**

*မဟာဝိဟာရဆရာတော်*

*၁၃၆၇-ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း၊(၁၀)ရက်။*

## ရှစ်နှစ်ဆူ လူတစ်ယောက်

သမိုင်းဖြစ်ရပ်တို့မည်သည် တစ်ခါတစ်ရံ၌ ဆန်းကြယ်လှ၏။ မမျှော်လင့်အပ်သော ထူးဆန်းသည့် တိုက်ဆိုင်မှုများ ဖြစ်ပေါ်လာတတ်၏။ သာသနာသုံးရာစုနှစ်(သာသနာနှစ် ၂၀၀ မှ ၃၀၀ အတွင်း) ကား အလွန်ထူးခြားသော နှစ်ပေတည်း။ ထိုရာစုနှစ်၏ အစောပိုင်းတွင် ဇမ္ဗူဒိပ် (အိန္ဒိယ)မှ ပြင်ပကမ္ဘာသို့ ဓမ္မရောင်ခြည်များ ပြိုးပြက်လင်းလက်ဖို့ရန် ပင်မအကြောင်းကြီး သုံးခု ဆုံစည်းမိလေ၏။ ကမ္ဘာသူကမ္ဘာသားတို့ ဘုန်းကံထူးတော့မည့် လက္ခဏာပင်တည်း။ အမိုက်အတိပြီးသော ဇမ္ဗူဒိပ်ပြင်ပ ကမ္ဘာမြေတွင် သူတော်ကောင်းတရား ရောင်နီပျိုးပေတော့မည်။

- ❀ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာမထေရ်မြတ်ကြီးသည် သာသနာတော် သန့်တည်ပြန့်ရေး စီမံချက်ကြီးများ အကောင်အထည်ဖော်ရန် ထက်သန်ပြင်းပြသော ဆန္ဒတော်များဖြင့် ဂင်္ဂါမြစ်ညာဒေသ (အဟောဂင်္ဂါတောင်)၌ အချိန်ကာလကို ငံ့လင့်စောင့်ကြိုတော်မူလျက် ရှိလေ၏ ။ ဤမထေရ်မြတ်ကား ဝိနည်းအရာမှာ တေဒဂ်ရတော်မူသော အရှင်ဥပါလိမထေရ်မြတ်ကြီး၏ ငါးဆက်မြောက် တပည့်ကြီးပင်ဖြစ်ချေ၏ ။

❁ ထိုအချိန်ဝယ် အသောကမင်းသည် ဇမ္ဗူဒိပ်၌ တစ်ပါးတည်းသော မဟာကေရာဇ် ဖြစ်လာခဲ့၏ ။ သို့သော် ရတနာသုံးပါးကို ကြည်ညိုသူ ဥပါသကာ မဖြစ်သေးချေ။ဂိုဏ်းဘာသာကို ချီးမြှောက် ကိုးကွယ်နေချိန်တည်း။ ဤအခြေအနေ၌ အသောကမင်းအတွက် အလိုအပ်ဆုံးအရာကား ကလျာဏမိတ္တမည်သော သူတော်ကောင်းပညာရှိနှင့် တွေ့ဆုံပေါင်းသင်းရေးပင်ဖြစ်၏ ။

❁ ထိုအချိန်တွင် သာသနာ့သမိုင်း၏ တောင်းဆိုချက်အရ (၇)နှစ်အရွယ် ရဟန္တာသာမဏေငယ် ရှင်နိဂြောဓ ပေါ်ထွန်းတော်မူလာခဲ့၏။ တစ်နေ့သ၌ အသောကမင်းကြီးသည် ရှင်နိဂြောဓသာမဏေကို မမျှော်လင့်ဘဲ ဖူးတွေ့ခွင့်ရ၏။ မြတ်ဗုဒ္ဓ၏ တရားတော်ကို နာခွင့် သိခွင့်ရလေပြီ။ ရှင်နိဂြောဓသည် ဘုရင်ကြီး၏ နှလုံးအိမ်၌ သာသနာ့ပန္နက်ကို တစ်ထိုင်အတွင်း ကောင်းစွာရိုက်တော်မူလေ၏။ မင်းကြီး၏ မိစ္ဆာအယူကို ပျောက်လွင့်စေ၏။ သမ္မာဒိဋ္ဌိဉာဏ်အလင်း၌ သက်ဝင်စေ၏။ လက်နက်အင်ပါယာသခင် စစ်ကြူးလှသောဘုရင်ကြီး အသောကသည် သာသနာ့သမိုင်း၌ ကျေးဇူးအကြီးမားဆုံးသော သာသနာပြု ဓမ္မရာဇာ သီရိဓမ္မာသောကအဖြစ် တစ်မုဟုတ်ချင်း ပြောင်းလဲသွားခဲ့လေတော့သည်။

မောဂ္ဂလိပုတ္တတိဿ ရဟန္တာမထေရ်မြတ်ကြီးလည်း သီရိဓမ္မာသောကမင်းတရားကြီး၏ ပစ္စယာနုဂ္ဂဟ(ပစ္စည်းဖြင့် ထောက်ပံ့ခြင်း)နှင့် အာဏာစက် အကူအညီကို ရယူ၍(ဝါ)ဆရာဒကာ ဓမ္မစက်၊ အာဏာစက်ပူးပေါင်း၍ အနာဂတ် သာသနာတော်အတွက် အလွန်အရေးကြီးသော သာသနာပြုလုပ်ငန်းကြီးသုံးရပ်ကို ဆောင်ရွက်တော်မူနိုင်ခဲ့ကြ၏။ ယင်းတို့မှာ (၁) မိစ္ဆာဝါဒီတို့ သာသနာတွင်း ဝင်ရောက်မွှေနှောက်ပူးသတ်ခြင်းဟူသော သာသနာ့အန္တရာယ်ကို သုတ်သင်ရှင်းလင်း

တော်မူကြခြင်း၊ (၂)ဓမ္မဝါဒီ လဇ္ဇီသူတော်ကောင်းတို့၏ ညီညွတ်မှုအားဖြင့် တတိယသင်္ဂါယနာ တင်တော်မူကြခြင်း၊ (၃) အခြေအနေအရပ်ရပ်အရ သာသနာတော်ကို ဇမ္ဗူဒိပ်ပြင်ပသို့ ပြန့်စေတော်မူခြင်း၊ ကိုးတိုင်းကိုးဌာန သာသနာပြုစီမံကိန်းကြီးကို အထူးအကောင်အထည်ဖော်တော်မူကြခြင်းတို့ဖြစ်၏ ။

အကယ်၍ ထိုလုပ်ငန်းကြီးသုံးရပ်ကို (အကြောင်းတစ်ခုခုချို့တဲ့မှုကြောင့်) ထိုခေတ် ထိုအခါက အချိန်ကိုက် မဆောင်ရွက်နိုင်ခဲ့သော် ထိုသာသနာ သုံးရာစုနှစ်ကပင် သာသနာနေမင်းသည် တဖြည်းဖြည်းအားဆုတ်ကာ မူလပေါ်ထွန်းရာ အိန္ဒိယနိုင်ငံမှာပင် ဆီးနှင်းမြူတိမ် သူရိန်မီးခိုး အညစ်မျိုးတို့ကြောင့် ကွယ်ပခဲ့လေရာ၏။

* * * * *

ဤသမိုင်းဖြစ်ရပ်၌ သိရိဓမ္မာသောကမင်းကြီး၏ အတိတ်ဘုန်းသမ္ဘာ ကြီးမားပုံကို အထင်အရှား တွေ့မြင်နိုင်ပါ၏။ အထူးသဖြင့် နိဂြောဓသာမဏေနှင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အစရှိသော ပညာရှိသူတော်ကောင်းကြီးများကို ဆည်းကပ်မှီခို ဩဝါဒခံယူရခြင်း၊ ထိုသူတော်ကောင်းကြီးများ၏ ချီးမြှောက် စောင့်ရှောက်မှုကို ကောင်းစွာခံယူရရှိခြင်း (သပ္ပုရိသူပနိဿယ) အခွင့်ထူးပင် ဖြစ်တော့၏။ **(သာသနာပြုမည့်သူ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၌ ဤအချက်သည် အလွန်အရေးကြီးလှကြောင်း မှတ်သားထိုက်ပေသည်)**

တစ်ဖန် သာသနာစောင့် ရှေးရဟန္တာမထေရ်မြတ်ကြီးများသည် သာသနာ့အရေးတွင် ကြောင့်ကြမဲ့ နေတော်မမူကြဘဲ လုံ့ဝတာဝန်ကျေတော်မူခဲ့ကြပုံ၊ ဝီရိယတော်၊ တန်ခိုးတော်နှင့် ဉာဏ်တော်စေစား စွမ်းပကားတော်တို့ဖြင့် စောင့်ရှောက်တော်မူခဲ့ကြပုံများမှာ

အံ့ချီးဝမ်းသာ ကြည်ညိုဖွယ်ရာအတိ ဖြစ်လေတော့၏။

ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်အလောင်းလျာ ရှင်တိဿအား အရှင်သိဂ္ဂဝထေရ်နှင့် အရှင်စဏ္ဍဝဇ္ဇိထေရ်မည်သော ရဟန္တာမထေရ်ကြီး နှစ်ပါးတို့သည်လည်းကောင်း၊ နိဂြောဓသာမဏေအား အရှင်ဝရုဏမည်သော ရဟန္တာမထေရ်ကြီးသည်လည်းကောင်း လူဘောင်မှ သာမဏေဘောင်အရောက် ခက်ခဲပင်ပန်းစွာ ဆောင်ကြဉ်းကြကုန်၍ ပရိယတ်မျိုးစေ့ကို ရှေးဦးစွာ ချတော်မူကြ၏။ နောက်ပဋိပတ်၊ ပဋိပတ်မှ ပဋိဝေဓတိုင်အောင် အထွတ်အထိပ်ရောက်သည်အထိ အစွမ်းကုန် ချီးမြှောက်တော်မူကြရင်း ပရိနိဗ္ဗာန် စံဝင်တော်မူကြလေ၏ ။

* * * * *

ဓမ္မဝိနယ သာသနာတော်ကည်းဟူသော ခေါက်ရှာငှက်မင်းသည် ယနေ့ခေတ်တွင် မည်သည့်အနေအထားမျိုးဖြင့် ပျံသန်းနေရပါသနည်း။ အဖြေကား ထင်ရှားလှပါ၏။ အမျိုးဘာသာ သာသနာ့အရေးတွင် အစဉ်သဖြင့် သတိဉာဏ်ရှိတော်မူကြကုန်သော (ဆရာ ဒကာ) သူတော်ကောင်းတို့သည် အနာဂတ်သာသနာတော်အတွက် အကျင့်နှင့် စိတ်ဓာတ်ကောင်းမွန်သော ရှင်သူငယ်လေးများကို ဝိနည်းအမိက၊ ပဋိပတ်မကင်းသော ပရိယတ်မှုဖြင့် လေ့ကျင့်ပျိုးထောင်နေကြလေသည်။ သို့သော် ထိုအသိအမြင်မျိုးဖြင့် ဆောင်ရွက်နေကြသော အင်အားစုများမှာ ပြောပလောက်အောင် မကျယ်ပြန့်သေးချေ။ ဖြစ်နိုင်လျှင် နိုင်ငံနှင့်အဝန်း သာသနာပျံ့နှံ့ရာ ဒေသအားလုံးမှာ ရှင်တိဿစီမံကိန်း၊ ရှင်နိဂြောဓစီမံကိန်းများကို အချိန်မလင့်မီ အကောင်အထည်ဖော်နိုင်ကြမှသာလျှင် ဓမ္မဝိနယသာသနာတော်သည် ဤဓမ္မနိုင်ငံတော်၌ ရှည်မြင့်စွာ တည်တွန်းရစ်ပေလိမ့်မည်။

သို့ဖြစ်၍ "သာသနာပြု တစ်ရက်နောက်ကျသွားရုံနဲ့ သာသနာသက် နှစ်ပေါင်းများစွာ ဆုတ်ယုတ်သွားနိုင်တယ်" ဟူသော ရှေးမထေရ်ကြီးတို့၏ မိန့်မှာချက်ကို အစဉ်သတိရှိကြစေကုန်သတည်း ။

*မဟာဝိဟာရဆရာတော်*
*၁၃၆၈-ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့)။*

# အနာဂတေ လဇ္ဇီ ရက္ခိဿတိ

(၁)

အနာဂတေ - နောင်အခါ၌၊ လဇ္ဇီ - လဇ္ဇီပုဂ္ဂိုလ်သည်၊ ရက္ခိဿတိ - သာသနာတော်ကို စောင့်ရှောက်ရစ်လိမ့်မည်။

**''နောင်အခါ၌ လဇ္ဇီပုဂ္ဂိုလ်သည် သာသနာတော်ကို စောင့်ရှောက်ရစ်လိမ့်မည်၊ လဇ္ဇီပုဂ္ဂိုလ်သည် သာသနာတော်ကို စောင့်ရှောက်ရစ်လိမ့်မည်၊ လဇ္ဇီပုဂ္ဂိုလ်သည် သာသနာတော်ကို စောင့်ရှောက်ရစ်လိမ့်မည်''**ဟူ၍ (၃)ကြိမ်တိုင်တိုင် ရှေးရဟန္တာမထေရ်ကြီးများ မြွက်ဆိုတော်မူခဲ့ကြကြောင်း အဋ္ဌကထာ မှတ်တမ်းရှိပါသည်။

ဤစကားတော်ဖြင့် သာသနာတော်၏ အရေးသည် လဇ္ဇီသူမွန် သီလဝန်ပုဂ္ဂိုလ်မြတ်တို့အပေါ်၌ လုံးဝတည်မှီလျက်ရှိကြောင်း တိုက်ရိုက်ညွှန်ပြနေပါသည်။ ဘုရားရှင်လက်ထက်တော်မှစ၍ မျက်မှောက်ခေတ်တိုင်အောင် (ဆရာ၊ တပည့် အဆက်ဆက်) သာသနာတော်ကို ပခုံးပြောင်း သယ်လာကြသူများမှာ အလဇ္ဇီရဟန်းယုတ်များ မဟုတ်ခဲ့ကြ၊ လဇ္ဇီရဟန်းကောင်းတို့သာတည်း၊ ဤအဓိပ္ပါယ်သည်လည်း ဖော်ပြပါစကားတော်၌ ဘာဝတ္ထအားဖြင့် ပါဝင်လျက်ရှိပါသည်။

စင်စစ်အားဖြင့် လဇ္ဇီသူမွန် သီလဝန်ပုဂ္ဂိုလ်တို့သာ မြတ်စွာဘုရား၏ သာသနာတော်ကို သန့်ရှင်းစွာ တည်ထွန်းပြန့်ပွားအောင် ဆောင်ရွက်နိုင်ကြ၍ အလဇ္ဇီပုဂ္ဂိုလ်ယုတ်တို့သည်ကား သာသနာတော်ကို မပြုနိုင်၊ ပျက်စီးအောင်သာ ဖျက်စွမ်းနိုင်ကြပါသည်။

ထိုအကြောင်းအရာကို စတုဗ္ဗိဓဝိနယကထာ၌ ဤသို့မိန့်ဆိုထားပါသည်။

အလဇ္ဇီပုဂ္ဂိုလ်သည် များသောသုတရှိပါသော်လည်း (စာပေကျမ်းဂန် တတ်ကျွမ်းပါသော်လည်း) လာဘ်၌ အလေးပြုသူ၏ အဖြစ်ကြောင့် ဝိနည်းပါဠိတော်အစဉ်ကို ချွတ်ယွင်းစေ၍ မြတ်စွာဘုရား၏ သာသနာတော်ကို (ဥဒ္ဓမ္မံ=) ထွက်သွားသော ဓမ္မရှိသည်ကို(ဝါ)ဓမ္မ မဟုတ်အောင်၊(ဥဗ္ဗိနယံ=) ထွက်သွားသော ဝိနည်းရှိသည်ကို (ဝါ) ဝိနည်းမဟုတ်အောင် ပြုပြီး၍ သာသနာတော်၌ ကြီးစွာသောဘေးရန်ကို ပြုတတ်၏။သံဃာ၏ ကွဲပြားခြင်းကိုသော်လည်းကောင်း၊ သံဃာကွဲဖို့ရန် အက်ကြောင်း(သံဃရာဇိ)ကိုသော်လည်းကောင်း ဖြစ်စေ၏ ။

လဇ္ဇီပုဂ္ဂိုလ်သည်ကား ကုက္ကုစ္စရှိ၏။ (အဏုမြူသဖွယ် သေးငယ်ကုန်သော အပြစ်တို့၌သော်မှ ဘေးဟုရှုမြင် ကုက္ကုစ္စဝင်၏။)

သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော သိက္ခာ(၃)ပါး အကျင့်တရားကို မြတ်နိုးလိုလားသည်ဖြစ်ရကား အသက်ဟူသော အကြောင်းကြောင့်လည်း ဝိနည်းပါဠိတော်အစဉ်ကို မချွတ်ယွင်းစေမူ၍ (တစ်မျိုးတစ်ဖုံအားဖြင့် မပြုမူ၍ )ဓမ္မကိုသာ...၊ ဝိနည်းကိုသာ..ပြု၏။ မြတ်စွာဘုရား၏ သာသနာတော်ကို အလေးပြု၍ထား၏၊

(ပ)ဤသို့လျှင် အကြင်ပုဂ္ဂိုလ်သည် (လဇ္ဇီ=) မကောင်းမှုမှ ရှက်ခြင်းရှိ၏၊ ထိုပုဂ္ဂိုလ်သည် ဝိနည်းကို မစွန့်ဘဲ မလွန်ကျူးဘဲ ဝိနည်းအကျင့်၌ တည်၏၊ ကောင်းစွာတည်၏"

*(ဝိ၊၄၊၁၊၂၀၀)*

(၂)

ထောင်စုနှစ်နှင့်ချီ၍ ရွှေထီးဆောင်းလာခဲ့ရသော မြန်မာသာသနာ့သမိုင်းကြောင်း . . .။ ခေတ်အဆက်ဆက် သာသနာစောင့်မထေရ်ကြီးများနှင့် သူတော်ကောင်းတရားကို မြတ်နိုးသူ (မင်းနှင့်ပြည်သူ) သာသနာ့ဒါယကာ၊ ဒါယိကာမများသည် ပရိယတ္တိကျောင်းတိုက်ကြီးများကို တည်ထောင်ဖန်တီးကာ စာဝါများ နေ့မအားညမနားပို့ချ၍ ပစ္စယာနုဂ္ဂဟဖြင့် အစွမ်းကုန်ထောက်ပံ့ (နောက်ပိုင်းခေတ်၌ စာမေးပွဲကြီးများကျင်းပ)ကာ သာသနာပြုလာခဲ့ကြပါသည်။ ထိုသို့ကြိုးစားကြခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပရိယတ္တိ ကျွမ်းကျင်သော လဇ္ဇီသူတော်ကောင်းမျိုးဆက် အဆက်မပြတ်ပေါ်ထွန်းရေးပင်ဖြစ်ပါသည်။ ထိုရည်ရွယ်ချက်ကြီး အောင်မြင်ခဲ့သည်သာမက လှည်းဝင်ရိုးသံ ဘဝဂ်သို့ညံခဲ့၊သဇင်ပန်းနိုင်တို့လည်း ပြည်လုံးကြိုင်ခဲ့ မြိုင်ခဲ့ပါသည်။ သစ္စာအရောင် ဉာဏ်တန်ဆောင်တို့လည်း ပြောင်ပြောင်ဝင်းဝင်း တကယ့်ရတနာ ရွှေမြေအဖြစ် မဟာမော်ကွန်း ထူနိုင်ခဲ့ကြပါသည်။

* * * * *

ယနေ့ခေတ်ကမ္ဘာသည် ကလိယုဂ် ဆုတ်ကပ်၏ သရုပ်

သကန်တို့ ပို၍ ပို၍ ပီပြင်လာနေသည်။ ကိလေသာအာသဝေါ တိုးပွားဖွယ် အတိုက်အာရုံတရားများကား ကြောက်ခမန်း လန့်ခမန်း ထူပြောလာနေပါသည်။ အခြေအနေက သီလမြေ၌ ကြံ့ကြံ့တည်လိုသော နုနယ်သူတို့၏ ဣန္ဒြိယသံဝရသီလကို တုန်စေ လှုပ်စေ၊ ယိုင်နဲ့စေပါသည် ။

ပို၍တုန်လှုပ်ဖွယ်ကောင်းသည်မှာ ပရိယတ္တိသင်ရိုး ပြဋ္ဌာန်းချက်၌ အတန်းတိုင်းတွင် ဝိနည်းဘာသာရပ် ပါရှိသော်လည်း ***ဝိနည်းသင်တာ ကျင့်ဖို့*** ဟု(အများစု)မထင်ကြတော့၊ စာမေးပွဲဖြေဖို့အတွက် ဟုသာ ထင်ရှာကြလေပြီလားမသိ။ သို့ဖြစ်ရကား **ဝိနယော နာမ သာသနဿ အာယု= ဝိနည်းသည် သာသနာတော် (သူတော်ကောင်းတရား)၏ အသက်**ဟူသော အဆိုအမိန့်တော်ကို သဘောပေါက်နားလည် သိမြင်ဖို့ ပို၍ ပို၍ ခက်ခဲလာခြင်းပင်။

အာစာရ ကုလပုတ္တ– အကျင့်ကောင်းသော အမျိုးကောင်းသား ရှင်သာမဏေငယ်တစ်ပါးအား နောင်တစ်ခေတ်၌ သာသနာတော်ကို စောင့်ရှောက်ရစ်မည့် လဇ္ဇီသူတော်ကောင်း ပညာရှိဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်းကား ထင်သလောက်မလွယ်ကူတော့ကြောင်း နားလည်လာကြရပါသည်။

လမ်းရိုးဟောင်းဆီသို့ ပြန်လှည့်ရသော် ကောင်းလေစွ..။ ရှေးရှေးက မြန်မာဆရာ ဒကာတို့ သာသနာ့ခံတပ်ကြီးကို ကာကွယ်ခဲ့ကြပုံမှာ သီလကို လုံးဝအထိမခံ၊ အသက်နှင့် ထပ်တူမြတ်နိုးတော်မူခဲ့ကြပါသည်။ ပရိယတ္တိကို ဖြူစင်သော သဒ္ဓါတရားဖြင့် ရိုးသားကြိုးစားသင်ယူ ပို့ချ၊ သင်ရင်းကျင့်၊ ကျင့်ရင်းသင်၊ ဂုဏ်လာဘ် အကျော်အစောကို လုံးဝမငဲ့၊စာမေးပွဲအတွက် နေရာပင် မပေးခဲ့ကြပါ။ ယနေ့မြင်တွေ့နေရသော စာမေးပွဲမသမာမှု အနိဋ္ဌာရုံမြင်ကွင်းမျိုးကို အိပ်မက်ထဲမှာပင် မြင်ဖူးခဲ့ကြမည် မဟုတ်ချေ။

(၃)

မျက်မှောက်ခေတ် သီလသာသနာအကြောင်းကို လေ့လာမေးမြန်း ဆွေးနွေးလေ့ရှိသော ဝိနည်းကို မြတ်နိုးသည့် မထေရ်တစ်ပါးက ပဋိပတ်မကင်းသော ပရိယတ်စာသင်တိုက်များနှင့်စပ်၍ ဤသို့ မိန့်ဆိုဖူးပါသည်။

ရေချိုရေသန့်တစ်အိုး၊ ၄င်း၏ပတ်ပတ်လည်မှာ ဆားငန်ရေပင်လယ်ပြင်ကြီးက ဝန်းရံနေတယ်။ အိုးထဲက ရေချိုပင်လယ်ထဲ ဖိတ်စဉ်ကျသွားလျှင် ဆားငံရေဖြစ်သွားမယ်၊ ပင်လယ်ရေများ အိုးထဲဝင်လာပြန်လျှင်လည်း သောက်သုံးမရ၊ ရေချိုမှ ရေငန်ဘဝ ပြောင်းသွားမယ်။ ဒါကြောင့် မိမိတို့ ရေအိုးထဲမှ အနည်းငယ်သော ရေချိုရေသန့်များ မဖိတ်စဉ်ရလေအောင်၊ ပင်လယ်ရေများ အိုးထဲသို့ မဝင်ရလေအောင် သတိပညာကြီးစွာဖြင့် စောင့်ရှောက်ကြဖို့ အလွန်အရေးကြီးနေပါပြီ၊

* * * * *

ခေတ်အခြေအနေက မည်သို့ဖြစ်စေ ဓမ္မဝိနယသာသနာတော်၏ ကျေးဇူးတန်ဖိုးကို သိမြင်နားလည်ကြသူ(ဝါ) တာဝန်သိသူတို့၏ တာဝန်ကျေစွာ မဖြစ်မနေကြိုးစားမှုဖြင့် ဝိနည်းအဓိက ပရိယတ္တိကျောင်းတိုက်များ(လဇ္ဇီမျိုးဆက်သစ် လေ့ကျင့်ပျိုးထောင်ရေး ကျောင်းတိုက်များ)အကြောင်း ကြားရ၊ မြင်ရ၊ ကြည်ညိုရပါလျှင် ဘဝင်ချမ်းမြ ပီတိဖြစ်ကြရပါသည်။ သာဓု ခေါ်နေကြရပါသည်။ ကန္တာရအလယ်မှ စမ်းရေအိုင်များပင် မဟုတ်ပါလား ။

အချုပ်ဆိုရသော် မီးအိမ်ငယ်တို့၏ အလင်းပမာဏကို

သေးသေးငယ်ငယ်ဟု မထင်အပ်၊အမှောင်ထု ကြီးစိုးလာလေလေ အလင်း၏ တန်ဖိုးစွမ်းအား ကြီးမြင့်လေလေဖြစ်ကြောင်း ယုံကြည်မျှော်လင့် ထိုက်ပေသတည်း။

*မဟာဝိဟာရဆရာတော်*
*၁၃၆၉-ခုနှစ်၊ ကဆုန်လဆန်း( ၁၂ )ရက်၊*
*၂၇ - ၄ - ၂၀၀၇ (သောကြာနေ့) ။*

# ဒိဗ္ဗာနုဂတိကထာ

အရှင် ဝိဇ္ဇာနန္ဒ
(မဟာဝိဟာရ)
က စုစည်းဖော်ပြသည်